


တာရာဆိုက်
ဝင်းကြွယ်
သိုင်းသိုင်းချင်း
ပ+ဒု
နှစ်အုပ်တွဲ

စာမူခွင့်ပြုချက်အမှတ် –၂၃၅/၉၉ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် –၂၀၀/၉၉ (၃)
၁၉၉၉–ခုနှစ် (            ) လ
ပထမအကြိမ်
အုပ်ရေ – ၅၀၀
တန်ဘိုး –၂၄၀
ထုတ်ဝေသူ– ဦးဝင်းမြင့် (ဝင်းမြင့်အောင်စာပေ)
ခမှတ်–၃၁၅၊ ၂/၁–ရပ်ကွက်၊ထောက်ကြန့်တိုးချဲ့၊မင်္ဂလာဒုံ၊ရန်ကုန်မြို့
အတွင်းပုံနှိပ်– ဒေါ်တင်ရွှေ၊ အောင်ချမ်းသာပုံနှိပ်တိုက်
အမှတ်–၅၄/၉၃လမ်း၊ မင်္ဂလာတောင်ညွန့်။
မျက်နှာဖုံးပုံနှိပ် – ဒေါ်စိန်စိန်–ရောင်စဉ်အော့ဖ်ဆက်၊
အမှတ်–၁၆၃/၄၈လမ်း၊ ဗိုလ်တစ်ထောင်။
ဖြန့်ချိရေး – ဒေါ်မြင့်မြင့်သန်း
အမှတ်–၄၂၊ ဗိုလ်ချုပ်ဈေးသစ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

## အခန်း (၁)

## ရက်စက်ခြင်းဝေဒနာ

နေဝင်ဆည်းဆာအချိန်တွင် စုကျိုးမြို့သည် ကျက်ပျံမကဲ့ စည်ကားနေ၏၊ လမ်းများပေါ်တွင် လူတွေ ဥဒဟိုသွားလာ နေသည်။

အအေးလွန်သောဆောင်းရက်များ၌ အိမ်တွင်းပုန်းနေခဲ့ သူတို့သည် ဝတ်ကောင်းစားလှများဝတ်ကာ အပြင်သို့ထွက် လာကြ၏။

လမ်းပေါ်သို့ထွက်လာသူများ၌ စုကျိုးမြို့၏ဂုဏ်ထူးဆောင် မိသားစုဖြစ်သော မုယုံမိသားစုလည်းပါဝင်၏၊ မုယုံကျားကြီး ဟုခေါ်သော မုယုံအဘိုးအိုနှင့် သူ့ဇနီးအပြင် သူ၏တစ်ဦး

တည်းသော အသက်လေးဆယ်အရွယ်ရှိ သမီးနှင့် သူတို့၏ မြေးငယ်တို့ အစုအဝေးကြီး မင်းလမ်းပေါ်သို့ရောက်နေကြသည်။

မုယုံကျားကြီး၏အမည်ရင်းမှာ မုယုံကျန်းလီဖြစ်၏၊ မုယုံကျန်းလီ၏သမီးမှာ မုယုံချင်းဟုခေါ်ပြီး အသက်ဆယ့်ရှစ်နှစ်ဝန်းကျင်ခန့်ရှိသော လူငယ်လေး၏အမည်မှာ မုယုံကောင်းလီဖြစ်သည်။

မုယုံချင်းသည် အသက်လေးဆယ်အရွယ်သို့ ရောက်နေပြီဖြစ်သော်လည်း လှသေးကြွယ်ဆဲဖြစ်၏၊ သူက ပန်းနုရောင်နေဦးဝတ်စုံကိုဝတ်ထားသဖြင့် ပို၍လှပကျော့ရှင်းနေသည်။

လမ်းသွားလမ်းလာများက မုယုံအဘိုးအိုအားနှုတ်ဆက်ကြ၏၊ ထိုသို့နှုတ်ဆက်ရင်း လှသေးကြွယ်ဆဲဖြစ်သော မုယုံချင်းကို ငေးကြည့်သွားကြသည်၊ ကွယ်ရာသို့ အရောက်တွင် မုယုံချင်း၏အလှအကြောင်း ဝေဖန်ပြောဆိုကြ၏၊

မုယုံချင်းသည် ဖြတ်သန်းသွားလာသူတို့က သူ့အားငေးကြည့်သွားကြသည်ကို သတိပြုမိခြင်းမရှိချေ၊ သူသည် သားဖြစ်သူအားသာ တွဲလျက်လျှောက်ရင်း စည်စည်ကားကားလှုပ်လှုပ်ရှားရှားရှိနေသော ပတ်ဝန်းကျင်ကို စိတ်ကြည်နူးစွာ ကြည့်လာခဲ့၏။



စုကျိုးမြို့သည် ရွှေမြို့တော်ဟု ခေါ်ရလောက်အောင် မြို့တွင်း၌ဖြတ်သန်းနေသော တူးမြောင်းများစွာရှိ၏၊ ထိုတူးမြောင်းများ၌ လှေငယ်များဖြတ်သန်းသွားလာလျက်ရှိ၏၊ တူးမြောင်းဖြတ်သန်းရာလမ်းတစ်လျှောက်၌ တံတားငယ်ပေါင်းများစွာရှိ၏၊ ထိုတံတားများမှာ လှေသမ္ဗာန်များဖြတ်သန်းနိုင်ရန် ခုံးတံတားအဖြစ်တည်ဆောက်ထား၏။

'ဟိုမှာကြည့်စမ်းမေမေ....တူးမြောင်းထဲဖြတ်သန်းတဲ့ လှေသမားက အသက်ကြီးနေပေမယ့် ခွန်အားသန်မာတာပဲ၊ သူ့ဘေးကလှေတွေအားလုံးကိုဖြတ်ကျော်ပြီး ရှေ့ဆုံးကသွားနေတယ်'

မုယုံချင်းက မုယုံကောင်းလီညွှန်ပြသောလှေကို လှမ်းကြည့်၏၊ ထိုလှေမှာ ခေါင်းမိုးတပ်လှေလေးဖြစ်ပြီး အသက်ခြောက်ဆယ်အရွယ်အဘိုးအိုက လှေကိုလျင်မြန်စွာ လှော်ခတ်နေ၏၊ လှေကို အားကောင်းမောင်းသန် လူငယ်တစ်ယောက်ပမာ လှော်ခတ်နေသောအဘိုးအိုအား လှမ်းကြည့်ရင်း မုယုံချင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လူလေး....ဒီအဘိုးကြီးဟာ သာမန်လူမဟုတ်ဘူး၊ အဆင့်မြင့်သိုင်းပညာရှင်ကြီးတစ်ယောက်ပဲ၊ သူ့အတွင်းအားက ကောင်းလွန်းလို့ သူ့လှေက ဒါလောက်မြန်မြန် ပြေးနေတာပေါ့'

မုယုချင်းသည် အဘိုးအိုအားလိုက်ကြည့်ရင်း ခုံးတံတား တစ်ခုပေါ်မှမြင်ကွင်းကို သတိပြုမိသွား၏၊ ထိုမြင်ကွင်းမှာ မိန်းကလေးတစ်ယောက်အား လူသုံးယောက်က ဆွဲလားရမ်း လားလုပ်နေခြင်းပင်ဖြစ်သည်။

'ဟင်....ဒါဘယ်လိုဖြစ်တာလဲ'

မုယုချင်း၏စကားသံကြောင့် မုယုကောင်းလီကပါလှမ်း ကြည့်၏၊ ခုံးတံတားပေါ်၌ မိန်းကလေးတစ်ယောက်ကို ဆွဲ လားရမ်းလားလုပ်နေကြသည့်မြင်ကွင်းက သူ့မျက်နှာထားကို တင်းသွားစေသည်။

'စော်စော်ကားကားလုပ်နေတာ ဘယ်သူတွေလဲမသိဘူး'

မုယုကောင်းလီက မကျေမနပ်နှင့်မရွတ်ပြောဆိုရင်း ရှေ့ကိုပြေးထွက်မည်ပြု၏၊ မုယုချင်းက သူ့သားလက်ကို ဖမ်းဆွဲလိုက်သည်၊ သူ့မျက်လုံးအစုံကမူ ဆွဲလားရမ်းလား လုပ်နေသူထံမှ ခွာမရဘဲရှိ၏။

'ဖေဖေ'

မုယုချင်း၏ အသံတိုးတိုးညင်သာ တုန်တုန်ယင်ယင်နှင့်ခေါ် လာသည်၊ မုယုအဘိုးအိုက သမီးဖြစ်သူအား လှမ်းကြည့် လိုက်၏။

'သူ့ကိုခေါ်ထားပါ ဖေဖေ'



'ဘာဖြစ်လို့လဲသမီး'

'သားကိုခေါ်ထားပါ'

မုယုချင်းက သူ့သားကို ဖခင်အဘိုးအိုလက်ထဲ ထည့် လိုက်၏၊ ပြီး ပခုံးတစ်ချက်လှုပ်ကာ နေရာမှပြေးထွက်၏ သူ လည်း ပန်းနုရောင်အရိပ်တစ်ရိပ်အဖြစ် ခုံးတံတားပေါ်သို့ ရောက်သွား၏။

'ဟေ ....ရပ်လိုက်စမ်း'

မုယုချင်း၏ဟန့်တားသံ ကျယ်လောင်စွာပေါ်လာ၏။

မိန်းကလေးအားဆွဲရမ်းနေသူသုံးယောက်၏ လှုပ်ရှားမှု ရပ်တန့်သွား၏၊ သူတို့က အသံကြားရာသို့ လှည့်ကြည့်၏၊ ပန်းနုရောင်ဝတ်စုံနှင့် လှသေးကြွယ်နေသည့် မုယုချင်းအား တွေ့လိုက်သည့်အခါ သုံးယောက်အနက် မုတ်ဆိတ်ကျင်စွယ် ဖလပွနှင့် ညင်းသိုးသိုးလူက....

'ဟား ဟား....ဒီနေ့ ငါတို့အတွက်ကံကောင်းတဲ့နေ့ပဲ၊ သုံးယောက်နဲ့တစ်ယောက်ဖြစ်နေတုန်း ချောချောလှလှအစ်မ ကြီးတစ်ယောက် ရောက်လာပြီကွ၊ မင်းတို့သူ့ကိုခေါ်သွား၊ ငါက ဒီအစ်မကြီးကိုခေါ်ခဲ့မယ်'

မုတ်ဆိတ်ကျင်စွယ်နှင့်လူသည် ဝမ်းသာအားရအမူအရာ နှင့် မုယုချင်းအနားသို့ကပ်လာ၏၊ သူသည် ရမ္မက်လွှမ်းနေ သောမျက်လုံးများဖြင့် သူမအားကြည့်၏။

'အစ်မကြီးက သိပ်လှတာပဲ၊ ကျွန်တော်က အစ်မကြီးလို တည်ငြိမ်ရင့်ကျက်တဲ့အလှမျိုးမှ သဘောကျတာ'

မုတ်ဆိတ်ကျင်စွယ်နှင့်လူသည် မုယုချင်းနှင့်လက်တစ်ကမ်း

အကွာသို့ တဖြည်းဖြည်းကပ်လာ၏၊ မုတ်ဆိတ်နှင့်လူ၏အကြည့် အမူအရာတို့ကြောင့် သူမမျက်နှာတွင် အပြောင်းအလဲတွေ ပေါ်လာ၏။

ထိတ်လန့်ဖွယ်ရာတစ်စုံတစ်ခုကိုတွေ့ရသည့်အသွား သူမ၏မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွား၏၊ နီစွေးသောနှုတ်ခမ်းအစုံတို့ တဆတ်ဆတ်တုန်လာသည်၊ နှုတ်ခမ်းအစုံသာမက သူ့ခန္ဓာကိုယ်သည်လည်း တဆတ်ဆတ်တုန်လာ၏။

'အစ်မကြီး'

မုတ်ဆိတ်ကျင်စွယ်နှင့်လူက သူမ၏ လက်မောင်းရင်းကို လှမ်းကိုင်လိုက်သည်၊ ထိုသို့အကိုင်ခံရသည်နှင့်တစ်ပြိုင်နက် သူမတစ်ကိုယ်လုံး တဆတ်ဆတ်တုန်သွားသည်၊ သူမ၏ မျက်လုံးအစုံမှာ မီးရောင်စုံတို့ပွင့်သွားသည့်ပမာ ရှိလေသည်။

၁ ❋ ❋



မုယုံချင်း၏မျက်နှာမှာ တင်းမာသည်ထက် တင်းမာလာသည်၊ မီးဝင်းဝင်းတောက်တော့မည့်နှယ်ရှိသော မျက်လုံးအစုံဖြင့် မုတ်ဆိတ်ကျင်စွယ်နှင့်လူကိုကြည့်သည်။

ထိုလူက သူမ၏အမူအရာကို သူတို့ပြုမိဟန်မရှိ၊ သူက ပြည့်တင်းသောသူမ၏လက်မောင်းကို ဖျစ်ညှစ်လိုက်သည်။

'အစ်မကြီးက သိပ်လှတာပဲ၊ ကျွန်တော် အစ်မကြီးကို ချစ်သွားပြီ'

မုယုံချင်း၏မျက်လုံးအစုံ ဝိုင်းဝိုင်းလည်သွားသည်၊ တခဏအတွင်းမှာပင် ထိုမျက်လုံးအစုံတွင် အေးစက်မှုန်မှိုင်းသည့် အရိပ်တွေထင်လာ၏။

'ငါ့ကိုလွှတ်စမ်း'

'အစ်မကြီးကလဲဗျာ ကျွန်တော်အစ်မကြီးကို ချစ်လို့ပါ'

မုယုံချင်းက မုတ်ဆိတ်ကျင်စွယ်နှင့်လူအား အေးစက်မှုန်မှိုင်းသော အကြည့်ဖြင့် ကြည့်မြဲကြည့်သည်။

'ငါ့ကိုလွှတ်'

မုတ်ဆိတ်ကျင်စွယ်နှင့်လူ တစ်ချက်ရယ်လိုက်သည်၊ ထိုအချိန်မှာပင် လူရှမ်းကားနှစ်ယောက်လက်ထဲရောက်နေသော မိန်းကလေးက ငယ်သံပါအောင် အော်လိုက်သည်၊

မုယုံချင်းသည် ရုတ်ခြည်းပင် ရှုံးသွပ်သွားသကဲ့သို့ရှိ၏၊ သူက ခေါင်းကိုမော့ပြီး ကျယ်လောင်စွာ ရယ်လိုက်၏၊ တစ်ပြိုင်နက်တည်းမှာပင် သူ့လက်တစ်ဖက် ရိုပ်ခနဲ လှုပ်ရှားသွားသည်။

မုယုံချင်း၏လက်က ရမ္မက်ဇောရိပ်ဓတ္တဆင်နေသော မုတ်ဆိတ်ကျင်စွယ်နှင့်လူ၏ မျက်လုံးအစုံကို ထိုးဖောက်လိုက်သည်။

'အား....'

မုတ်ဆိတ်ကျင်စွယ်နှင့်လူ၏နှုတ်မှ နာကျင်စွာအော်ဟစ်လိုက်သံပေါ်လာသည်၊ သူသည် မုယုံချင်းအား ဖက်တွယ်ထားရာမှ လွှတ်ပြီး မျက်နှာကိုလက်ဝါးဖြင့်အုပ်သည်။

မုယုံချင်း၏လက် ရှတ်တရက်မြောက်တက်သွားပြီး မုတ်ဆိတ်ကျင်စွယ်နှင့်လူအား ရိုက်ချသည်၊ ပြင်းထန်သောရိုက်ချက်ကြောင့် အရိုးကျိုးသံ ဖြောင်းခနဲမြည်ကာ မုတ်ဆိတ်ကျင်စွယ်နှင့်လူ၏ လက်နှစ်ဖက် တွဲလောင်းကျသွားသည်။

မုယုံချင်းရယ်လိုက်သည်၊ ပြီး.... မုတ်ဆိတ်ကျင်စွယ်နှင့်လူ၏ ရင်ဘတ်ကို လက်ညှိုးဖြင့် လှမ်းဆောက်လိုက်၏၊ မုတ်ဆိတ်ကျင်စွယ်နှင့်လူ၏နှုတ်မှ အွန့်ခနဲ လေထွက်ကာ နောက်သို့လန်ကျသွားသည်။

လူရမ်းကားနှစ်ယောက်မှာ ယခုအချိန်ထိအောင် မိန်းကလေးအား မထိန်းချုပ်နိုင်သေး၊ သူတို့က သူတို့အဖော်၏



အဖြစ်ကိုမသိဘဲ မိန်းကလေးအား ဆွဲခေါ်နိုင်ရန် ကျိုးစားနေကြသည်၊ လူရမ်းကားနှစ်ယောက်အနက် တစ်ယောက်က စိတ်မရှည်ဟန်ဖြင့် မိန်းကလေးအားရိုက်ချလိုက်စဉ် လူ့လက်ပေါ်သို့ ပြင်းထန်သော ရိုက်ချက်တစ်ချက်ကျလာသည်၊ ဖြောင်းခနဲမြည်သံနှင့်အတူ သူ၏လက် သွင်သွင်ကျိုးသွား၏။

ကျန်လူရမ်းကားတစ်ယောက်က သူ့အဖော်၏ အဖြစ်ကြောင့် မိန်းကလေးကိုလွှတ်ပြီး ရန်သူအား ရင်ဆိုင်ရန်ပြင်သည်၊ သူ မလှုပ်ရှားနိုင်ခင် ပြင်းထန်သောရိုက်ချက် သူ့ပခုံးနှစ်ဖက်ပေါ်သို့ကျလာ၏၊ အားပါသော ရိုက်ချက်က သူ၏ ပခုံးရိုးနှစ်ဖက်ကို ချိုးပစ်လိုက်သည်။

လူရမ်းကားနှစ်ယောက်၏ အော်ဟစ်သံ ဆူညံစွာ ပေါ်လာသည်၊ မုယုံချင်းက လူရမ်းကားတွေကိုကြည့်ပြီး အားရပါးရ ရယ်မောလိုက်သည်၊ သူ၏မျက်လုံးအစုံမှာ ရဲရဲနီကာ သူ့အသွင်သည် သွေးဆာနေသော သားရဲတိရစ္ဆာန်နှင့်ပမာတူနေ၏၊ သူက လူရမ်းကားတို့အား အပြီးတိုင် ရှင်းလင်းသုတ်သင်ရန် ရှေ့ကိုတိုးလာသည်။

အနိုင်ရစဉ်က ရယ်မောနေခဲ့သော လူရမ်းကားတို့မှာ ယခု မရယ်နိုင်တော့၊ သူတို့သည် မုယုံချင်းအား ထိတ်လန့်စွာနှင့် ကြည့်နေသည်၊ မုယုံချင်းက အရယ်ရပ်လိုက်ပြီး စွမ်ကျော်သဏ္ဍာန်လက်ဖြင့် လူရမ်းကားနှစ်ယောက်အား ကုတ်ချသည်။

'မေမေ'

မုယုံကောင်းလ၏အသံ ကျယ်လောင်စွာပေါ်လာသည်၊ မုယုံချင်း၏လက်နှစ်ဖက်စလုံး လေထဲတွင်မြောက်လျက်သား

ရပ်သွားသည်၊ သူ့မျက်နှာတွင် အပြောင်းအလဲများစွာပေါ်သွားပြီးနောက်၊ မုယုံကောင်းလီအား လှမ်းကြည့်သည်။

'မေမေ'

မုယုံကောင်းလီက ဒုတိယအကြိမ်ခေါ်ရင်း မုယုံချင်းအနားသို့ တိုးကပ်လိုက်သည်၊ သူက မုယုံချင်း၏လက်မောင်းကို ညင်သာစွာ ဆုပ်ကိုင်ရင်း မုယုံချင်းအား ဆတ်ခနဲ သေးကြောသို့ပိတ်လိုက်။

မုယုံချင်း ခေါင်းငိုက်ကျသွားသည်၊ မုယုံကောင်းလီက မုယုံ၏အိပ်ကြောကို ထိုးပိတ်လိုက်သည်၊ပြီး....သူက မုယုံချင်းအားလှမ်းပွေ့လိုက်သည်၊ သူပွေ့လိုက်စဉ်မှာပင် မုယုံချင်း အိပ်ပျော်သွားလေသည်။

မုယုံကောင်းလီက အိပ်ပျော်နေသော သူ့မိခင်ကိုပွေ့၍ပြီး နေရာမှခွာထွက်သည်၊ သူက သူ့အဘိုးနှင့်အဘွားတို့ရပ်နေရာသို့ လျှောက်လာပြီး....

'ဘိုးဘိုးရဲ့ မေမေ့ကို ကျွန်တော့်အိမ်ခေါ်သွားမယ်၊ ဘိုးဘိုးတို့နောက်ကလိုက်ခဲ့ပါ'

မုယုံအဘိုးအိုက ခေါင်းညိတ်ပြသည်၊ကောင်းလီက သူ့မိခင်အားပွေ့၍ပြီး လျင်မြန်စွာပြေးထွက်သည်၊သူသည် ကိုယ်ဖော့ပညာသုံးကာ လမ်းမကြီးအတိုင်း ဘရိပ်ရိပ်ပါအောင် ပြေးသည်၊ မြို့တောင်ဘက်သို့အရောက်တွင် ကျယ်ဝန်းသော ခြံဝင်းနှင့် ကြီးမားခန့်ထည်သော အိမ်ကြီးတစ်အိမ်ကို တွေ့ရသည်၊ ခြံကျယ်ကြီးမှာ စုကျိုးမြို့၌ နာမည်ကျော်ဖြစ်သော မုယုံမိသားစု ခြံဝင်းပင်ဖြစ်သည်။



ကောင်းလီသည် သူ့မိခင်အားပွေ့၍ပြီး ခြံဝင်းအတွင်းသို့ပြေးဝင်သည်၊ အိမ်ရှေ့တွင် ရှိနေသော အိမ်တော်သိမ်းကြီးက အံ့အားတသင့်နှင့် ကောင်းလီအား နှုတ်ဆက်မည်ပြုသည်၊ ကောင်းလီကလက်ကာပြပြီး မုယုံချင်း၏ အိပ်ခန်းရှိရာသို့ ပြေးဝင်ခဲ့သည်။

အိပ်ခန်းထဲသို့ရောက်၍ မုယုံချင်းအား အိပ်ရာပေါ် ချသိပ်လိုက်ပြီးမှ ကောင်းလီသက်ပြင်းချသည်၊ သူသည်လည်း အိပ်မောကျနေသော မိခင်ဖြစ်သူ၏ဘေးတွင် အတန်ကြာအောင် ရပ်နေသည်၊ သူသည်မိခင်ဖြစ်သူအား ကြည့်ရင်း ရုတ်တရက် ရူးသွပ်သွားသကဲ့သို့ရှိသော မိခင်ဖြစ်သူအကြောင်းကို စဉ်းစားနေသည်။

'သူ့အခြေအနေ ဘယ်လိုလဲလူလေး'

နောက်ကပါးမှ မေးသံကို ကြားရသည်၊ ကောင်းလီကဖြည်းညင်းစွာ လှည့်ကြည့်လိုက်၏၊ တံခါးဝတွင်ရပ်နေသော သူ့အဘိုးနှင့် အိမ်တော်သိမ်းကြီးအား တွေ့ရ၏။

'အိပ်ကြောပိတ်ထားလို့ မေမေအိပ်ပျော်နေပြီ ဘိုးဘိုး၊ မေမေ ဒီလို ရူးသွပ်သလိုဖြစ်သွားတာ နှစ်ခါရှိပြီ ဒါ သေး ရိုးသားရိုးမဖြစ်နိုင်ဘူး သမားတော်တစ်ယောက်နဲ့ ပြကြည့်မှ ကောင်းမယ်ထင်တယ်'

မုယုံအဘိုးအိုက ခေါင်းညိတ်လိုက်သည်။

'ဘိုးဘိုးလဲ အဲဒါကိုလမ်းမှာစဉ်းစားလာတယ်၊ အခု ဘိုးကိုယ်တိုင် သမားတော်သွားပင့်မယ်၊ ဆယ်မိုင် စနီးမှာ သမားတော်ကြီးတစ်ယောက်ရှိတယ်၊ သူကတော်ယုံနဲ့အပြင်ကို

လိုက်ပြီး ဆေးမှုကုဘူး၊ ဒါကြောင့်သူလိုက်လာအောင်ဘိုးဘိုးကိုယ်တိုင်သွားပင့်မယ်၊ မင်း....မင်းအမေနားမှာပဲနေပါ'

'ဟုတ်ကဲ့ဘိုးဘိုး ကျွန်တော် မေမေ့အနားကနေ ဘယ်ကိုမှမသွားပါဘူး'

'ဒါဆိုရင် ဘိုးဘိုးသွားမယ်၊ ဆယ်မိုင်စခန်းကို သွားမယ်ဆိုတော့ မိုးချုပ်မှပြန်ရောက်လိမ့်မယ်၊ မင်းအမေကို စောင့်ရှင်း ညီစာစားထားလိုက်ပါလူလေး'

မုယု အဘိုးအိုကမှာကြားပြီး လှည့်ထွက်သွားသည်၊ အိမ်တော်ထိန်းက နောက်မှလိုက်သွား၏။

*　　*　　*

## အခန်း (၂)

## အရိပ်ထိုးလာသည့်အန္တရာယ်ဆိုး

အမှောင်တဖြည်းဖြည်းသိပ်သည်းနက်ရှိုင်းလာ၏၊ ကောင်းလီက ညစာစားပြီးနောက် သူ့မီခင်ဘေးတွင် ဆက်ထိုင်သည်၊ မုယုံချင်းမှာ နှစ်ခြိုက်စွာ အိပ်မော ကျနေဆဲဖြစ်၏၊ ကောင်းလီက မီးအိမ်မှ မီးအလင်းရောင်ဖြင့် စာအုပ်တစ်အုပ်ကို ဖတ်သည်၊ သူဖတ်နေသည့်စာအုပ်မှာ မုယု မိသားစုအစဉ်အဆက် အမွေဆက်ခံခဲ့သော အတွင်းအားကျင့်စဉ် ကျမ်းတစ်စောင်ပင်ဖြစ်သည်။

မုယ့်မိသားစု၏ အတွင်းအားကျင့်စဉ်မှာ အအေးဓာတ်ကိုအခြေခံသော အတွင်းအားကျင့်စဉ်ဖြစ်၏၊ မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးကို အခြေခံသော အတွင်းအား ကျင့်စဉ်များရှိကြောင်း၊ ယခု ရေဓာတ် အတွင်းအား ကျင့်စဉ်ကို လေ့ကျင့်ပြီးနေခိုက် ကျန်ဓာတ်များပါသော အတွင်းအား ကျင့်စဉ်ကို ရအောင်ရှာပြီး တစ်ခါအောင်လေ့ကျင့်ရန် အတွင်းအားကျင့်စဉ်ကျမ်း၏ အဖွင့်တွင် ကျမ်းပြုစုသူက တိုက်တွန်းထားသည်။

ရေဓာတ်အတွင်းအားကျင့်စဉ်ကျမ်းကို ကောင်းလီဖတ်ရှုခဲ့သည်မှာ မရေတွက်နိုင်အောင် အကြိမ်ပေါင်းများလှပြီဖြစ်သည်၊ သူက သူ့မိခင်ထံသို့ ရောက်တိုင်း ခုတင်ခေါင်းရင်းရှိ အံဆွဲတွင်း သိမ်းဆည်းထားသော အတွင်းအား ကျင့်စဉ်ကျမ်းကိုယူဖတ်တတ်သည်၊ ထို့ကြောင့် ယခုအချိန်တွင် သူသည် အတွင်းအားကျင့်စဉ်ကျမ်းပါ စာသားများကို အလွတ်နီးနီးရနေပြီဖြစ်သည်၊ သို့တိုင်အောင် ယခုတစ်ကြိမ်တွင်လည်း သူသည် အတွင်းအားကျင့်စဉ်ကျမ်းကို စိတ်ဝင်စားစွာနှင့်ပင် ဖတ်ရှုသည်၊ ဖတ်ရှုရင်းနှင့် သူက ကျမ်းပါ စာသားများ၏ အဓိပ္ပာယ်ကို အလေးအနက်ဆင်ခြင်ကြည့်သည်။

သူသည် ကျမ်းစာပါ စာသားများကို အလွတ်နီးနီး ရနေပြီဖြစ်သော်လည်း ဆိုလိုရင်းအဓိပ္ပာယ်ကို သူပြည့်ပြည့်ဝဝနားမလည်သေးချေ၊ ထိုသို့နားမလည်သည့် အကြောင်းအရာများကို သူ့မိခင်အား မေးရန်အကြိမ်ကြိမ်စဉ်းစားခဲ့ဖူးသည်၊ သို့သော် အထမမြောက်ခဲ့။



အဓိပ္ပာယ်ပြည့်ပြည့်ဝဝနားလည်မှ ကျင့်စဉ်ကို လေ့ကျင့်ပါဆိုသည့် သိုင်းကျမ်းရှင်၏အာဘော်ကြောင့် တစ်နှစ်ကျော်ကျော်မျှ သိုင်းကျမ်းကို ရှာဖွေတွေ့ရှိ ဖတ်ရှုခဲ့သော်လည်း ရေဓာတ်အတွင်းအားကျင့်စဉ်လို့ လေ့ကျင့်နိုင်ခြင်းမရှိသေးချေ။

ကောင်းလီသည် သိုင်းကျမ်းကို နားလည်အောင် ဆင်ခြင်စဉ်းစားနေရင်းမှ ရုတ်ပြင်းချလိုက်၏၊ သူ့မိခင်၏ အကူအညီသာရခဲ့လျှင် ယခုအချိန်၌ သူသည် ရေဓာတ် အတွင်းအား ကျင့်စဉ်ကို ထိထိရောက်ရောက် လေ့ကျင့်နိုင်ပေလိမ့်မည်၊ သို့သော် သူသည်ကျမ်းကို သူ့မိခင်၏ခွင့်ပြုချက်မရ ဖတ်ရှုခြင်း မဟုတ်ဘဲ အံဆွဲအတွင်းမှ ကျမ်းစာအုပ်ငယ်ကို မတော်တဆ တွေ့ရှိပြီး မိခင်မသိအောင် ခိုးဖတ်ခဲ့ခြင်းဖြစ်၍ မိခင်ဖြစ်သူကို ဖွင့်ဟမေးမြန်းခြင်းမပြုရဲချေ။

မုယ့်ချင်းထံမှ ညည်းသံသဲ့သဲ့ ပေါ်လာ၏၊ ကောင်းလီက နေရာမှ ဖျတ်ကနဲထပြီး အတွင်းအားကျင့်စဉ်ကျမ်းကို နေရာတကျ သိမ်းလိုက်၏၊ ပြီးနောက် သူ့မိခင်၏အနီးသို့ချဉ်းကပ်သည်။

မုယ့်ချင်း၏နှုတ်မှ မပီမသညည်းသံကို ကြားနေရသည်၊ ကောင်းလီက သူ့မိခင်၏သွေးကြောကို စမ်းကြည့်၏၊ သူပိတ်ထားသော သွေးကြောများ ပွင့်နေပြီဖြစ်ကြောင်း သိလိုက်ရ

သဖြင့် အံ့အားသင့်သွား၏၊ သူ့ မိခင်၏ အတွင်းအားမှာနက်ရှိုင်းလှသဖြင့် ပိတ်နေသောသွေးကြောကို အလိုလိုပြန်ဖွင့်နိုင်ခြင်းဖြစ်မည်ဟု တွေးမိ၏။

'မေဒွေ မေမေ'

ကောင်းလီနှုတ်မှ တိုးတိုးခေါ်လိုက်၏၊ မှေးမှိတ်ထားသော မုယုံချင်း၏ မျက်လုံးအစုံ ဖြည်းညင်းစွာ ပွင့်လာ၏၊ ထိုမျက်လုံးများ၌ ရန်ပိုဟန်မရှိ၊ ရှူးသွပ်နေဟန်မရှိဘဲ ပကတိ တည်ငြိမ်အေးချမ်းနေ၏။

'သား မေမေဘာဖြစ်တာလဲ'

ကောင်းသီ သက်ပြင်းတစ်ချက်ချ၏။

'လမ်းလျှောက်ထွက်ရင်း မေမေသတိလစ်သွားလို့ သား မေမေ့ကို အိမ်ပြန်ခေါ်ခဲ့တာပါ'

မုယုံချင်းက မသိမသာမျက်မှောင်ကြုတ်လိုက်သည်၊ တခဏအကြာတွင် သက်ပြင်းတစ်ချက် ချလိုက်ပြီး သူ့ဘာ ခေါင်းကို ဖြည်းညင်းစွာခါ၏။

'သားက ဘာဖြစ်လို့လိမ်ပြောရတာလဲ၊ မေမေ အားလုံး မှတ်မိတယ်....လမ်းလျှောက်ထွက်ရင်း မိန်းကလေးတစ်ယောက်ကို လူရမ်းကားသုံးယောက်က အတင်းအဓမ္မဆွဲခေါ်နေတာ မေမေက အဲဒီလူတွေကို ရှင်းပစ်လိုက်တာတွေ သေသေချာချာ မှတ်မိတယ်....အင်း အဲဒီနောက်မှာတော့ ဘာတွေဖြစ်ခဲ့သလဲ မေမေ မသိတော့ဘူး'



ကောင်းလီက သူ့ မိခင်အား တစ်ချက် အကဲခတ်ကြည့်၏ ပြီး မိခင်ဘေး၌ ဝင်ထိုင်၏....

'ဟိုတစ်ခါကဖြစ်သလို လူရမ်းကားတွေကို တိုက်ခိုက်ရင်း မေမေ့ပင်ကိုယ်စိတ် ပျောက်သွားတယ်၊ အဲဒါကြောင့် သား မေမေ့ကို သွေးကြောပိတ်ပြီးအိမ်ပြန်ခေါ်လာတာ'

'ဟိုမိန်းကလေးရော'

'သူ ထွက်ပြေးသွားပြီ၊ လူရမ်းကားတွေကတော့ မသေမရှင်ဖြစ်ကျန်ခဲ့တယ်၊ သူတို့အသက်ရှင်ဖို့မလွယ်ပါဘူး၊ အသက်ရှင်နေရင်လဲ တစ်သက်လုံး ဒုက္ခိတဖြစ်သွားမှာ သေချာပါတယ်'

'အင်း....ဒါကြောင့် အဲဒီအကြောင်း စဉ်းစားတဲ့အခါ မေမေ့စိတ်ထဲမှာ အိပ်မက်လိုလိုထင်နေတာကိုး၊ လူရမ်းကားတွေကို မေမေသိပ်မုန်းသွားတယ်....သူတို့ စော်ကားမော်ကား လုပ်တာကိုကြည့်ရင်း မေမေကိုယ်တိုင် စော်ကားခံနေရသလို ထင်လာတယ်'

မုယုံချင်းက စကားပြောနေရင်း တစ်စုံတစ်ရာကိုတွေးမိဟန် မျက်နှာပျက်သွား၏၊ သူသည် တစ်ခဏမျှ ငေးငိုင်သွားပြီး သက်ပြင်းချလိုက်၏။

'မေမေ မင်းကိုတစ်ခုမေးမယ်....အမှန်အတိုင်း ဖြေပါနော်သား'

'ဟုတ်ကဲ့ မေမေ'

'လူရမ်းကားတွေကို ဆုံးမတဲ့အချိန်မှာ မေမေ ဘယ်လိုဖြစ်နေလဲ ရူးသွပ်သလိုဖြစ်နေလား'

ကောင်းလီက စိတ်မကောင်းဖြစ်သွားဟန်နှင့် သူ့မိခင်ကို ကြည့်သည်၊ ပြီးနောက် ခေါင်းကိုညင်သာစွာညိတ်လိုက်သည်။

'ဟုတ်တယ်မေမေ အဲဒီအချိန်က မေမေဟာ ရူးသွပ်သွားတယ်လို့ထင်ရတယ်၊ ဒါကြောင့် ကျွန်တော် မေမေ့ကို သွေးကြောပိတ်ပြီးခေါ်ခဲ့တာ'

မုယုံချင်းက ခေါင်းခါလိုက်၏၊ အံ့သြဟန်၊ နားမလည်နိုင်ဟန်၊ စိတ်မကောင်းဖြစ်သွားဟန်တို့ သူ့မျက်နှာပေါ်တွင် ပေါ်လာ၏၊ ခပ်တိုးတိုးညည်းညူရေရွတ်လိုက်သောစကားသံ တစ်သံ သူ့နှုတ်မှတိုးထွက်လာ၏။



'ဒါဟာ ငါ့ယာယီရူးသွပ်သွားတာပဲ၊ ငါ့စိတ်တွေကိုငါ ဘာဖြစ်လို့ မထိန်းနိုင်အောင် ဖြစ်ရတာလဲ... ငါ့တစ်သက်နဲ့ တစ်ကိုယ် ဘယ်လိုရန်သူမျိုးအပေါ်ကိုမှ ရက်စက်ခဲ့ဖူးဘူး.... အခုဘာဖြစ်လို့ ရက်စက်တဲ့စိတ်တွေ ပေါ်လာရတာလဲ'

ကောင်းလီက ညည်းညည်းညူညူနှင့်ပြောဆိုနေသော သူ့မိခင်အား ငေးကြည့်၏၊ ငေးရင်းနှင့် သူက ရေခဲတ်အတွင်းအားကျင့်စဉ်ပါ စာသားများကို သတိရသွား၏၊ ရေခဲတ်အတွင်းအားကျင့်စဉ်သည် အတွင်းအား ပြည့်ဝလာရုံမျှမက သမာဓိအားကိုလည်း ပွားစေကြောင်း၊ ထိုကျင့်စဉ်ကြောင့် သာမန်ရူးအပ်ခြင်း ပျောက်ကင်းနိုင်ကြောင်း အတိအလင်း ရေးသားထား၏။

'မေမေ'

ကောင်းလီက ရေခဲတ်အတွင်းအားကျင့်စဉ်အကြောင်း သူ့မိခင်အား သတိပေးမည်ဟု ဆုံးဖြတ်ပြီး စကားစလိုက်သည်၊ အတွေးတွင်နစ်နေသောမုယုံချင်းက မျက်လွှာပင့်ပြီး ကြည့်လာ၏။

'အခုလိုရူးသွပ်သလိုဖြစ်သွားတာကို မေမေ့ဘာသာမေမေ မကုနိုင်ဘူးလား'

မုယုံချင်းသည် အားနည်းပင်ပန်းစွာပြုံးရင်း ခေါင်းခါလိုက်၏။

'မေမေက သားမှားတော်မှမဟုတ်ဘဲ....ဘယ်လိုလုပ် ကုနိုင်မှာလဲ'

'ဒီဝေဒနာကိုကုနိုင်တဲ့နည်း မေမေ့မှာရှိပါတယ်၊ မေမေ့အဲဒါကိုသတိမရလို့ပါ'

မုယုံချင်း မျက်မှောင်ကြုတ်လိုက်၏၊ သူက မျက်မှောင်ကြုတ်ထားလျက်နှင့် ကောင်းလီကိုကြည့်၏၊

'သားက ဘာကိုပြောနေတာလဲ'

'ခေတ်အတွင်းအားကျင့်စဉ်အကြောင်း ပြောပြနေတာပါ....ဒီအတွင်းအားကျင့်စဉ်ဟာ ရှုံးသွပ်တဲ့ဝေဒနာကိုပျောက်ကင်းစေတယ်လို့ ကျင့်စဉ်ကျမ်းစာမှာ အတိအလင်းရေးထားတာပဲ'

အံ့ဩဟန်၊ တုန်တုန်လုပ်လှုပ် ဖြစ်သွားဟန်တို့ မုယုံချင်းမျက်နှာ၌ ပေါ်လာ၏၊ ပြီးမှ တစ်စုံတစ်ရာကိုစဉ်းစားမိဟန်သူ့မျက်နှာထားတည်အားသည်။

'လူလေး...မင်း မေမေ့အပ်ဖွက်ထဲကစာအုပ်ကို ယူဖတ်တယ်မဟုတ်လား'

ကောင်းလီရင်ထိတ်သွား၏၊ မိခင်၏ဝေဒနာ သက်သာစေလိုသည့်စိတ်နှင့် သူက အတွင်းအားကျင့်စဉ်ကျမ်းခိုးဖတ်မိကြောင်း ထုတ်ဖော်ပြောမိလျက်သား ရှိသွားပါလားဟုတွေးမိ၏။

'မေမေမေးတာကိုဖြေပါဦး'



ကောင်းလီသည် ရင်ထိတ်စွာနှင့် ခေါင်းညိတ်ပြလိုက်၏၊ သူကသူ့မိခင်မျက်နှာကို မကြည့်ရဲဟန်ဖြင့် မျက်လွှာချလိုက်ပြီး....

'ဟုတ်ပါတယ် မေမေ၊ သား အပ်ဖွက်ကို မတော်တဆဖွင့်မိရင်း ကျမ်းစာအုပ်တွေ့လို့ ယူဖတ်မိပါတယ်၊ သား ဒီအကြောင်း မေမေ့ကိုဖွင့်ပြောချင်တာကြာပါပြီ၊ ဒါပေမယ့် မေမေစိတ်ဆိုးမှာစိုးလို့'

'မင်းကိုမေမေ စိတ်မဆိုးပါဘူး၊ တကယ်တော့ဒီစာအုပ်ဟာ သားအမွေဆက်ခံရမယ့်စာအုပ်ပါ၊ ဒါပေမယ့် ဒီကျင့်စဉ်တွေက သေသေချာချာ နားမလည်သေးဘဲ သေကျင့်မိရင် အန္တရာယ်ဖြစ်နိုင်လို့ သားအသက်နှစ်ဆယ်ပြည့်မှ ပေးမယ်လို့ ဆုံးဖြတ်ထားတယ်၊ သားအခုလို ယူဖတ်ကြည့်တော့ ရှင်းရှင်းလင်းလင်းနားလည်ရဲ့လား'

'ကျင့်စဉ်တချို့ကို ကျွန်တော် နားမလည်ဘူး၊ ကျမ်းစာအုပ်ထဲမှာ ပြည့်ပြည့်ဝဝနားမလည်ပဲ မလေ့ကျင့်ရဆိုတဲ့သတိပေးစာပါနေလို့ သားတစ်ခါမှ မလေ့ကျင့်ဖူးပါဘူး'

ကောင်းလီ၏စကားကိုအကြားတွင် မုယုံချင်း စိတ်သက်သာရာရသွားဟန်တူ၏၊ သူကပင့်သက်တစ်ချက်ရှိုက်လိုက်ပြီး အသာအယာပြုံးသည်။

'ဒီလိုကျတော့လဲ သားကလိမ္မာသားပဲ၊ မင်း ဒီကျင့်စဉ်ကို သိုင်စိတ်ဝင်စားသလား'

ကောင်းလီက ဟန်ဆောင်ရန် သတိမရပဲ ခေါင်းညိတ်ပြလိုက်၏၊ မုယုံချင်းကပြုံးပြီး ကောင်းလီ၏ခေါင်းကို အသာ

အယားပွတ်သပ်သည်။

'သားစိတ်ဝင်စားတယ်ဆိုရင် မေမေ ပြင်ပေးပါ့မယ်.... ဒီပညာက အလေ့အကျင့်များလို့ မရဘူးနော်....အဆင့်ကိုးဆင့် လောက်ရှိတဲ့ ကျင့်စဉ်ကို မှန်မှန်ကလေး ကျင့်ရမယ်.... မနက်ဖြန်ကစပြီး မင်းကို မေမေ့ပညာအမွေပေးပါ့မယ်'

မုယုချင်း၏စကားကိုအကြားတွင် ဝမ်းသာစိတ်ကြောင့် ကောင်းလီအား ရပါးရပြုံးလိုက်လေသည်။



ကောင်းလီတို့သားအမိ စကားကောင်းနေစဉ် အိမ်ပြင်ဘက်၌ လှည်းတစ်စီးရပ်သံ ကြားလိုက်ရ၏။ သမားတော်ပင့်ရန် သွားသော သူ့အဘိုး ပြန်ရောက်လာပြီဆိုသည့်အသိနှင့် ကောင်းလီ နေရာမှထသည်။

'ဘိုးဘိုးပြန်လာပြီ'

ကောင်းလီ၏နှုတ်မှ လွတ်ခနဲထွက်သွားသည့်စကားကြောင့် မုယုံချင်း မျက်မှောင်ကြုတ်လိုက်သည်၊ သူက မေးခွန်းထုတ်ဟန်အကြည့်ဖြင့် ကောင်းလီလား လှမ်းကြည့်သည်။

'ဖေဖေက ဘယ်ကိုသွားနေလို့လဲ'

'မေမေ့ ဝေဒနာကိုကုဖို့ သမားတော်သွားပင့်တာ၊ ဆယ်မိုင်ကုန်းမှာ သမားတော်ကြီးတစ်ယောက်ရှိတယ်လို့ ပြောပြီး ထွက်သွားတာပဲ'

မိခင်ဖြစ်သူအား ရှင်းပြပြောဆိုပြီး ကောင်းလီ အပြင်သို့ ထွက်လိုက်သည်။ သူ ဧည့်ခန်းသို့အရောက်မှာပင် အိမ်ရှေ့မှ အိမ်ဘောင်ထိန်းကြီး၏ ဒေါသတကြီးအော်ဟစ်သံကိုကြားရ၏၊ ထိုအော်သံကို အကြားတွင် ကောင်းလီ ကိုယ်တိုင် ရင်ထိတ်သွားပြီး အပြင်ကို ကပျာကယာပြေးထွက်သည်။

အိမ်အပြင်ကိုထွက်မိသည်နှင့်တစ်ပြိုင်နက် မြင်းလှည်းတံခါးကိုဖွင့်ပြီး အော်ဟစ်နေသော အိမ်တော်ထိန်းကြီးအားတွေ့ရ၏၊ ကောင်းလ°က အိမ်တော်ထိန်းကြီးအနားသို့ ပြေးကပ်ပြီး ပခုံးကိုဆွဲကိုင်လိုက်သည်။

'ဘာဖြစ်လို့လဲ ဘဘ'

အိမ်တော်တိန်းကြီး ဖျပ်ခနဲ နောက်သို့လှည့်ကြည့်သည်၊ သူ၏မျက်လုံးအစုံမှ ထိတ်လန့်ခြင်းကြောင့် ပြူးကျယ်နေလေသည်။

'သ....သခင်လေး ဒီ.... ဒီမှာ · သခင်ကြီး....သခင်ကြီး'

ကောင်းလ°က အိမ်တော်တ°န်းကြီးအားကျော်ပြီး အိမ်ထဲသို့ လှမ်းကြည့်လိုက်သည်၊ ထိုအခါ ရုပ်ပျက်ဆင်းပျက် သွေးသံရဲရဲနှင့် သေဆုံးနေသော မုယ°အဘိုးအား တွေ့လိုက်ရလေသည်။

'ဟင်....ဘိုးဘိုး'

ကောင်းလ°က မြင်းလှည်းပေါ်သို့ တက်လိုက်သည်၊ ထိုအခါ မြင်းလှည်းပေါ်တွင် သူ့အဘိုးတစ်ယောက်ထဲမဟုတ်တဲ ဥပမိရုပ်ကောင်းသော အဘိုးအိုတစ်ယောက်ကိုပါ တွေ့ရ



သည်၊ ထိုအဘိုးအိုမှာလည်း သွေးအိုင်ထဲတွင် လဲကျသေဆုံးနေလျက်ရှိသည်။

ကောင်းလ°သည် သူ့အဘိုး၏အခြေအနေကို မထိမကိုင်တဲ မြင်းလှည်းပေါ်မှပြန်ဆင်းသည်၊ ပြီးနောက် မြင်းလှည်းမောင်းသူအား လှမ်းကြည့်လိုက်၏၊ မြင်းလှည်းမောင်းသူမှာ မြင်းလှည်းအမိုးပေါ်တွင် ထိုင်ရင်း ခေါင်းငိုက်ကျနေသည်၊ တစ်ချက်တစ်ချက်တွင် မြင်းလှည်းသမားက ခေါင်းထောင်နိုင်ရန် ကြိုးစားသဖြင့် အသက်ရှိနေသေးကြောင်း သိလိုက်သည်။

ထို့ကြောင့် သူ... ပခုံးတစ်ချက်လှုပ်ပြီး မြင်းလှည်းအမိုးပေါ်သို့ ခုန်တက်သွားသည်၊ အမိုးပေါ်သို့ အရောက်တွင် သူက မြင်းလှည်းသမား၏ပခုံးကို လှမ်းကိုင်လိုက်၏။

မြင်းလှည်းမောင်းသမားသည် သူ့လက်ထဲတွင် ကိုင်ထားသော စာတစ်စောင်ကို ကောင်းလ°အား လှမ်းပေးသည်၊ ပြီး သူက တစ်စုံတစ်ရာပြောရန်ကြိုးစားရင်း ခေါင်းငိုက်ကျသွား၏။

ကောင်းလ°က ထိုသူ၏သွေးကြောကို စမ်းကြည့်၏၊ သွေးမတိုးတော့၊ ရင်မခုန်တော့၊ ထိုသူ သေဆုံးသွားပြီဖြစ်သည်၊ ကောင်းလ°က သူ့အား မြင်းလှည်းအမိုးပေါ်တွင် လှဲချထားလိုက်သည်၊ ပြီး မြင်းလှည်းသမား၏လက်ထဲမှစာကို ယူဖတ်သည်။

'အရှုံးကို အေးကုဒိုးစဉ်းစားနဲ့ ...၊ မုယုံခြံဝင်းက သမားတော် သွားပင့်ရင် အခုလိုအဖြစ်မျိုးနဲ့ ကြုံရမယ်'

စာတွင် ခေါင်းစဉ်တပ်ထားခြင်း မရှိသလို စာအဆုံးတွင်လည်း လက်မှတ်ရေးထိုးထားခြင်းမရှိ၊ ထိုစာ၏ခြိမ်းခြောက်မှုက ထိရောက်လှသည်၊ ထိုစာကိုဖတ်ပြီးသည်နှင့် ကောင်းထိ၏ရင် တထိတ်ထိတ်ခုန်လာ၍ ထိတ်လန့်လာသည်၊

မုယုံခြံဝင်းမှ လူနှစ်ယောက်နှင့် ဆယ်မိုင်ကုန်းသမားတော်ကြီးတို့ အသတ်ခံရသည့်ကိစ္စမှာ သာမန်လူသတ်မှုမဟုတ်၊ ထိုလူသတ်မှု၏နောက်ကွယ်တွင် မုယုံခြံဝင်းအား ဖျက်ဆီးမည့် ကြီးမားသောအန္တရာယ်တစ်ရပ်ရှိနေကြောင်း ကောင်းထိ တွေးမိသည်၊

သူက မြင်းလှည်းမောင်းသမားလက်ထဲမှရသော စာကို မိခင်ဖြစ်သူအား မပြဘဲနေလျှင်ကောင်းမည်ဟု စဉ်းစားမိ၏၊ ထို့ကြောင့် သူက စာကိုသိမ်းဆည်းလိုက်သည်၊ ပြီး မြင်းလှည်း မိုးပေါ်မှနေ၍ အောက်သို့ခုန်ဆင်းလိုက်သည် သူ အောက်ကိုရောက်ချိန်တွင် အိမ်သူအိမ်သားများနှင့် သူ၏ မိခင်တို့ မြင်းလှည်းအနီးသို့ ရောက်ရှိလာသည်ကို တွေ့ရလေသည်။

ကောင်းထိက မြင်းလှည်းအနီးတွင် ဝိုင်းအုံနေသူတို့အား တွန်းဖယ်ပြီး သူ့မိခင် ဆီသို့လျှောက်သည်၊ ထိတ်လန့်ခြင်း၊ ကြေကွဲခြင်း၊ ယူကြုံးမရဖြစ်ခြင်းများ ရောယှက်ပေါ်လွင်နေသော မိခင်ဖြစ်သူ၏မျက်နှာကို ကြည့်သည်။



'မေမေ'

မုယုံချင်းထံမှ သက်ပြင်းရှိုက်သံတစ်ချက် ပေါ်လာလေသည်။

'ဒါဟာ မုယုံခြံဝင်းကို ခြိမ်းခြောက်လိုက်တာပဲ လူလေး၊ မင်းရဲ့အဘိုးဟာ သိုင်းပညာမတတ်ဘူး၊ သိုင်းပညာအမွေကို မျိုးရိုးစဉ်ဆက် အမွေခံခဲ့တဲ့ မုယုံမျိုးထဲမှာ သိုင်းပညာမတတ်တဲ့ စာပေသမားဆိုလို့ မင်းရဲ့အဘိုးတစ်ယောက်ပဲရှိတယ်၊ သိုင်းပညာမတတ်တဲ့လူကို အခုလို ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်တာဟာ မုယုံခြံဝင်းကို ခြိမ်းခြောက်တာကလွဲလို့ တခြားဘာမှမဖြစ်နိုင်ဘူး၊ ဒါဟာ မေမေ့ဝေဒနာကို မကုစေချင်တဲ့လူတစ်ယောက် ရဲ့လက်ချက်ပဲ၊ ရန်သူဟာ မေမေ့ကို သိစေအောင် ခြိမ်းခြောက်စေပို့တာ၊ သူ့လက်ချက်ကိုတော့ သိစေအောင် အချိန်ကြာနိုင်ကြားစေပို့တာတော့ လုံ့လိမ့်မယ်၊ မေမေ့ကိုဟာ အင်အားကြီးမားတဲ့ ရန်သူနဲ့ ရင်ဆိုင်ရတော့မှာ မသေချာဘူး'

သူ့မိခင်၏စကားကအကြားတွင် ကောင်းထိရင်တထိတ်ထိတ် ခုန်လာသည်၊ ကြားနာတစ်ရပ်ကို သွင်းဖောက်သိမြင်တတ်သော မိခင်ဖြစ်သူအား စိတ်ထဲမှ အံ့ဩမိ၏၊ ရန်သူ့ခြိမ်းခြောက်စာကို မိခင်အားမပြပဲနေရန် ဆုံးဖြတ်ထားသည့် သူ့ဆုံးဖြတ်ချက် အလိုလိုပျက်စီးသွား၏၊ သူက အိတ်ထဲထည့်၍ သိမ်းထားသော စာကိုယူပြီး မိခင်ဖြစ်သူအား ပေးလိုက်သည်။

'ဘာလဲ....သား'

'မြင်းလှည်းမောင်းတဲ့ဦးလေးသင်္ကြံထဲက ကျွန်တော် ဒီစာကို ရတယ်၊ မေမေ ဖတ်ကြည့်ပါဦး'

မုယုချင်းက စာကိုဖြန့်ဖတ်သည်၊ ပြီး ကိုင်ထားသည့်စာရွက်ကို ဒေါသတကြီးဆွဲခါလျက် လေထဲသို့လွှင့်ပစ်လိုက်၏၊ စာရွက်မှာ အပေါ်သို့မြောက်တက်သွားပြီး အပိုင်းအစလေးများ ဖြစ်လျက် မြေပြင်ပေါ်သို့ တဖွားဖွားပြန်ကျလာလေသည်။

'ကိုယ့်ကိုယ်ကိုတောင် ဘယ်သူဘယ်ဝါဆိုတာ မဖော်ရဲအောင် သတ္တိနည်းတဲ့လူတွေ၊ ဒီလို ခိုးကြောင်ခိုးဝှက်လုပ်တတ်တဲ့လူမျိုးက သိပ်ကောက်ကျစ်စဉ်းလဲတတ်တယ်၊ သူတို့က မုယုမိသားစုကို ဒုက္ခပေးဦးမှာပဲ၊ ဒီနေ့ကစပြီး အားလုံးသတိရှိရှိနဲ့နေကြဖို့လိုတယ် အိမ်တော်ထိန်းကြီး၊ ကျင်းဝီကို ဒီအိမ်မှာ ဖြစ်နေတာတွေ သွားပြောပြလိုက်၊ အိမ်ကိုလာခဲ့ဖို့လဲ ပြောလိုက်ပါ'

အိမ်တော်ထိန်းကြီးက တစ်စုံတစ်ရာမေးလိုဟန်ဖြင့် မုယုံချင်းအား ကြည့်သည်၊ အိမ်တော်ထိန်းကြီး၏အမူအရာကြောင့် မုယုံချင်းက....

'ကျွန်မပြောတာ ရှင်နားမလည်လို့လား'

'မဟုတ်ပါဘူး သခင်မ၊ ကျင်းဝီတစ်ယောက်ထဲ ကိုခေါ်ခဲ့ရမှာလား၊ ဒါမှမဟုတ် သူ့မိန်းမ....'



'သူ့ကိုခေါ်တဲ့နောက် သူ့မိန်းမပါ ပါမှာပေါ့၊ ကျွန်မခေါ်တယ်ဆိုရင် သူတို့နှစ်ယောက်စလုံးလာမှာပါ'

'ဟုတ်ကဲ့....သခင်မ၊ ကျွန်တော် ခုချက်ချင်း သွားခေါ်လိုက်ပါ့မယ်'

မုယုချင်းသည် စိတ်ကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်လိုက်ဟန်ဖြင့် မုယုအဘိုးအိုတို့၏ အလောင်းများကို ပြင်ဆင်ရန် အမိန့်ပေး၏၊ မုယုခြံဝင်းမှလူတွေက အလောင်းသုံးလောင်းကို မြင်းလှည်းပေါ်မှချပြီး ပြင်ဆင်နေချိန်၌ အိမ်အတွင်းဘက်မှ စူးရှသောအော်သံတစ်သံ ပေါ်လာသည်၊ အော်သံနှင့်အတူ အိမ်ဖော်မလေးတစ်ယောက် အပြင်ကိုလွှတ်လာ၏။

'ဟေ....ဘာဖြစ်တာလဲ'

'သ....သခင်မကြီး လေ....သေနေပြီ'

အိမ်ဖော်မလေး၏စကားကိုကြားလျှင်ကြားခြင်း ကောင်းလီ နေရာမှပြေးထွက်သည်၊ သူက သူ့အဘွားဖြစ်သူ၏အခန်းထဲသို့ ပြေးဝင်၏၊ အခန်းထဲသို့အရောက်တွင် သွေးအိုင်ထဲ၌ လဲကျသေဆုံးနေသော အဘွားဖြစ်သူအား တွေ့ရသည်။

ကောင်းလီနှင့် ရှေ့ဆင့်နောက်ဆင့်ပင် မုယုချင်း အခန်းထဲသို့ ရောက်လာ၏၊ သူက သူ့မိခင်၏အလောင်းကိုစစ်ဆေးကြည့်ရှု၏၊ အဘွားအို၏ကိုယ်ပေါ်မှ ဒဏ်ရာကို တွေ့သည်နှင့် သူ့မျက်နှာမှာ တင်းမာခက်ထန်သွား၏။

'ဒါ လူဘိုစ်ယောက်ထဲရဲ့လက်ချက်ပဲ၊ ဖေဖေတို့ကိုသတ်တဲ့ လူဟာ ဒီအိမ်ထဲထိဝင်လာပြီး မေမေ့ကိုပါ သတ်သွားတယ်၊ အန္တရာယ်ကြီးတစ်ခု မုယုံမိသားစုအပေါ် ကျရောက်လာပြီ၊ မေမေ့ကို ပေါ်ဆလို့မရတော့ဘူး လူလေး'

မိခင်ဖြစ်သူ၏စကားကို နားထောင်ရင်း ကောင်းလီရင်ထဲတွင် လေးလေးလံလံ ဝမ်းနည်းသွားရ၏။

## အခန်း . (၅)

## လျှို့ဝှက်ကျင့်စဉ်

မုယုံတို့ဇနီးမောင်နှံနှင့် သမားတော်ကြီးတို့၏အသုဘမှာ စည်ကားခန်းနားစွာ ပြီးသွားသည်၊ မြို့လုံးကျွက်နီးနီးပင် အသုဘကို လိုက်လံပို့ဆောင်ကြသည်၊ အသုဘ ပြီးသွားသော်လည်း မုယုံအဘိုးအို၏ ရင်းနှီးသောမိတ်ဆွေများမှာ မပြန်ကြသေးဘဲ မုယုံခြံဝင်း၌ စောင့်ရှောက်သည့်သဘောနှင့် နေကြ၏။

မုယုံအဘိုးအို၏မြေးစားသား ကျင်းဝီမှာ မုယုံခြံဝင်းသို့ ပြန်ရောက်နေပြီဖြစ်သည်၊ ကျင်းဝီမှာလည်း လွန်ခဲ့သည့်သုံးနှစ်လောက်က အိမ်မှနှင်ထုတ်ခြင်းခံထားရသည်၊ မုယုံအဘိုးအို

သည် သူမနှစ်သက်သော မိန်းမတစ်ယောက်နှင့် အိမ်ထောင်ပြုသဖြင့် ကျင်းဝီအား မွေးစားသားအဖြစ် အသိအမှတ်မပြုတော့ချေ။

မုယုံချင်းမှာ ကျင်းဝီအပေါ် မေတ္တာမပျက်၊ ဖခင်မသိအောင် တိတ်တဆိတ်ဆက်သွယ်နေခဲ့သည်၊ အိမ်ထောင်သည်ဘဝသို့ရောက်နေသော ကျင်းဝီက အမြဲထောက်ပံ့နေခဲ့၏၊ ထို့ကြောင့် ယခုလိုအရေးကြုံချိန်တွင် ကျင်းဝီက မုယုံခြံဝင်းကို ကာကွယ်ရန်ရောက်လာသည်၊ အိမ်မှုကိစ္စ၊ လုံခြုံရေးကိစ္စ၊ အသုဘကိစ္စတို့ကို ကျင်းဝီတို့ဇနီးမောင်က ဒိုင်ခံပြီး လုပ်ကိုင်သည်။

မုယုံအဘိုးအိုအား မြေမြှုပ်သဂြိုဟ်ပြီး ငါးရက်မြောက်တွင် ခရီးဝေးမှလာသော မုယုံအဘိုးအို၏မိတ်ဆွေတို့ ပြန်ကုန်ကြသည်၊ အပြင်လူဆို၍ ဓားရဲတိုက်မှ လူသုံးယောက်သာကျန်သည်၊ ထိုသုံးယောက်မှာ ဓားရဲတိုက်သခင်မနှင့် သူ့လက်ထောက်နှစ်ယောက်ပင်ဖြစ်သည်။

ဓားရဲတိုက်သခင်မသည် မုယုံချင်း၏ ပညာသင်ဘက်ဖြစ်သည်၊ သူက ဂိုဏ်းတူညီမဖြစ်သော မုယုံချင်းအား ကာကွယ်စောင့်ရှောက်ရမည့်ဝတ္တရားရှိသည်ဟု သဘောပေါက်ထားသူဖြစ်သည်။

ကောင်းလီသည် သူတို့အိမ်တွင် လူပိုတွေ ရှိနေခြင်းကို သဘောမကျ၊ ထိုသူတို့သည် သူတို့ကိုယ်ကျိုးအတွက် မုယုံခြံဝင်းမှထွက်မသွားကြခြင်းဟု သူနားလည်ထားသည်၊ သူက အမှတ်မဲ့မနေဘဲ ဓားရဲတိုက်သခင်မတို့အား အမြဲအကဲခတ်



နေတတ်သည်။

ဓားရဲတိုက်သခင်မသည် ကျင်းဝီတို့ဇနီးမောင်နှံနှင့် အလွန်သင့်လှသည်၊ ကောင်းလီသည် သူတို့အားသဘောမကျသော်လည်း မိခင်ဖြစ်သူက လိုလိုလားလားရှိနေသဖြင့် စိတ်မသက်မသာဖြင့်ကြည့်နေရသည်၊ သူက မိခင်အား သတိပေးစကားပြောချင်နေသော်လည်း လွတ်လွတ်လပ်လပ်စကားပြောချိန်မရသဖြင့် အခွင့်အရေးရမည့်အချိန်ကိုသာ စောင့်နေရသည်။

ခုနစ်ရက်မြောက်တွင် ဓားရဲတိုက်မှလူယုံတော် ရောက်လာသည်၊ ဓားရဲတိုက်သခင်မက အရေးပေါ် ကိစ္စတစ်ခုရှိသဖြင့် ရဲတိုက်သို့ ခေတ္တပြန်မည့်အကြောင်းပြောသည်၊ ရဲတိုက်သခင်မ ဓားရဲတိုက်သို့ပြန်ရာတွင် ကျင်းဝီတို့ ဇနီးမောင်နှံပါလိုက်ပါသွား၏၊ ကောင်းလီက မိခင်ဖြစ်သူနှင့် လွတ်လွတ်လပ်လပ်စကားပြောခွင့်ရပြီဟုတွေးလျက် မိခင်ရှိရာ ဧည့်ခန်းဆောင်သို့ဝင်သည်။

ဧည့်ခန်းဆောင်တွင် မုယုံချင်းအား အိမ်တော်ထိန်းကြီးနှင့် အတူတွေ့ရသည်၊ သူတို့သည် အကြောင်းအရာ တစ်ခုကို အကြိတ်အနယ်ပြောဆိုနေကြပုံပေါ်သည်၊ ကောင်းလီ ဝင်လာသည်ကိုတွေ့သော်လည်း သူတို့က စကားပြောမရပ်ဘဲ ပြောလက်စစကားကို ဆက်ပြောနေကြသည်။

'ကျွန်တော် သူတို့ဆီကို အကျိုးအကြောင်းအပြည့်အစုံ စာရေးလိုက်တယ်၊ သခင်မကို ဆေးကုလို့မရအောင် နှောင့်ယှက်တာတွေ စာထဲမှာ ပြည့်ပြည့်စုံစုံ ထည့်ရေးလိုက်တယ်၊ သခင်မကိုတိုင်ပင်နေရင် တားမှာစိုးလို့ ကျွန်တော့်သဘောနဲ့

ကျွန်တော် စာရေးလိုက်တာ'

မုယုံချင်းက ပြုံးပြီးခေါင်းဆက်သည်၊ သူ၏မျက်နှာတွင် ကျေနပ်ဟန်များထင်နေ၏။

'အိမ်တော်ထိန်းကြီးက လုပ်သင့်တဲ့အလုပ်ကို လုပ်လိုက်တာပဲ၊ အခုလိုလုပ်တဲ့အတွက် ကျွန်မအပြစ်မတင်ပါဘူး၊ ကျွန်မကိုယ်တိုင်ကလဲ အစ်ကို့ထင်းလုံဆီ စာရေးအကြောင်းကြားမယ်လို့ စဉ်းစားနေတာ'

မုယုံချင်း၏ စကားကိုအကြားတွင် အိမ်တော်ထိန်းကြီး စိတ်သက်သာရာရသွားသည့်ဟန်ရှိသည်၊ သူ့ထံမှ ရှည်လျားသက်ပြင်းချသံတစ်ချက်ပေါ်လာ၏။

'ကျွန်တော့်အနေနဲ့ သခင်မလေးကို သတိပေးစရာတစ်ခုရှိသေးတယ်'

'ဘာသတိပေးမလို့လဲ အိမ်တော်ထိန်းကြီး'

'မုယုံခြံဝင်းထဲရောက်နေတဲ့ ဧည့်သည်တွေနဲ့ပတ်သက်ပြီး သတိပေးချင်တာပါ'

အိမ်တော်ထိန်းကြီးသည် သူ့လိုင် ခေါ်းရဲတိုက်သခင်မတို့ကို သဘောမကျကြောင်းသိရသဖြင့် ကောင်းလီ ဝမ်းသာသွား၏၊ သူ၏ ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

'ဟုတ်တယ်မေမေ....ကျွန်တော်လဲ အဲဒီကိစ္စကို ပြောချင်နေတာကြာပြီ။ ခေါ်းရဲတိုက်သခင်မနဲ့ ဦးလေးကျင်းဝီတို့ကို ကျွန်တော်မယုံဘူး၊ အခုပဲကြည့်.... ဦးလေးကျင်းဝီတို့ဟာ မုယုံခြံဝင်းမှာ အရေးကိစ္စပေါ်နေလို့ ကူညီရအောင်လာတာလို့ပြောနေကြပြီး ခေါ်းရဲတိုက်သခင်မကခေါ်တာနဲ့ ချက်



ချင်းထလိုက်သွားတာဟာ သူတို့ရဲ့စိတ်ထားအမှန်ကို ဖော်ပြလိုက်တာပဲ၊ တကယ်တော့ သူတို့ဟာ မုယုံခြံဝင်းကို ကာကွယ်ချင်လို့ အကူအညီပေးချင်လို့လာကြတာမဟုတ်ဘူး၊ သူတို့အကျိုးရှိနိုင်တဲ့အကြောင်းတစ်ခုခုကြောင့် လာကြတာပဲဖြစ်မယ်'

မုယုံချင်း ခေါင်းဆတ်ခါလိုက်သည်၊

'ခေါ်းရဲတိုက်သခင်မက မေမေ့ပဲ့ညာသင်ဘက် အစ်မကြီးပါ၊ ကျင်းဝီက မေမေ့မောင်ပဲ၊ မင်းက သူတို့ကို ဘာဖြစ်လို့မကောင်းထင်နေတာလဲ'

'ကျွန်တော့်မှာ ခိုင်ခိုင်လုံလုံ အကြောင်းပြစရာတော့ မရှိပါဘူး၊ သူတို့ဟာမရိုးသားဘူးလို့ စိတ်ထဲက အလိုလိုထင်နေတာ၊ မေမေ့အနေနဲ့ သူတို့ကိုအလွန်အကျွံမယုံပါနဲ့လို့ သတိပေးချင်တယ်၊ အမြဲသတိရှိနေရင် သူတို့က အန္တရာယ်ပြုလာတောင် ရင်ဆိုင်ဖို့ အသင့်ဖြစ်နေလိမ့်မယ်'

မုယုံချင်း တွေခနဲတစ်ချက်ဖြစ်သွားသည်၊ ပြီးမှ အသာအယာခေါင်းညိတ်သည်။

'သားပြောတာ နည်းလမ်းကျပါတယ်၊ မေမေသတိထားပါ့မယ်'

မိခင်ဖြစ်သူက သူ့စကားကို အလေးအနက်သဘောထားသဖြင့် ကောင်းလီဝမ်းသာသွားသည်၊ ယောကျ်ားပီသ ချော

မောသောသူ့မျက်နှာတွင် ကြည်လင်သောအပြုံးတစ်ရပ်ပေါ်လာ၏။

'အခုကိစ္စတွေမပေါ်ခင် မေမေ ကျွန်တော့်ကိုကတိပေးထားတာတစ်ခုရှိတယ်၊ အဲဒါကိုသတိရသေးရဲ့လား'

မုယုချင်း တွေဝေနေဖြစ်သွားသည်၊ ကောင်းလီပြောသည့်အကြောင်းအရာကို စဉ်းစားဟန်က တစ်ခဏမျှငြိမ်နေသည်။ ပြီးမှ သူက ခေါင်းကိုညင်သာစွာညိတ်လိုက်ပြီး။

'ဟုတ်သားပဲ သားကို သိုင်းပညာသင်ပေးမယ်လို့ ပြောထားပြီး မေမေ မေ့နေတယ်၊ ဒီညကစပြီး မင်းကို မေမေ သိုင်းပညာသင်ပေးမယ်၊ ညဘက်မှာမြေအောက်လျှို့ဝှက်ခန်းကဲဆင်းပြီး သိုင်းပညာသင်တာ၊ အကောင်းဆုံးဘဲ မင်းအဆင့်ဖြင့်သိုင်းပညာသင်နေတာကို လျှို့ဝှက်ထားပါ၊ အိမ်တော်ထိန်းကြီးက ကောင်းလီကို သိုင်းပညာသင်ပေးနေတဲ့ အချိန်မှာ လုံခြုံရေးအတွက် တာဝန်ယူပါ ပြီးတော့ လျှို့ဝှက်ချက်ကိုလဲ ထိန်းသိမ်းပါ'

'စိတ်ချပါသခင်မ လုံခြုံရေးအတွက် ကျွန်တော်အသက်ပေးပြီး တာဝန်ယူပါ့မယ်၊ လျှို့ဝှက်ချက်ကို အသက်နဲ့ထပ်တူ ထိန်းသိမ်းပါ့မယ်'

မုယုချင်း ခေါင်းညိတ်လိုက်သည်။

'စကားအဖြစ်ပြောရပေမယ့် အိမ်တော်ထိန်းကြီးကိုကျွန်မ ယုံကြည်စိတ်ချပြီးသားပါ'



အိမ်တော်ထိန်းကြီးက လေးစားရိုကျိုးဟန်ဖြင့် မုယုချင်းအားကြည့်သည်။

'သခင်ကြီးကကျွန်တော့်ကို ကလေးကချေဘဝကနေ ကယ်တင်ပြီး လူရာဝင်တဲ့ဘဝမျိုးရောက်အောင် ပြုစုပျိုးထောင်ပေးခဲ့တယ်၊ သခင်ကြီးက စာပေပညာသင်ပေးခဲ့သလို သခင်မကလဲ သိုင်းပညာသင်ပေးခဲ့တဲ့အတွက် ကျွန်တော့်မှာပညာပြည့်ဝတဲ့လူတစ်ယောက်အဖြစ်ရောက်ခဲ့ရတယ်၊ ပြီးတော့ကျွန်တော့်အပေါ် ယုံယုံကြည်ကြည်နဲ့ အိမ်တော်ထိန်းတာဝန်ပေးခဲ့တာလဲ ကျွန်တော့်ကို ချီးမြှင့်မြှောက်စားတာပါဘဲ၊ ဒီကျေးဇူးတွေကို ကျွန်တော်တစ်သက်နဲ့တစ်ကိုယ် မမေ့နိုင်ပါဘူး၊ ဒီကျေးဇူးကို ကျွန်တော် အသက်နဲ့ရင်းပြီးဆပ်ရင်တောင် မကျေနိုင်ဘူးလို့ထင်တယ်၊ ကျွန်တော်သခင်မတို့အပေါ် ဘယ်တော့မှ သစ္စာမဖောက်ပါဘူး'

အိမ်တော်ထိန်းကြီးသည် စိတ်ရင်းအတိုင်း ပြောနေခြင်းဖြစ်ကြောင်း မျက်နှာကိုကြည့်ယုံနှင့် သိသာနေသည်၊ထိုစကားထိုအမူအယာတို့ကြောင့် ကောင်းလီမှာ အိမ်တော်ထိန်းကြီးအား ပို၍ခင်မင်သွားသည်။

'ဒီည ကောင်းလီကို သိုင်းပညာသင်ဖို့အတွက် အိမ်တော်ထိန်းကြီးကဘဲ မြေအောက်ခန်းကိုပြင်ထားလိုက်ပါ၊ ကျွင်းစီတို့မရှိတဲ့အတွက် အိမ်ရဲ့လုံခြုံရေးကို ပိုပြီးဂရုစိုက်ပါ၊ ခုမနက်စာစားချိန်ရောက်နေပြီ၊ မနက်စာစားဖို့ စားသောက်ခန်းကိုသွားကြစို့'

မုယု ချင်းက စကားကိုအဆုံးသတ်ပြီး နေရာမှ ထသည်၊ ကောင်းလီတို့လည်း မုယု ချင်းနှင့်အတူ နေရာမှ ထလိုက်ကြလေ၏။

* * *

ကောင်းလီသည် မုယု ခြံဝင်းရှိကြီးပြင်းခဲ့သူဖြစ်သော်လည်း မြေအောက်ခန်းသို့ မရောက်ဘူးပေ၊ မြေအောက်ခန်းဟူသည် မှောင်မည်းတိတ်ဆိတ်ပြီး အနံ့အသက်ဆိုးများ ပျံ့နှံ့လျက် မွန်းကျပ်သော ဝေဒနာကိုပေးလိမ့်မည်ဟု သူ ထင်မှတ်ထားခဲ့သည်၊ မြေအောက်ခန်းသို့ လက်တွေ့ဆင်းရသည့်အခါ သူ၏ အထင်နှင့် ဆန့်ကျင်ဘက်ဖြစ်နေကြောင်းတွေ့ရ၏။

မုယုံဂေဟာ၏ မြေအောက်ခန်းသည် ကျယ်ဝန်းသန့်ရှင်းပြီး ဖြူဖွေးကြည်လင်သောအလင်းရောင်ပျံ့လွင့်နေ၏၊ အလင်းရောင်မှာ လျှို့ဝှက်အလင်းပေါက်မှ ဝင်နေခြင်းဖြစ်ပြီး အခန်းထဲရှိ မှန်ချပ်ကြီးများပေါ် ကျရောက်ပြီး ရောင်ပြန်ဟပ်ကာ မြေအောက်ခန်းတစ်ခုလုံး လင်းနေခြင်းဖြစ်၏။



ညနေစာစားသောက်ပြီးထည်နှင့် မုယု ချင်းက ကောင်းလီအားခေါ်ကာ မြေအောက်ခန်းသို့ဆင်းသည်၊ အပြင်ဘက်တွင် လင်းနေဆဲဖြစ်၍ မြေအောက်ခန်းတွင်လည်းနေဝင်ချိန်အလင်းရောင်များ ပျံ့နှံ့ကာလင်းနေသည်၊ အလင်းဝင်ပေါက်မှအေးမြသော လေပြည်က မြေအောက်ခန်းသို့ တိုးဝင်နေသဖြင့် တစ်ချက်တစ်ချက်တွင် သင်းပျံ့သော ပန်းရနံ့ကိုပါရနေ၏။

'ကျွန်တော်က မြေအောက်ခန်းထဲမှာ မှောင်နေမယ်လို့ ထင်တာ အခုတော့ ညနေစောင်းမှာတောင် လင်းနေတာပဲ၊ အပြင်မှာထက်တောင် ပိုပြီးလင်းနေတယ်လို့ စိတ်ကထင်ရတယ်'

ကောင်းလီက မြေအောက်ခန်းကို လှည့်ပတ်ကြည့်လိုက်ရင်းက တအံ့တသြဖြင့်ပြောသည်၊ မုယု ချင်းသည် ဂုဏ်ယူဝင့်ကြွားဟန်ဖြင့်....

'ဒါ....မုယု မျိုးနွယ်ရဲ့ ဗိသုကာပညာပေါ့လူလေး၊ မေမေ့ အဘိုးရဲ့အဘိုးက ဗိသုကာပညာရှင်ကြီးတစ်ယောက်ပဲ၊ ဒီအိမ်ကို သူကိုယ်တိုင်ဆောက်ခဲ့တာ၊ ဒီအိမ်ရဲ့ အခန်းတိုင်းမှာ လျှို့ဝှက်ချက် ရှိတယ်...ပင်မ အခန်းသုံးခန်းကနေ ဒီမြေအောက်ခန်းကို ဆင်းလို့ရတယ်၊ ညမှောင်လာတဲ့အခါ အပြင်မှာလို မီးအိမ်တွေ မီးပုံးတွေထွန်းစရာမလိုဘဲ လင်းနေတာကို မင်းတွေ့ရလိမ့်ဦးမယ်....အမှောင်ထု သိပ်သည်းလေ ဒီထဲမှာလင်းလေပဲ'

'အဲ့သလို ဘာလို့ဖြစ်တာလဲမေမေ'

'မီးစုံကျောက်ကြောင့်ပေါ့၊ လျှို့ဝှက်အလင်းဝင်ပေါက်

မှာ မီးစုံကျောက်ရှိတယ်....မှောင်လာတာနဲ့ဒီကျောက်ကအလင်းရောင်ထွက်လာတယ်....အဲဒီအလင်းရောင်က နေ့ခင်း သဘာဝအလင်းရောင်ဝင်သလိုပဲ မြေအောက်ခန်းကိုဝင်တယ်....မှန်ချပ်ကြီးတွေကတစ်ဆင့် အလင်းရောင်ပျံ့တော့ မြေအောက်ခန်းမှာ နေ့ခင်းလိုပဲ လင်းနေတာပေါ့၊ နေဝင်စ အလင်းနဲ့အမှောင်ကူးစအချိန်လေးတစ်ချိန်ပဲ ဒီအထဲမှာ နည်းနည်းမှောင်တယ်၊ အဲ့ဒါကလဲ လုံးဝမှောင်မည်းသွားတာမျိုးမဟုတ်ပါဘူး'

မယု ချင်းက ကေားပြောရင်း ခန်းမကြီးအလယ်ရှိစားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်၏၊ စားဖွဲ့ပေါ်တွင် အိမ်တော်ထိန်းကြီး ကြိုတင်ပြင်ဆင်ထားသော ရေနွေးကြမ်းနှင့် စားသောက်ဖွယ်ရာများ ရှိနေသည်။

'တအောင့်လောက်နေရင် အပြင်ဘက်မှာ မှောင်ရိပ်သန်းမယ်....အဲဒီအချိန်ကျရင် ဒီအထဲမှာ နည်းနည်းမှောင်သွားလိမ့်မယ်....အပြင်ဘက်မှာ လုံးလုံးမှောင်သွားတာနဲ့ ဒီအထဲမှာလင်းလာလိမ့်မယ်....ဒီအလင်းတွေ အမှောင်တွေဟာ မင်းသင်ရမယ့် အတွင်းအားကျင့်စဉ်ကို ဘယ်လိုမှ အနှောက်အယှက်မပေးဘူး၊ မင်းအတွင်းအား လေ့ကျင့်နေတဲ့ အခါကျရင် အလင်းတွေ အမှောင်တွေကိုတောင် သတိထားမိမှာ မဟုတ်တော့ဘူး၊ အခုမေမေတို့ ရဲခေတ်အတွင်းအားပညာကိုစပြီး သင်မယ်....ပထမဆုံး မင်းဖတ်ထားတဲ့ အတွင်းအားကျင့်စဉ်ကျမ်းထဲက စာသားတွေကို မှတ်မိသလောက် ပြန်ရွတ်ပြစမ်းပါဦး'

ကောင်းလီက အခန်းကျယ်ကြီးကို လှည့်ပတ်ကြည့်ရှုနေ



ရာမှ သူ့မိခင်ရှေ့တွင် ဝင်ထိုင်သည်၊ ပြီး မျက်လုံးအစုံကိုမှေးမှိတ်လျက် အတွင်းအားကျင့်စဉ်ကျမ်းတွင် ပါရှိသော စာသားများကို စဉ်းစားသည်၊ ကျင့်စဉ်ကျမ်း၏ အဖွင့်စာသားများကို စဉ်းစားမိသည်နှင့် သူ့နှုတ်မှ ပီသပြတ်သားစွာရွတ်ဆိုသည်၊ ကျမ်းအစပိုင်းလောက်ကို သေသေချာချာမှတ်မိသည်ဟု ယုံကြည်စွာနှင့် စာသားများကိုရွတ်ဆိုရင်း အစပိုင်းသာမက ကျမ်းအလယ်ပိုင်းထိရောက်လာသည်၊ ကျင့်စဉ်ကျမ်းပါ စာသားများသည် ကောင်းလီ၏နှုတ်မှ အဆက်မပြတ်စီးဆင်းနေသော ရေအလျဉ်ပမာ အလျဉ်မပြတ်ထွက်ပေါ်နေ၏။

မယု ချင်းသည် မှားယွင်းခြင်း တစ်ချက်ခြင်းမရှိဘဲ ကျင့်စဉ်ကျမ်းပါ စာသားများကို ရွတ်ဆိုပြနေသော ကောင်းလီအား တအံ့တသြကြည့်နေသည်၊ ကျမ်းစာအစအဆုံး စာသားများကို ရွတ်ဆိုပြီးသည့်အခါ သူကကျေနပ်အားရသောအမူအရာနှင့်....

'သားက သိပ်တော်တာပဲ၊ ကျမ်းစာ တစ်စောင်လုံးကို အလွတ်ရနေတာ မေမေ့ကိုပြောရောပေါ့'

ကောင်းလီက ခေါင်းကိုညင်သာစွာခါလိုက်၏။

'ကျွန်တော် ဒီကျမ်းကို အခေါက်ခေါက်အခါခါဖတ်ထားတာပဲရှိတယ်၊ အလွတ်ရအောင် မကျက်မှတ်ဖူးဘူး၊ အခုစာသားတွေကို ရွတ်ကြည့်ရင်း မှ်းအစအဆုံး အလွတ်ရနေလို့ ကျွန်တော့်ကိုယ်ကျွန်တော်တောင် မယုံကြည်နိုင်အောင်ဖြစ်မိတယ်'

မုယှုံချင်း၏မျက်နှာတွင် ထူးခြားသောအပြုံးတစ်ရပ်ပေါ်လာ၏၊ သူက ကောင်းလီအားပြုံးလျက်ကြည့်ရင်း....

'သား အခုလို မှတ်မိနေတာ ထူးထူးခြားခြားမှတ်ဉာဏ်ကောင်းလို့ပဲ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်သောက်က သားလိုပဲ မှတ်ဉာဏ်ကောင်းတဲ့ လူတစ်ယောက်ကို မေမေတွေ့ဖူးတယ်.... သူက မုယှုံမျိုးဆက်မှာ အတွင်းအားအကောင်းဆုံးလို့ပြောရမယ့် ဘိုးဘိုးရဲ့တပည့်တစ်ယောက်ပေါ့....ထင်းလုံဆိုတဲ့နာမည်ကို အိမ်တော်ထိန်းကြီးပြောတာ သားကြားတယ်မဟုတ်လား မေမေပြောတဲ့လူက အဲဒီထင်းလုံပဲ'

ကောင်းလီ၏မျက်လုံးအစုံ အရောင်တဖျပ်ဖျပ်လက်သွား၏၊ သူက မိခင်အား စူးစိုက်ကြည့်နေရင်းမှ....

'အဲဒီလူက အခုသယ်မှာလဲ'

'သူ ဘယ်ရောက်နေတယ်ဆိုတာ မေမေလဲမသိလူး၊ သူက နေရာအတည်တကျမနေဘဲ တရုတ်ပြည်အနှံ့ အပြားလျှောက်သွားနေတာဘဲ'

'ဒါဆိုရင် အိမ်ထိန်းတော်ကြီးက စာရေး အကြောင်းကြားတာ သူ ဆီကို ဘယ်လိုလုပ်ရောက်နိုင်မှာလဲ မေမေ'

'သားက ဒီလိုမေးလာလိမ့်မယ်ဆိုတာ မေမေသိတယ်၊ အိမ်ထိန်းတော်ကြီး စာရေးအကြောင်းကြားတာ သူ့ဆီကို တိုက်ရိုက်မရောက်ဘူး၊ သူနဲ့ အမြဲတန်း အဆက်အသွယ်ရှိတဲ့ လူတစ်ယောက်ဆီကိုပဲ ရောက်တယ်၊ အဲဒီကြားခံလူက စားသောက်ဆိုင်ပိုင်ရှင်တစ်ယောက်ပဲ၊ သူနဲ့ အစ်ကိုကြီးထင်းလုံ စာပို့ခိုသုံးပြီး အမြဲဆက်သွယ်နေကြတယ်'



ကောင်းလီမှာ ထင်းလုံဆိုသည့် သိုင်းပညာရှင်ကြီးကို စိတ်ဝင်စားသွားသည်၊ မုယှုံချင်းက ထင်းလုံအကြောင်း သေသေချာချာ မပြောရသေးခင် နာမည်ကြားယုံနှင့် စိတ်ဝင်စားနေခြင်းကြောင့် သူ့ကိုယ်သူပင် အံ့သြသွားမိ၏။

'မင်းက အစ်ကိုကြီးထင်းလုံကို စိတ်ဝင်စားသွားပြီနဲ့တူတယ်၊ နောက်ရက်တွေကျရင် သူ့အကြောင်း မေမေပြောပြပါမယ်၊ လောလောဆယ် မေမေတို့ သိုင်းပညာဆက်သင်ကြရအောင်'

မုယှုံချင်းကစကားလမ်းကြောင်းပြောင်းလိုက်ပြီး ကောင်းလီအား ကျင့်စဉ်အကြောင်း စာတစ်ပုဒ်ခြင်း ရှင်းပြသည်၊ ကောင်းလီက သူ့မိခင်ရှင်းပြနေသည်ကို စိတ်ဝင်တစားနား ထောင်၏။

အတွင်းအားကျင့်စဉ် အပိုင်းတစ်ကိုရှင်းပြပြီးနောက် သက်တွေ့ကျင့်စဉ်ကို ဆက်ပြီးရှင်းပြသည်၊ ကောင်းလီမှာ မျက်တောင်ခပ်ရန်ပင် မေ့လျော့သွားလျက် မုယှုံချင်းရှင်းပြသည့်အပေါ် အာရုံစိုက်မိသွား၏။

မုယ့်ချင်းက အတွင်းအားကျင့်စဉ် အခြေခံသဘောတရား နှင့် ကျင့်စဉ်အကြောင်းပြောဆိုနေစဉ် မြေအောက်ခန်းတွင် အနည်းငယ်မှောင်လာ၏၊ သို့သော် ကောင်းလီတို့သားအမိမှာ အမှောင်ကို သတိထားမိခြင်းမရှိ၊ သူတို့၏အာရုံမှာ အတွင်း အားကျင့်စဉ်၌သာ စွဲမြဲစွာ ညှို့ငင်ခံနေကြ၏။

အနည်းငယ်မှောင်သွားသည့်မြေအောက်ခန်းတွင် အလင်း ရောင် ပြန်ဖိုးမိုးလာသည်၊ မုယ့်ချင်းက အဆင့်ကိုးဆင့်ရှိ သော အတွင်းအားကျင့်စဉ်ကို ရှင်းပြရင်း သန်းခေါင်ယံ အချိန်သို့ ရောက်လာသည်။

သူသည် အချိန်ကိုခန့်မှန်းမိသဖြင့် ကောင်းလီအား အကဲ ခတ်ဟန် လှမ်းကြည့်သည်၊ ကောင်းလီမှာ စိတ်ဝင်စားခြင်း ဖြင့် ရှင်လန်းတက်ကြွနေဆဲဖြစ်၍ အဆင့်တစ်ကို စတင်လေ့ ကျင့်ခိုင်းသည်။

ကောင်းလီသည် သိုင်းပညာကို အဆင့်မြင့်မြင့်တတ်ထား သူ ဖြစ်သည်။

သူသည် ဆယ်နှစ်သားအရွယ်မှစ၍ အတွင်းအားကျင့်စဉ် ကို လေ့ကျင့်ခဲ့သူဖြစ်သည်။

သို့သော် ယခုမှ ရှေးခေတ်အတွင်းအားကျင့်စဉ်ကို လေ့ ကျင့်ရာ၌မူ တော်တော်နှင့်လေ့ကျင့်၍မရပဲရှိသည်၊ မုယ့်ချင်း က ကောင်းလီအား ခေတ္တနားခိုင်းပြီး ရေနွေးကြမ်းနှင့်မုန့် များ စားသောက်ကြ၏၊ ပြီးမှ ကောင်းလီကို ဒုတိယအကြိမ် လေ့ကျင့်ခိုင်းသည်။



ယခုတစ်ကြိမ်တွင် ကောင်းလီသည် ပျံ့လွင့်နေသော သူ၏ စိတ်ကို ထိန်းသိမ်းနိုင်သွား၏၊ မျက်လုံးမှိတ်လျက် ထိုင်ကာ အတွင်းအားလေ့ကျင့်ရင်း သူသည် သီးခြားနက်မှောင်တစ်ခုထဲသို့ ရောက်သွား၏၊ သူသည် မျက်နှာချင်းဆိုင်ထိုင်နေသောမိခင်ကို ပင် မေ့လျော့သွားလေသည်။

* * *

## အခန်း (၄)

## မျက်နှာစိမ်း ညှော်သည်

စုကျွန်းမြို့၏ မြို့လည်လမ်းတစ်လျှောက်တွင် လူတော့ စည်စည်ကားကားနှင့် လှုပ်ရှားသွားလာနေကျသည်၊ မြို့လယ်ခေါင်ရှိ စားသောက်ဆိုင်တွင် လူတွေ တိုး၍မပေါက်အောင် ရှိနေသည်။

စားသောက်ဆိုင်အတွင်းသို့ ရှည်လျားသော အစိမ်းရောင်ဝတ်စုံဝတ်ဆင်ထားသည့် စာပေသမားတစ်ယောက်ဝင်လာ၏၊ သူက နေရာလပ်မရှိအောင် စားသောက်သူများဖြင့်ပြည့်နေသော စားပွဲများကို မျက်လုံးဝေ့ကြည့်ပြီး ထိုင်စရာနေရာရှာ၏။



ဆိုင်အတွင်းရှိ စားသောက်သူများသည် ဝတ်ရုံစိမ်းစာပေသမားအား တစ်ချက်လှမ်းကြည့်၏၊ ထိုသူ ထိုင်စရာနေရာရှာနေမှန်း သိကြသော်လည်း ခေါ်ပြော နေရာပေးမည့်သူမရှိ၊ စားပွဲတစ်လုံးတွင် တစ်ယောက်တည်းထိုင်နေသူကပင် မျက်နှာလွှဲလိုက်သည်။

ဆိုင်အလယ်တွင် ယောင်ချာချာနှင့်ရပ်နေသော စာပေသမားအနီးသို့ စားပွဲထိုးတစ်ယောက် ရောက်လာသည်၊ စားပွဲထိုးက ဖော်ရွေသော အမူအယာနှင့်....

'ကျွန်တော့်နောက်က လိုက်ခဲ့ပါဗျာ....ဟိုဘက်ထောင့်မှာ ထိုင်စရာနေရာရှိပါတယ်'

စာပေသမားက တည်ငြိမ်သောအမူအယာနှင့် စားပွဲထိုးကိုခေါ်ရာသို့ လိုက်ခဲ့သည်၊ စားပွဲထိုးသည် ဆိုင်ထောင့်သို့ လျှောက်သွားပြီး ပြတင်းပေါက်နှင့်ကပ်လျက်ရှိသော စားပွဲရှေ့တွင်ရပ်လိုက်၏။

ပြတင်းပေါက်ဘေးစားပွဲတွင် မှုလူက မည်သည့်အရောင်ဟုမသိနိုင်တော့လောက်အောင် အရောင်အဆင်းမှေးမှိန်သည့်ဝတ်စုံဝတ်ထားသော အဘိုးအိုတစ်ယောက်နှင့် အပြာရောင်ဝတ်စုံဝတ်ထားသော လူငယ်တစ်ယောက်တို့ ထိုင်နေကြသည်၊ အဘိုးအိုက စားပွဲရှေ့တွင် လာရပ်သော ဝတ်စုံစိမ်း စာပေသမားနှင့် စားပွဲထိုးတို့အား ဖျတ်ခနဲမော့ကြည့်ပြီး....

'ထိုင်ပါ ဒီစားပွဲမှာထိုင်လို့ရပါတယ်'

ဝတ်စုံစိမ်းစာပေသမားက အားတုန့်အားနာ အမူအယာနှင့် အဘိုးအိုတို့အားကြည့်သည်။

'သူက်နေရာရှိတယ်ပြောပြီး ခေါ်လို့လိုက်လာတာ ဦးတို့ သီးသီးသန့်သန့်စားသောက်နေတာကို နှောင့်ယှက်ချင်လို့လာတာမဟုတ်ပါဘူး'

စားပွဲသမား၏စကားကြောင့် အတိုးအို ရယ်လိုက်သည်။

'စားပွဲထိုးလေးက သူ့သဘောနဲ့သူ ခေါ်တာမဟုတ်ပါဘူး၊ ကျုပ်ခေါ်ခိုင်းလိုက်လို့ တူမောင့်ကို ခေါ်လာတာပါ၊ တူမောင်မြင်တဲ့အတိုင်းပဲ တစ်ဆိုင်လုံးက စားပွဲတွေလူပြည့်နေတယ်၊ ဒီစားပွဲမှာက ကျုပ်တို့မြေးအတိုးပဲရှိတော့ နောက်လူတစ်ယောက်ထိုင်လို့လဲ ဘာမှဖြစ်မသွားပါဘူး၊ ဒါကြောင့် နေရာမရဘဲ ယောင်ချာချာဖြစ်နေတဲ့ တူမောင်ကို ခေါ်ခိုင်းပြောလိုက်တာ၊ ထိုင်ပါ ကျုပ်တို့မြေးအတိုးကို အားနာစရာမလိုပါဘူး'

ဝတ်စုံစိမ်းစာပေသမားက အတိုးအိုအား စူးစိုက်သောမျက်လုံးအစုံဖြင့် တစ်ချက်ကြည့်ပြီး ထိုင်ခုံဆွဲကာ ထိုင်သည်၊ နေရာတွင်ထိုင်မိသည်နှင့် စားပွဲထိုးအား စားသောက်ဖွယ်ရာများမှာသည်၊ အစားအသောက်များရောက်အလာကို စောင့်ရင်းမှ သူက အတိုးအိုနှင့် လူငယ်တို့အား အကဲခတ်ဟန်ဖြင့် လှမ်းကြည့်သည်။

အတိုးအိုသည် နွမ်းနွမ်းဖတ်ဖတ်နိုင်သော အဝတ်အစားကိုဝတ်ထားသော်လည်း သူ့ရုပ်သွင်မြင်က ခန့်ညားလှသည်၊ ဖြူဖွေးသော ဆံပင်ရှည်ရှည်ကို သေသပ်စွာ ဖြီးသင်ထုံးဖွဲ့ထားသည်၊ သူ့ကျောထက်တွင် ဓားတစ်လက် လွယ်ပိုးထားသည့်ပမာ ရှည်လျားသော ပလွေတစ်ချောင်းကို ကြိုးဖြင့်ဆိုင်း



လွယ်ပိုးထားသည်၊ အတိုးအို၏ကျောဘက်မှ ပလွေမှာရွှေငွေရောင်ဝါးဖြင့်ပြုလုပ်ထားပြီး အဝါရောင်တဖိတ်ဖိတ်လက်နေသည်။

အပြာရောင် ဝတ်ဆင်ထားသည့် လူငယ်မှာ နုနယ်ချောမောသောရုပ်ချည်ပိုင်ရှင်ဖြစ်၏၊ မေးဖျားသို့မှဲ့နက်ကြီး တစ်လုံးကြောင့် သူ၏ရုပ်သွင်မှာ မိန်းမဆန်နေသည်၊ သူ၏ဝတ်စုံမှာ အဖိုးတန်မဟုတ်သော်လည်း သန့်ပြန့်နေသည်၊ လူငယ်၏ကျောဘက်တွင်လည်း ပလွေတစ်ချောင်းကို လွယ်ပိုးထား၏၊ လူငယ်၏ကျောဘက်ရှိ ပလွေမှာ မဟူရာရောင် တောက်ပြောင်နေသော ပလွေတစ်ချောင်းဖြစ်ပြီး အတိုးအို၏ပလွေလောက်မရှည်ပေ။

အတိုးအိုနှင့်လူငယ်တို့သည် တေးသီချင်းသည်များ အဖြစ်ဟန်ဆောင်ထားသော သိုင်းသမားဖြစ်ကြောင်း ဝတ်စုံစိမ်းစာပေသမားသိလိုက်သည်၊ အတိုးအိုက အဝတ်အစားအဆင်အပြင်ဖြင့် ချုပ်ဖျက်ထားသော်လည်း အတွင်းအား ပြည့်ဝသဖြင့် စူးရှပြောင်လက်အရောင်ထွက်နေသော မျက်လုံးအစုံကို မည်သည့်အရာနှင့်မှ ဖုံးကွယ်၍ရပုံမပေါ်၊ ထိုမျက်လုံးဝန်းက သူ၏ဇာတိရုပ်ကိုဖော်ထုတ်ပြနေသကဲ့သို့ရှိ၏။

'တောက်ထား ညာတာစိတ်ရှိတဲ့ ဦးကို ကျေးဇူးတင်ပါတယ်ခင်ဗျား၊ ဦးသာနေရာမပေးရင် နေရာမရလို့ ကျွန်တော်ဒီဆိုင်ထဲကထွက်သွားရမှာသေချာတယ်'

ဝတ်စုံစိမ်းစာပေသမားက အတိုးအိုလက်နှစ်ဖက်ကိုဆုပ်၍ဂါရဝပြုရင်းမှပြောသည်၊ အတိုးအိုက သူ့ရှေ့မှ အရက်ခွက်

ကိုဆွဲယူ၍သောက်လိုက်ရင်း....

'ထိုင်ဖို့နေရာတစ်နေရာပေးတာ ကျေးဇူးတင်စရာ မဟု ပါဘူး၊ ကျုပ်ကိုကျေးဇူးတင်မနေပါနဲ့'

'ဦးအတွက်တော့ ဒီကိစ္စက သိပ်အရေးကြီးတဲ့ကိစ္စမဟု ပေမယ့် ဆာလောင်ပြီး စားသောက်စရာနေရာမရတဲ့ ကျ တော့်အတွက်တော့ အခုလိုအကူအညီပေးတာဟာ တန် ဖြတ်လို့ မရပါဘူး၊ စာနာထောက်ထားတတ်တဲ့ ဦးရဲ့စိ ဓာတ်ကိုလဲလေးစားမိပါတယ်'

'ဟား....ဟား....တူမောင်က ကျုပ်ကိုမြှောက်ပင့်ပြော ပြန်ပြီ ဒီလိုပြောတဲ့အတွက် တူမောင်စားသောက်မယ့်အစာ အသောက်တွေအတွက် ကျုပ်ကပဲတာဝန်ယူပါမယ်'

စာပေသမားက ပြုံးဖြီးခေါင်းခါလိုက်သည်။

'ဦးတာဝန်မယူရပါဘူး ကျွန်တော်ကပဲ ဒီစားပွဲမှာ ကျ ကျသမျှကိုတာဝန်ယူပါမယ်'

'ဟား....ဟား အဲသလိုလိုရင် ကျုပ်က အလကားစားချ သောက်ချင်လို့ တူမောင့်ကို ဒီစားပွဲမှာလာထိုင်ဖို့ ခေါ်သ ဖြစ်သွားမှာပေါ့'

စားပွဲထိုးကစားသောက်ဘွယ်ရာများ လာချသဖြင့် စကာ ပြတ်သွား၏၊ စာပေသမားက စားသောက်ဘွယ်ရာများရော လာသည်နှင့် ခေါင်းမဖော်တော့ဘဲစားသည်၊ အတိုးအို စာပေသမားအားပြုံးလျက်ကြည့်ပြီး စားပွဲအနီး၌ရှိနေသေ စားပွဲထိုးလက်ထဲသို့ ငွေတုံးတစ်တုံးထည့်ပေးလိုက်၏၊ တ ဆက်တည်းပင် စားပွဲတစ်ခုလုံးအတွက် ကျသင့်ငွေကိုယူပါ



သည့်သဘောနှင့် လက်ဟန်ပြ၏။

စားပွဲထိုးက နားလည်သဘောပေါက်ဟန် ခေါင်းညိတ် ပြီး စားပွဲအနီးမှခွာထွက်သွား၏၊ စာပေသမားသည် ထမင်း ပေါင်း သုံးပန်းကန်အကုန်တွင် ခေါင်းမော့လာ၏။

'ကျွန်တော်ထမင်းမစားရတော့ ခုနစ်ရက်တောင်ရှိနေပြီ၊ တာလမ်းက ဖြတ်လာရင်း သစ်သီးတွေ သစ်ဥသစ်ဖုတွေ ဘဲ စားခဲ့ရတယ်၊ မနေ့ကဆိုရင် စားစရာ ဘာမှမတွေ့လို့ ရေဘဲ သောက်ခဲ့ရတယ်'

'တူမောင် ခရီးဝေးက နေလာခဲ့တာ ထင်တယ်'

'ဟုတ်ကဲ့ ကျွန်တော် နယ်ခြားကနေလာခဲ့တာ ကျွန်တော့် နာမည် ရှောင်ပင်းလို့ ခေါ်ပါတယ်'

'ရှောင်ပင်းဟုတ်လား၊ ဒီနာမည်ကိုကျုပ်ကြားဖူးပါတယ်၊ ရှောင်ပင်း ရှောင်ပင်း ဟုတ်ပြီ နတ်စစ်သည်ရှောင်ပင်းဆိုတာ မဟုတ်လား'

'ဦးက ကျွန်တော့်နာမည်ထင်ဗကဘူး၊ ဘွဲ့ကိုပါသိနေ တာကိုး'

'နတ်စစ်သည်ရှောင်ပင်းဆိုတဲ့ နာမည်ဟာ တရုတ်ပြည် တောင်ပိုင်းတစ်ခုလုံး ဟိုးဟိုးကျော်နေတာဘဲ ဒီနာမည်ကို ကျုပ်မသိဘဲနေပါမလား'

'ဒါထက် ဦးက'

'ဟား....ဟား ကျုပ်က တူမောင်လိုထင်ရှားတဲ့လူမဟုတ် ပါဘူး၊ ဆီယူဟန်ဆိုတဲ့ နာမည်ဟာ လူသိပ်မသိတဲ့နာမည်ပါ'

'ဆီယူ....ဟန်'

ရှောင်ပင်းက ထိုနာမည်ကို ရေရွတ်ရင်းမျက်လုံးကြီး[…] လာသည်၊ သူသည် အဘိုးအို ဆီယူဟာန်အား မမှိတ်မသုံ[…] မျက်လုံးအစုံဖြင့်ကြည့်၏၊ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်က သို[…] လောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော [...] သမားကြီးကို တွေ့နေပြီဖြစ်ကြောင်း သူ သိလိုက်လေ၏၊

* * *



'ကျွန်တော် ငယ်ငယ်က အမေ့ကို ပုံပြောခိုင်းတဲ့အခါ အမေက သူ့ရဲကောင်းဆီယူဟာန်အကြောင်းပြောပြတယ်၊ ဆီယူဟာန်ဟာ မကောင်းသူပယ် ကောင်းသူကယ်တဲ့သိုင်းသမား တစ်ယောက်ဖြစ်တဲ့အကြောင်း၊ ဘောင်ပိုင်းဟစ်ခွင်မှာ မင်းမူစိုးမိုးတဲ့ ခေါးပြကြီးခုနစ်ယောက်ကို ရှင်းလင်းသုတ်သင်ပစ်တဲ့ သူရဲကောင်းတစ်ယောက်ဖြစ်တဲ့အကြောင်းတွေကို သိခဲ့ရတယ် ကျွန်တော်အရွယ်ရောက်တော့ သူ့ရဲကောင်း ဆီယူဟာန် အကြောင်းကို မကြားရတော့ဘူး၊ ကျွန်တော်သိုင်းလောကထဲမှာ ကျင်လည်နေခဲ့တာ ဆယ်နှစ်ကျော်ပြီး အခုမှဘဲ ကျွန်တော် အင်မတန် လေးစားတဲ့ သူရဲကောင်းကြီးနဲ့ တွေ့ခွင့်ရတော့တယ်'

ရှောင်ပင်းက အဘိုးအိုဆီယူဟာန်အား အထင်ကြီးဟန်၊ လေးစားဟန်ဖြင့်ပြော၏၊ ဆီယူဟာန်က ပြုံးနေရင်းမှအသံတိုးတိုးဖြင့်....

'ကျုပ်က ကျုပ်နာမည်ကို တူမောင်သိအောင်ပြောပြတာ ဒီနာမည်ကို လူကြားထဲမှာ သိပ်မခေါ်ပါနဲ့၊ကျုပ် ဒီအနားမှာ ရန်သူက ဝိုင်းဝိုင်းလည်နေတာ၊ ကျုပ် စုကျီးမြို့ကိုရောက်နေကြောင်း ရန်သူသိသွားရင် လုပ်ချင်တာလုပ်လို့မရတော့ဘဲ အန္တရာယ်နဲ့ ရင်ဆိုင်ရလိမ့်မယ်'

ဆီယူဟာန်၏စကားကို ကြားသည်နှင့် ရှောင်ပင်းမှာ ဆက်မပြောမည့်စကားကို မပြောတော့ဘဲ နှုတ်ပိတ်နေလိုက်၏၊ သူက တောင်းပန်ဟန်အကြည့်ဖြင့် ဆီယူဟာန်အားကြည့်၏၊ ဆီယူဟာန်သည် ရှောင်ပင်း၏အကြည့်ကို နားလည်သဘောပေါက်

ဟန် ခေါင်းညိတ်ပြ၏။

'ကျုပ်ကလုပ်ဆောင်စရာကိစ္စရှိလို့ဒီမြို့ကိုလာတာ တူမောင်က သစ္စာဘက်တော်သား တစ်ယောက်ဖြစ်တဲ့အတွက် ကျုပ်ကိစ္စကိုဖွင့်ပြောတိုင်ပင်မယ်လို့ စိတ်ကူးထားတယ်'

'ဘာကိစ္စများလဲဦး၊ အရေးကိစ္စတစ်ခုခုရှိနေရင်လဲ ဖွင့်ပြောပါ၊ ကျွန်တော်အစွမ်းကုန်ကူညီပါ့မယ်'

ဆီယူဟန်က ဘေးဘီဝန်းကျင်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်သည်၊ ပြီး....လျှို့ဝှက်အသံဖြင့်....

'ဒီဆိုင်ထဲမှာ သွေးဂိုဏ်းကလူတွေရှိနေတယ်၊ လုံခြုံမှုမရှိတဲ့နေရာမှာ အတွင်းစကားတွေ ပြောလို့မဖြစ်ဘူး၊ ကျုပ်တို့အခု မြင်းပျံအာမခံဌာနကိုသွားကြမယ်၊ တူမောင်အဲဒီကိုလိုက်ခဲ့ပါ'

ရှောင်ပင်းက နှုတ်မှအဖြေမပေးဘဲ ဆီယူဟန်အား မသိမသာ ခေါင်းညိတ်ပြ၏၊ ဆီယူဟန်က အပြာရောင်ဝတ်လူငယ်အား မျက်ရိပ်ပြပြီး ထိုင်ရာမှထလိုက်၏။

'စားသောက်ထားတာတွေအတွက် ကျုပ်ငွေရှင်းလိုက်ပြီးပြီ....'

'ဟာ ဦး ဘာဖြစ်လို့ဒီလိုလုပ်ရတာလဲ'

ကြားသာရုံအသံဖြင့် အပြန်အလှန်ပြောရာမှ ဆီယူဟန်က တစ်ချက်ရယ်လိုက်ပြီး အသံကျယ်ကျယ်ဖြင့်....

'တူမောင်က ပလွေသံနားထောင်ချင်တယ်ဆိုရင် မနက်ဖန်ကျ ကျုပ်တို့ရှိနေမယ့်နေရာကို ရှာပြီးလာခဲ့ပေါ့၊ ဒီနေ့တော့ ကျုပ်တို့မြေးအဘိုး ခရီးပန်းလာလို့ နားဦးမယ်၊ ကျုပ်တို့ လူစည်ကားတဲ့နေရာမှာပဲရှိမှာပါ'



'ဒုတ်ကဲ့ ကျွန်တော်ရှာပြီးလာခဲ့ပါ့မယ်'

ရှောင်ပင်း၏စကားအဆုံးတွင် ဆီယူဟန်နှင့် အပြာရောင်ဝတ် လူငယ်တို့ နေရာမှထွက်ခွာသည်၊ သူတို့သည် လူပြည့်နေသောစားပွဲဝိုင်းများကြားမှ ကွေ့ပတ်ရှောင်တိမ်းပြီး ဆိုင်ပြင်သို့ထွက်လိုက်၏။

အပြင်ဘက်လမ်းပေါ်တွင် လူတွေ ဥဒဟိုသွားလာနေကြ၏၊ ဆီယူဟန်တို့သည် လူတွေကြားထဲ ရောဝင်ပြီး မြို့အရှေ့ဘက်သို့လျှောက်ခဲ့၏၊ မြို့လည်ခေါင်မှနေ၍ ဖြတ်လမ်းသုံးလမ်းကို ကျော်လိုက်သည့်အခါ ကြီးမားကျယ်ပြန့်သော ခြံဝင်းတစ်ခုကို တွေ့ရ၏၊ အဝင်တံခါးကြီး ပိတ်ထားလျက်ရှိသော ထိုခြံဝင်းအပြင်ဘက်၌ ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသည်၊ ထိုဆိုင်းဘုတ်ကြီးမှာ မြင်းပျံအာမခံဌာနဆိုသည့်ဆိုင်းဘုတ်ပင်ဖြစ်၏။

ခြံဝင်းအတွင်း၌ ကြီးမားသောအဆောက်အဦတစ်ခုရှိပြီး အဆောက်အဦရှေ့၌ အလံတိုင်တစ်တိုင်ရှိ၏၊ ထိုအလံတိုင်၌ အနီခံပေါ်တွင် အဖြူရောင် မြင်းပျံတစ်ကောင်ပုံ ရေးဆွဲထားသောအလံတစ်ခု တလူလူလွင့်၏။

'မြင်းပျံအာမခံဌာနကိုတော့ရောက်ပြီ သမီး ဖေဖေတို့ ရှေ့တံခါးကနေမဝင်ဘူး ခြံဝင်းဘယ်ဘက် လမ်းသွယ်ထဲဝင်ပြီး နောက်ဘက်ကနေ အုတ်တံတိုင်းကိုကျော်ဝင်မယ်'

သမီးဟု အခေါ်ခံရသော အပြာရောင်ဝတ် လူငယ်က ခေါင်းညိတ်ပြ၏၊ ဆီယူဟန်သည် မြင်းပျံအာမခံဌာနခြံဝင်းတစ်ဖက်ရှိ လမ်းကြားလေးထဲသို့ဝင်လိုက်၏။

လမ်းကြားလေးမှာ မြင့်မားသောအုတ်တံတိုင်းနှစ်ခုကြားတွင် ကျဉ်းကျဉ်းမြောင်းမြောင်းနှင့်တည်ရှိ၏၊ လမ်းကြား၌လူသူအသွားအလာမရှိဘဲ ရှင်းလင်းနေသည်ကိုတွေ့ရ၏။

ဆီယူဟန်က လမ်းကြားအလယ်သို့ရောက်သည်ထိလျှောက်သည်၊ မြင်းပျံအာမခံဌာန ခြံဝင်းအတွင်း၌ပေါက်နေသော သစ်ပင်ကြီးတစ်ပင်ကို တွေ့ရသည်နှင့် ရပ်လိုက်၏၊ ထိုသစ်ပင်သည် အုတ်တံတိုင်းနှင့် ကပ်လျက်ရှိနေသဖြင့် ဆီယူဟန်က ယောကျ်ားလေးတစ်ယောက်အသွင် ရုပ်ဖျက်ထားသော သူ့သမီးကို မျက်ရိပ်ပြပြီးအုတ်တံတိုင်းပေါ်သို့ ခုန်တက်လိုက်၏၊ အုတ်တံတိုင်းပေါ်မှနေ၍ သူက သစ်ကိုင်းများကြားသို့ခုန်ဝင်လိုက်၏။

ဆီယူဟန် သစ်ပင်ပေါ်သို့ရောက်အသွားတွင် အပြာရောင်ဝတ် မိန်းကလေးက ပခုံးတစ်ချက်လှုပ်ပြီး အပေါ်သို့ခုန်တက်သည်၊ သူ၏ခန္ဓာကိုယ် အုတ်တံတိုင်းပေါ်သို့ ရိပ်ကနဲရောက်သွားသည်၊ သူက ဆီယူဟန်လိုပင် အုတ်တံတိုင်းပေါ်မှနေ၍ သစ်ပင်ပေါ်သို့ခုန်ကူး၏။

'သမီး ဆီယန်းပင် ဒီကိုလာ'

ဆီယူဟန်က သူ့သမီးကို လှမ်းခေါ်လိုက်၏၊ ဆီယန်းပင်သည် သူ့ဖခင် အသံပေါ်ထွက်လာရာ သစ်ပင်ခွဆုံကြားသို့ တိုးဝင်လိုက်သည်၊

'ဒီအာမခံဌာနက အာမခံဌာနမှူးဟာ ဖေဖေ့မိတ်ဆွေ မဟုတ်လား'

ဆီယန်းပင်က အာမခံဌာနဝင်းအတွင်းသို့ တစ်ချက်လှမ်းကြည့်ပြီးမေး၏၊ အာမခံဌာနဝင်းအတွင်း၌ သိုင်းသမားတချို့ လှုပ်ရှားသွားလာနေကြသည်ကိုတွေ့ရ၏။



ဆီယူဟန်က ဆီယန်းပင်၏အမေးစကားကြောင့် အံ့အားသင့်သွားဟန်ရှိ၏၊ သူက စူးစူးစမ်းစမ်းနိုင်သောအကြည့်ဖြင့် ဆီယန်းပင်ကိုကြည့်လိုက်ပြီး....

'ဒီအကြောင်း သမီးကို ဖေဖေပြောပြီးသားပါ၊ သမီး ဘာဖြစ်လို့အခုလိုမေးရတာလဲ'

'မိတ်ဆွေဆီကိုဝင်တာ ဖေဖေက ခိုးကြောင်ခိုးဝှက်လုပ်နေလို့ မေးတာပါ'

ဆီယူဟန်ကပြုံးသည်။

'ဖေဖေတို့ဒီကိုလာတာ လူမသိစေချင်လို့ အခုလိုခိုးကြောင်ခိုးဝှက်လုပ်ရတာပေါ့ သမီး၊ ဒါလောက်တောင်မှ သမီးက မစဉ်းစားမိဘူးလား'

'သမီးက ဒီအာမခံဌာနမှူးနဲ့ပတ်သက်ပြီး ဖေဖေဖွင့်မပြောတာများရှိမလားလို့ စပ်စုကြည့်တာပါ'

ဆီယန်းပင်က ကလေးဆန်သော အမူအယာနှင့် လျှာလေး တစ်လစ်ထုတ်ပြီးပြော၏၊ ဆီယူဟန်မှာ ဉာဏ်များသော သမီးဖြစ်သူအကြောင်း သိသဖြင့် ပြုံးကြည့်နေလိုက်သည်။

'ရန်သူရဲ့အရိပ်အယောင်ကိုတောင် မတွေ့ပါဘူး၊ သမီးတို့ ခြံထဲကိုဝင်ကြမလား ဖေဖေ'

'ဝင်မယ် သမီး၊ ဒီအာမခံဌာနမှာ ရန်သူရှိရင်တော့ ဖေဖေတို့ လျှို့လျှို့ဝှက်ဝှက်နဲ့ဝင်လာတာ အလကားဖြစ်မှာပဲ၊ နေရာ

တကာမှာ အကင်းပါးပါးနဲ့ မျက်စိရှင်ရှင်ထားပါ၊ ကဲ… ဖေ
ဖေတို့ အောက်ဆင်းမယ်'

ဆီယူဟာန်က စကားဖြတ်ပြီး အောက်သို့ခုန်ဆင်းသည်၊ ဆီယန်းပင်ကလည်း သူ့ဖခင်နှင့် ထပ်ချပ်မကွာလိုက်လာ၏၊ သူတို့ မြေပြင်ပေါ်သို့ ခြေချမိစဉ်မှာပင် အညိုရောင်ဝတ်ဆင်ထားသူများ လေးဘက်လေးတန်မှ ဝိုင်းရံလာသည်ကို တွေ့လိုက်ရ၏။

* * *

အခန်း (၅)

မြင်းပျံအာမခံဌာန

ဝိုင်းရံထားသူများက လူစက်ဝိုင်းကို တစ်ဖြည်းဖြည်းကျဉ်းနေသည်။

ဆီယူဟာန်က အညိုရောင်အင်္ကျီရင်ဘတ်တွင် မြင်းပျံအာမခံဌာန အမှတ်အသားတံဆိပ်တပ်ဆင်ထားသော သိုင်းသမားများကို ကြည့်ပြီး ပြုံးလိုက်၏။

'ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာကိစ္စနဲ့ အာမခံဌာနဝင်းထဲကို ခိုးဝင်လာတာလဲ'

အာမခံသိုင်းသမားများအနက် ခေါင်းဆောင်ဖြစ်သူက မေးသည်၊ ထိုသူမှာအသက်လေးဆယ်ဝန်းကျင်ခန့်ရှိပြီး တင်းမာခက်ထန်သော မျက်နှာထားပိုင်ရှင် ဖြစ်၏၊ သူ့ခါးတွင် ဓားမြှောက်တစ်လက်ကို ချိတ်ဆွဲထား၏။

'ကျုပ်တို့ ကျုံးလင်နဲ့တွေ့ဖို့ လာတာပါ'

'အာမခံဌာနမှူးနဲ့တွေ့ဖို့လာတာ ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက်နဲ့ ခြံဝင်းထဲကို ဝင်လာရတာလဲ၊ အခုလိုလာကတည်းက ခင်ဗျားတို့မရိုးသားတာ သိသာပါတယ်၊ ခင်ဗျားဘယ်သူလဲဆိုတာ ပြောပါ'

'ကျုပ်က ကျုံးလင်ရဲ့မိတ်ဆွေတစ်ယောက်ပဲ'

'ဌာနမှူးရဲ့မိတ်ဆွေဆိုရင် နာမည်ပြောပါ'

ဆီယူဟန်က ခေါင်းကို ညင်သာစွာ ခါလိုက်၏။

'ကျုပ်နာမည်ကို မင်းတို့မသိသင့်ပါဘူး'

ဆီယူဟန်၏ စကားကြောင့် မြင်းပျံအာမခံသိုင်းသမားခေါင်းဆောင် မျက်နှာထားတင်းသွားသည်၊ သူ့လက်က ခါးတွင်ချိတ်ထားသည့် ဓားအရိုးကို တင်းတင်းဆုပ်လိုက်လေသည်။

'ခင်ဗျားက ကျုပ်တို့ဟာ ခင်ဗျားနဲ့ မတူဘူးမတန်ဘူးလို့ ထင်နေတယ်ပေါ့ ဟုတ်လား'

သိုင်းသမားခေါင်းဆောင်သည် သူ့စကား အဓိပ္ပာယ်ကို သဘောပေါက်မှားသွားပြီဖြစ်ကြောင်း ဆီယူဟန် သိလိုက်၏၊ သူက တစ်စုံတစ်ရာပြောမည်ပြုပြီးမှ မပြောတော့ပဲ ဆီယန်းပင်အား မျက်ရိပ်ပြလိုက်သည်။

'ကျုပ် ကျုံးလင်နဲ့တွေ့ဖို့လာတာ၊ အခုလို အတားအဆီးခံဖို့ဟုတ်ဘူး၊ မင်းတို့ ကျုပ်သွားမယ့်လမ်းပေါ်က ဖယ်ပါ'

'ဟား ဟား...ခင်ဗျားလို ဘယ်သူတယ်ဝါမှန်းမသိတဲ့လူကို လမ်းဖယ်ပေးရဲအောင် ကျွန်တော်တို့မရူးသေးပါဘူး...



တတ်နိုင်ရင် ကျုပ်တို့ကိုဖြတ်ကျော်ပြီးသွားပါ'

ဆီယူဟန်က ပြုံးပြီး ခေါင်းကို ညင်သာစွာညိတ်၏။

'ကောင်းပြီ...မင်းတို့ တားနိုင်ရင် တားကြပေတော့'

စကားဆုံးသည်နှင့် ဆီယူဟန်က မာန်သွင်းအော်ဟစ်ပြီး နေရာမှ ခုန်ထွက်သည်၊ သူ့ ခန္ဓာကိုယ် လေထဲသို့ရိပ်ခနဲမြောက်တက်သွား၏၊ လေထဲမှာပင် သူက တစ်ပတ်ကျွမ်းထိုးပြီး ဝိုင်းရံထားသူများအား ဖြတ်ကျော်သည်။

ဆီယူဟန် လှုပ်ရှားလိုက်သည်နှင့်တစ်ပြိုင်နက်တည်းပင် ဆီယန်းပင်ကလည်း လှုပ်ရှားသည်၊ သူသည် ဆီယူဟန်နည်းတူ အပေါ်သို့ခုန်တက်ပြီး လေထဲတွင် တပတ်ကျွမ်းထိုးကာ ဝိုင်းရံထားသူများအား ဖြတ်ကျော်သည်။

'ဟေ့... လိုက်ကြစမ်း၊ မလွတ်စေနဲ့'

သိုင်းသမားခေါင်းဆောင်က အော်ဟစ်အမိန့်ပေးပြီး ဆီယူဟန်တို့နောက်ကိုလိုက်၏၊ သူတို့နှစ်ဦးသည် ကိုယ်ဖော့ပညာကိုသုံးကာ ခြံဝင်းအတွင်းဆီသို့ ပြေးထွက်၏၊ သူတို့သည် ပျံလွှားငှက်များပမာ အဆောက်အဦးရှေ့သို့ ရောက်သွားသည်။

အာမခံသိုင်းသမားသည် သူတို့အား မမှီအောင်မလိုက်နိုင်၊ ထို့ကြောင့် အာမခံဌာနဝင်းတစ်ခုလုံးကြားသိစေရန် အချက်ပေး အော်ဟစ်သည်။

အာမခံဌာနအဆောက်အဦးအတွင်းမှ ဓားသမားများ ပြေးထွက်လာ၏၊ သူတို့သည် ဆီယူဟန်တို့အား ဝင်ရောက်တိုက်ခိုက်ခြင်းမပြုပဲ နှစ်ယောက်တစ်တွဲစီ တန်းစီရပ်ကာ

အဝင်လမ်းကို ပိတ်ဆို့လိုက်သည်၊ ထိုအချိန်မှာပင် နောက်မှ လိုက်လာသူတို့မှီလာပြီး ဆီယူဟန်တို့အား ဝိုင်းရံထားလိုက် သည်။

'လက်နက်ချပါမိတ်ဆွေ၊ မြင်းပျံ့အာမခံဌာနဟာ ဝင်ချင် တိုင်းဝင်လို့ရတဲ့နေရာမဟုတ်ပါဘူး၊ ကျုပ်တို့က သွေးရိုးသား ရိုးနဲ့ရှေ့ပေါက်ကဝင်လာတဲ့လူကို လက်ခံပေမယ့် ခိုးကြောင်ခိုး ဝှက်နဲ့ ဝင်လာတဲ့လူတွေကိုတော့ လက်မခံဘူး'

ဆီယူဟန်သည် အာမခံသိုင်းသမားများနေရာယူပုံကိုကြည့် ပြီးရယ်လိုက်သည်။

'မင်းတို့က ကျားဆိုးတောဝင်သိုင်းကွက်နဲ့ ကျုပ်တို့သာ အဖက် ပိတ်ဆို့တိုက်ခိုက်မလို့လား'

ဆီယူဟန်၏စကားကြောင့် အာမခံသိုင်းသမားများ မျက် လုံးဝိုင်းသွားသည်၊၊ ခေါင်းဆောင်လုပ်သူသည် စီယူဟန်အား ဘာအံ့တသြနှင့်ကြည့်ပြီး....

'ခင်....ခင်ဗျားက'

'ကျုပ်ကိုဘယ်သူဘယ်ဝါလဲလို့ မေးဦးမလို့လား၊ ဒီမေး ခွန်းကို ကျုပ်မဖြေနိုင်ဘူး၊ ကျုပ်ဟာ မင်းတို့ရဲ့ ရန်သူလား မိတ်ဆွေလားဆိုတာသိချင်ရင် ကျုံးထင်ကိုခေါ်လိုက်'

'ကျုပ်တို့ ဌာနမှူးက လူလာတိုင်း ထွက်မတွေ့ဘူး အကောင်းဆုံးကတော့ ခင်ဗျားဘယ်သူဘယ်ဝါဆိုတာ ထုတ် ဖော်ပြောဖို့ပဲ'

'မင်းက တော်တော်သုံ့ဖျင်းတဲ့ကောင်ပဲ ကျုပ်ကို ဒီ အကျပ်ကိုင်လို့မရဘူးဆိုတာ နားလည်သင့်တယ်၊ ပြီးတော့



ကျုပ်ဒီအထဲကိုဝင်ချင်ရင် မင်းတို့အားလုံး တစ်ပြိုင်နက်တည်း တားဆီးပေမယ့် ရနိုင်ပါဘူး'

'ခင်ဗျားက တော်တော် အပြောကြီးတာပဲ အပြောနဲ့ အလုပ်ညီမညီ လက်တွေ့စမ်းကြည့်တာပေါ့'

အာမခံသိုင်းသမားများ ရှေ့တိုးလာကြသည်၊ ထိုအချိန် မှာပင်....

'ဟော....ရပ်လိုက်စမ်း၊ မင်းတို့ဒါလောက်တောင် သလား'

အော်ဟစ်တားဆီးသံနှင့်အတူ အာမခံဌာနမှူး ကျုံးဝ အပြင်သို့ထွက်လာလေ၏။

တော်စင်စာပေ

ကျုံးထင်မှာ အညိုရောင်ဝတ်စုံကိုဝတ်ထားသည့် ဦးခေါင်းထက်တွင် ဦးထုပ်အနက်တစ်လုံးကို ဆောင်းထား၏၊ ရှည်လျားသော ဆံပင်ကို ကျစ်ဆံမြီးကျစ်ကာ ကျောထက်သို့ချထားသည်။

သူသည် အာမခံသိုင်းသမားများပိတ်ဆို့ထားရာကြားသို့ ရောက်နေသည့် ဆာ့ယူဟာန်ရှေ့တွင်ရပ်လိုက်၏၊ ဆာ့ယူဟာန် တို့အား ခင်မင်လေးစားဟန်ဖြင့်ကြည့်ပြီး လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်၏။

'အစ်ကိုကြီး ဒီကိုလာမယ်ဆိုတာ အကြောင်းကြားလိုက် ရောပေါ့၊ အဲဒါဆို ကျွန်တော်ကြိုဆိုဖို့ သေသေချာချာပြင် ထားဖို့အချိန်ရမယ်၊ အခုတော့...'

'ဟား ဟား....ငါ့ကိုခမ်းခမ်းနားနားပြင်ဆင်ပြီး ကြိုဆို မလိုပါဘူး၊ ငါက ညီလေးဆီကို လျှို့လျှို့ဝှက်ဝှက်နဲ့ပဲလာ ချင်တာ'

ကျုံးယင်သည် ယခုအချိန်ထိ ဝိုင်းရံထားကြဆဲဖြစ်သော သူ့လူများအား မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်၏။

'ဟေ့....မင်းတို့ဘာလုပ်နေကြတာလဲ၊ ဒါ ငါ့အစ်ကိုကြီး သိရဲ့လား၊ မင်းတို့ပညာလောက်နဲ့ သူ့ကို တားလို့ရမယ်များ အင်နေသလား၊ အစ်ကိုကြီးက မင်းတို့ကို ငါ့လူတွေမို့ ကြည့်နေတာ၊ သူကသာ မင်းတို့ကိုတိုက်ခိုက်ရင် အားလုံး အတုံးအရုံးဖြစ်ကုန်မယ်၊ အစ်ကိုကြီးကို ချက်ချင်းတောင်းပန် ကြ'

ကျုံးယင်၏စကားကိုအကြားတွင် ဆာ့ယူဟာန်ကရယ်မော



ပြီး လက်ကာပြ၏။

'မလိုပါဘူးညီလေး၊ သူတို့ကလူတော်တွေပါ၊ ဒီခြံဝင်း ထဲ ခိုးကြောင်ခိုးဝှက်နဲ့ဝင်လာတဲ့ငါ့ကိုတားဆီးတာ သူတို့ လုပ်ရမယ့်အလုပ်ပဲ၊ ငါက သူတို့တစ်တွေ မင်းအပေါ် ဘယ် လောက်သစ္စာရှိသလဲ၊ ဘယ်လောက်ထိတာဝန်ကို လေးစား သလဲဆိုတာ သိချင်လို့ ငါ့ကိုယ်ငါ ဘယ်သူဘယ်ဝါဆိုတာ ဖွင့်မပြောခဲ့ဘူး၊ အားလုံးညီညီညွတ်ညွတ်ရှိတာ သစ္စာရှိကြတာ တာ ဂုဏ်ယူစရာပါ'

ဆာ့ယူဟာန်၏စကားကို ကြားရသည့်အခါ ကျုံးယင်မှာ စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းချလိုက်၏။

'အစ်ကိုကြီးက မင်းတို့ကို အပြစ်ယူချင်ပုံမရဘူး၊ မင်း တို့တစ်တွေ အစ်ကိုကြီးကို ဘယ်သူဘယ်ဝါမှန်းမသိလို့တား ကြတာကို ငါအပြစ်မယူဘူး၊ အခု သူဟာ ငါ့အစ်ကိုကြီး မှန်း မင်းတို့သိသွားပြီ၊ နောက်တစ်ခါ တားဆီးတာမျိုး မဖြစ်စေနဲ့၊ အစ်ကိုကြီးဟာ ငါ့ရဲ့ဆရာဆိုရင်လဲဟုတ်တယ်၊ ငါ ပြောတာ မင်းတို့သဘောပေါက်တယ်မဟုတ်လား'

'ဟုတ်ကဲ့....သဘောပေါက်ပါတယ်ဌာနမှူး'

'ကဲ....မင်းတို့ တာဝန်ရှိတဲ့နေရာကိုသွားကြပေတော့၊ အစ် ကိုကြီး အိမ်ထဲကိုကြွပါ'

အာမခံသိုင်းသမားများသည် ဆာ့ယူဟာန်အား ဂါရဝပြု ပြီး နေရာမှထွက်ခွာသွားကြ၏၊ ဆာ့ယူဟာန်က လေးစားသမှု နှင့် ဂါရဝပြုသည်ကို အသိအမှတ်ပြုဟန် ခေါင်းညိတ်ပြ၏၊ ပြီးနောက် သူက ကျုံးထင်ခေါ်ရာနောက်သို့ လိုက်ခဲ့သည်။

ကျုံးထင်သည် အာမခံဌာနရုံးခန်းအဖြစ် အသုံးပြုသော အိမ်ရှေ့ပိုင်းကိုဖြတ်ကျော်ပြီး အိမ်အတွင်းဘက်သို့ ဦးဆောင်၍ဝင်၏၊ အတွင်းဘက်၌ ခမ်းခမ်းနားနားပြင်ဆင်ထားသော ဧည့်ခန်းရှိသည်၊ ဧည့်ခန်းတွင် စားပွဲရှည်ကြီးတစ်လုံးနှင့်ထိုင်ခုံများချထားသည်ကို တွေ့ရ၏။

'ထိုင်ပါအစ်ကိုကြီး.... ဒါထက်သူက....'

'ငါ့သမီးလေ၊ ဆီယန်ပင်လို့ခေါ်တယ်'

'ဟား ဟား.... အစ်ကိုကြီးရဲ့ ရုပ်ဖျက်ပညာကတော့ တကယ်တော်တာပဲ၊ သူ့ကို မိန်းကလေးတစ်ယောက်လို့ ဘယ်လိုမှမသိနိုင်ဘူး၊ အင်း.... အစ်ကိုကြီးသမီးတောင် ဒီအရွယ်ရှိနေပြီကိုး၊ ကျွန်တော်တို့ လူချင်းကွဲသွားတာ အတော်ကြာပြီပဲ'

'အနှစ်နှစ်ဆယ်နီးပါးရှိနေပြီလေ၊ ငါက နယ်ခြားမှာ အေးအေးချမ်းချမ်းသွားနေနေတာ၊ ညီလေးကိုရဲ့ အဆက်အသွယ်မလုပ်ပေမယ့် ညီလေးတို့ရဲ့သတင်းကိုတော့ အမြဲနားစွင့်နေပါတယ်၊ ဒါကြောင့်လဲ သိုင်းလောကထဲမှာ မငြိမ်မသက်ဖြစ်နေတာကို သိရတာပေါ့'

'ခုတလော သိုင်းလောကထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်နေတာတော့ အမှန်ပဲအစ်ကိုကြီး၊ သိုင်းအဖွဲ့အစည်း အတော်များများ သွေးဂိုဏ်းရဲ့လက်အောက်ကို ရောက်သွားကြပြီ၊ အစ်ကိုကြီး အခုတောင်ပိုင်းကိုလာတာ သွေးဂိုဏ်းကိုရင်ဆိုင်ဖို့လား'

ဆီယူဟန်၏နှုတ်ခမ်းအစုံ ပြုံးယောင်ယောင် တွန့်ကွေး



သွား၏၊ ပြီး သူက ခေါင်းကိုညင်ညင်သာသာခါလိုက်၏။

'ငါတစ်ယောက်တည်း သွေးဂိုဏ်းကိုရင်ဆိုင်ဖို့ဆိုတာဘယ်လွယ်ပါ့မလဲညီလေး၊ ငါက သိုင်းလောကရဲ့အခြေအနေကို မျက်ဝါးထင်ထင်မြင်ချင်လို့ အိမ်ကနေထွက်လာတာ၊ ပြီးခဲ့တဲ့နှစ်က ငါ့ဇနီးဆုံးသွားလို့ အခုလိုလွတ်လွတ်လပ်လပ်လာနိုင်တာ၊ သူရှိနေရင် နယ်ခြားကနေခွာလို့ရမှာမဟုတ်ဘူး၊ သူက ငါ့သိုင်းလောကထဲပြန်ဝင်မှာကို နည်းနည်းမှမလိုလားဘူး'

ကျုံးထင် ရယ်လိုက်၏။

'လူချင်းမတွေ့ဖူးပေမယ့် အစ်ကိုကြီးရဲ့ဇနီးက ဆက်ထက်မြက်မြက်ရှိလိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်၊ အစ်ကိုကြီးလိုလူကို သိုင်းလောကထဲမဝင်ဘဲ အနှစ်နှစ်ဆယ်သုံးလုံး နယ်ခြားမှာနေဖြစ်အောင် စွမ်းဆောင်နိုင်တာဟာ တော်ရုံအရည်အချင်းရဲ့ မဖြစ်နိုင်ဘူး'

'ဟား ဟား....ငါ့ညီက တော်တော်ပြောင်းလဲလာပြီပဲ၊ အရင်တုန်းကကျုံးထင် မဟုတ်တော့ဘူးဆိုတော့ ဒီစကားနဲ့တောင် ပေါ်လွင်နေပါတယ်၊ သိုင်းပညာတော်သလောက် ထူထူအအ ထုံထုံထိုင်းထိုင်းနိုင်တဲ့ညီလေးကို အားမလိုအားမရဖြစ်ခဲ့တာ အခုလိုတွေးတတ်ခေါ်တတ်ပြီး ထက်ထက်မြက်မြက်ရှိတဲ့လူတစ်ယောက်အဖြစ်ပြန်တွေ့ရတာ ငါတကယ်ဝမ်းသာတယ်'

ကျုံးထင်၏မျက်နှာတွင် အပြောင်းအလဲတစ်ခု ရိပ်ခနဲပေါ်လာ၏၊ သို့သော် ချက်ချင်းပင် ထိုအမူအရာပျောက်သွား၏၊ သူက သူ့အားဂုဏ်တင်ပြီးပြောနေသည်ကို ကျေနပ်

ဟန်နှင့်ရယ်ပြီး လက်ခုပ်တစ်ချက်တီးသည်၊ လက်ခုပ်သံကဆုံး တွင် ခရမ်းရောင်ဝတ်စုံဝတ်ဆင်ထားသော မိန်းကလေးနှစ်ယောက်ထွက်လာပြီး ကျူးထင်၏အနားမှာလာရပ်သည်။

'အစ်ကိုကြီးတို့အတွက် ခေနွေးကြမ်းနဲ့ မုန့်အချိုလုံးတွေ ... ခဲ့ပါ'

မိန်းကလေးနှစ်ယောက်က အမိန့်နာခံဆို ဦးတစ်ချက်ညွတ်ပြီး နေရာမှထွက်သွား ... းသည်။

'အစ်ကိုကြီးကို ကျွန်တော်တစ်ခုမေးမလို့'

ဆီပျူဟန်က ခေါင်းညိတ်ပြီး....

'မင်းဘာမေးမလို့လဲ မေးလေ'

'တခြားမဟုတ်ပါဘူး၊ အစ်ကိုကြီး ဒီခြံဝင်းထဲကို ပြောင်ပြောင်တင်းတင်းဝင်မလာဘဲ ခိုးကြောင်ခိုးဝှက်နဲ့ဝင်လာတာကို မေးမလို့ပါ၊ ဒီကိုလာတာ အစ်ကိုကြီးမှာ အကြောင်းတစ်ခုခုတော့ရှိမယ်ထင်တယ်'

ဆီပျူယန် တွေခနဲဖြစ်သွားသည်၊ ပြီးနောက် သူရယ်လိုက်၏။

'ဒီကိုလာတဲ့အကြောင်းက မင်းနဲ့တွေ့ချင်လို့ပါ၊ ခိုးကြောင်ခိုးဝှက်နဲ့ဝင်လာတာ မင်းကိုအံ့အားသင့်သွားစေချင်လို့ပါ'

ကျူးထင် ခေါင်းတဆတ်ဆတ်ညိတ်သည်။

'အစ်ကိုကြီးက ကျွန်တော့်ကို အရမ်းပြောင်းလဲသွားတယ်လို့ပြောတယ်၊ အစ်ကိုကြီးကတော့ အရင်အတိုင်းဘဲ၊ ဘာမှမပြောင်းလဲဘူး၊ အခုထိအောင် ပျော်ပျော်ပါးပါး နောက်နောက်ပြောင်ပြောင်နဲ့ နေတတ်တုန်းပဲကိုး'



ဆီပျူဟန်က တစ်စုံတစ်ရာပြောမည်ပြု၏၊ သို့သော် ရေ ... နွေးကြမ်းနှင့် မုန့်ယူရန်သွားသော မိန်းကလေးနှစ်ယောက် ... ဝင်လာသဖြင့် မပြောတော့ဘဲ ငြိမ်နေလိုက်၏။

မိန်းကလေးနှစ်ယောက်က ရေနွေးကြမ်းနှင့် မုန့် ပန်းကန် ... း စားပွဲပေါ် ချပေးပြီး ပြန်ထွက်သွား၏၊ မိန်းကလေးနှစ် ... ယောက် ဝေးသွားမှ....

'ညီလေးကိုပြောအားရဦးမယ်၊ ငါမိတ်ဆွေ တစ်ယောက် ... ကိုလာလိမ့်မယ် သူ့ကိုင ရှိတဲ့နေရာရောက်အောင်ခေါ်လာခဲ့ ... မင်းလူတွေကိုပြောထားပါ၊ သူ့နာမည်သဲမှတ်ထား သူ့ ... ဒီ ရှောင်ပင်လို့ခေါ်တယ်'

## အခန်း (၆)

## အတုနဲ့အစစ်

အမှောင်သည် တလောကလုံးကို ဝါးမျိုရန် ကြိုးစား ၏ နေဝင်သွားသည်နှင့် အမှောင်ထုက မြန်စွာစိုးမိုး သည်။

မြင်းပျံအာမခံဌာန ဝင်းအတွင်း၌ အမှောင်ထုကို သော မီးရောင်များလင်းလက်နေသည်၊ မီးရောင်အောက် အာမခံသိုင်းသမားများ လှုပ်လှုပ်ရှားရှား ရှိနေသည်ကို ရသည်။



ဆီယူဟာန်နှင့် ကျုံးယင်တို့သည် ညစာ စားသောက်ပြီး နောက် ဧည့်ခန်းဆောင်တွင်ထိုင်ကာ ရှေးဟောင်းနှောင်း ဖြစ်များကိုပြောဆိုကာ စကားလက်ဆုံကျနေ၏။

ဆီယန်းပင်သည် လူကြီးတွေ ပြောဆိုနေသည့် စကားကို စိတ်ဝင်စားဟန်မရှိ၊ သူသည်နေရာမှထပြီး ဧည့်ခန်းဆောင် ပြတင်းပေါက်အနီးသို့ လျှောက်သွားသည်၊ ဖွင့်ထားသည့်ပြ တင်းပေါက်မှနေ၍ အပြင်ဘက်သို့ငေးကြည့်သည်။

ခြံဝင်းထဲ၌ လှုပ်လှုပ်ရှားရှားရှိနေသော သိုင်းသမားများ ကိုကြည့်ရင်း ထိုသူတို့ညတွင်းချင်း ခရီးထွက်ရန်ပြင်ဆင်နေကြ ခြင်းဖြစ်ကြောင်းသိလိုက်သည်။

ဆီယန်းပင် ငေးနေစဉ်မှာပင် အာမခံ သိုင်းသမား တစ် ယောက် လျှောက်လာနေသည်ကို တွေ့ရ၏၊ ဆီယန်းပင်က ခပ်သွက်သွက်လျှောက်လာနေသူကို အကဲခတ် ကြည့်ရှုနေစဉ် လျင်မြန်စွာပြေးလာသော လူရိပ်တစ်ရိပ် ပြတင်းပေါက်မှဘစ် ဆင့် အခန်းထဲသို့ခုန်ဝင်လာသည်။

'ဟိတ်....ဘယ်သူလဲ ရပ်လိုက်စမ်း'

ဆီယူဟာန်နှင့် ကျုံထင်တို့နှစ်ယောက် နေရာမှ တစ်ပြိုင်နက် တည်း ထသည်၊ ဆီယူဟာန်မလှုပ်ရှားခင် ကျုံထင်ကနေရာမှ ခုန်ထွက်ပြီး အခန်းထဲသို့ဝင်လာသူအား ရင်ဆိုင်သည်၊ သူက

ထိုသူနှင့်မျက်နှာချင်းဆိုင်မိလျှင်ဆိုင်မိခြင်း လက်ဝါးတစ်ချက်ရိုက်ထုတ်သည်၊ အခန်းထဲသို့ဝင်လာသူက ကျုံးထင်၏ရိုက်ချက်ကို ညင်သာပေါ့ပါးစွာ ခုန်ရှောင်လိုက်သည်။

'ဌာနမှူးကြီးလူမှားမယ်'

'ငါ့အိမ်ထဲကို ကျူးလွန်ဝင်လာတာ ရန်သူပဲ လူမှားစရာအကြောင်းမရှိဘူး'

သူက အခန်းထဲတို့ဝင်လာသူအား တခကြမ်းတိုက်ခိုက်၏၊ ထိုသူက ကျုံးထင်၏ တိုက်ခိုက်မှု ညင်သာပေ့ါပါးစွာရှောင်သည်၊ ရှောင်တိမ်းရင်းမှ ဆီယူဟန်ဘက်သို့လှည့်၍....

'ဦးရဲ့မိတ်ဆွေကို ကျွန်တော်ဟာရန်သူမဟုတ်တဲ့အကြောင်း ပြောပေးပါဦး'

တိုက်ပွဲကိုကြည့်ပြီး တစ်စုံတခုခုတွေးနေဟန်ရှိသော ဆီယူဟန်မှာ ရုတ်ခြည်းသတိဝင်လာ၏၊ သူကရှေ့ကိုခြေတစ်လှမ်းတိုးလိုက်ပြီး....

'ညီလေးကျုံထင် သူကရန်သူ မဟုတ်ပါဘူး ငါ့မိတ်ဆွေရှောင်ပင်းပါ'



ဆီယူဟန်၏စကားကို ကြားလျှင်ကြားခြင်း ကျုံးထင်က သူ့တက်ဝါးရိုက်ချက်ကို ရုပ်သိမ်းပြီး တုန့်ခနဲရပ်သိုက်၏။

'အစ်ကိုကြီး... သူ...သူက တကယ်ပဲရှောင်ပင်းလား'

'ဟုတ်တယ် ညီလေး'

ကျုံးထင်က မီးခိုးရောင်ဝတ်စုံဝတ်ဆင်ထားသော ရှောင်ပင်းအား စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

'သူက အစ်ကိုကြီးရဲ့မိတ်ဆွေလို့ မပြောရဘူး၊ လုပ်ပုံကိုင်ပုံက အစ်ကိုကြီးအတိုင်းပဲ'

ရှောင်ပင်းတစ်ချက်ရယ်လိုက်သည်။

'ကျွန်တော်က ဦးရဲ့မြင်းပျံ့အာမခံဌာနလုံခြုံရေးအစီအစဉ်ကောင်းတာ သက်သေပြချင်လို့ အခုလိုဝင်လာတာပါ၊ တကယ်လို့ ကျွန်တော်သာရန်သူဆိုရင် မြင်းပျံ့အာမခံဌာနဝင်းတစ်ခုလုံး မီးဟုန်းဟုန်း တောက်လောင်သွားမှာ သေချာတယ်....'

ရှောင်ပင်း၏စကားကြောင့် ကျုံးထင် မျက်နှာပျက်သွားသည်၊ သို့သော်သူက မျက်နှာပျက်သွားသည့်အဖြစ်ကို ဖုံးကွယ်ရန် ငယ်မောလိုက်၏။

'ကျုပ်လူတွေ အရေးကြီးတဲ့ အာမခံပစ္စည်း ပို့စရာရှိလို့ အလုပ်များနေတာနဲ့ လုံခြုံရေးအတွက် တာဝန်လစ်ဟင်းသွားပုံ ရတယ်၊ ဒီကိစ္စအတွက် လုံခြုံရေးတာဝန်ခံကို ပြတ်ပြတ်သားသား သတိပေးရမယ်။ ထိုင်ပါ...တူမောင်၊ ကျုပ်တို့ အာမခံဌာနဝင်းဟာ တံခါးမရှိဓားမရှိ ဝင်ထွက်လို့ရတဲ့နေရာ တစ်ခုမဟုတ်ပါဘူး....၊ တစ်ခါ တစ်ခါ သတိလွှစ်ဟင်းပေါ့လျော့တာကို သတိပေးတဲ့အတွက် တူမောင့်ကို ကျေးဇူးတင်ပါတယ်'

ကျုံးထင်၏မျက်နှာပေါ်မှ အပြောင်းအလဲကို ရှောင်ပင်းသတိပြုမိသည်၊ သို့သော် သူသည် ဘာမှမသိသောဟန်ဖြင့် စားပွဲကျယ်ကြီးတွင်ဝင်ထိုင်ပြီးရေနွေးကြမ်းတစ်ခွက်ငှဲသောက်သည်၊ ရှောင်ပင်းထိုင်လိုက်စဉ်မှာပင် တံခါးခေါက်သံပေါ်လာ၏။

'ဘယ်သူလဲ'

ကျုံးထင်က သူ့နေရာတွင်သူဝင်ထိုင်ရင်းမှ တံခါးဘက်သို့ မျက်မှောင်ကြုတ်လျက် ကြည့်ရင်း ခပ်ထန်ထန်မေးလိုက်သည်။

'ကျွန်တော် ချင်းယွင်ပါ ဌာနမှူး'



'ဝင်ခဲ့ပါ'

စေ့ပိတ်ထားသည့်တံခါး ပွင့်သွားပြီး ဆီယူဟုန်တို့ ခြံဝင်းထဲ ဝင်လာစဉ်က တားဆီးရန်ကြိုးစားသော ပို့ဆောင်ရေးမှူး ချင်းယွင် အခန်းထဲသို့ဝင်လာ၏၊ သူသည် ကျုံးထင်ရှေ့တွင်လာရပ်ပြီး....

'ကျွန်တော်တို့ခရီးထွက်ဖို့အဆင်သင့်ဖြစ်နေပါပြီ ဌာနမှူး'

'မင်းတို့ကို မြို့ပြင်ရောက်တဲ့အထိ ငါကိုယ်တိုင်လိုက်ပို့ပေးမယ်၊ ဒီမှာ လူစိမ်းတစ်ယောက်ရောက်နေတာကို မင်းမြင်တယ်မဟုတ်လား၊ သူ ခြံဝင်းထဲဝင်လာတာကို ကင်းသမားတွေမသိဘူး မင်းတို့လဲမသိဘူး၊ သူက ငါတို့အာမခံဌာန လုံခြုံရေး အစီအစဉ် ညံ့ဖျင်းတယ်လို့ ပြောနေပြီ၊ ဒီည လုံခြုံရေးတာဝန်ကို ဘယ်သူယူတာလဲ'

ချင်းယွင်၏ကိုယ် တင်ချက်တုန်သွားသည်၊ သူက အပြစ်တစ်ခုကို ကျူးလွန်မိသဖြင့် မလုံမလဲဖြစ်ဟန်အမူအရာနှင့်....

'ညဦးပိုင်းတာဝန်ကို ကျွန်တော်ယူပါတယ်၊ ကျွန်တော်တို့ ဒီကထွက်ရင် ကျွန်တော့်လက်ထောက်က တာဝန်ယူပါလိမ့်မယ်'

'မင်းရဲ့ တာဝန်ချိန်မှာ အခုလိုပေါ့ပေါ့လျော့လျော့ဖြ
တာ တော်တော်ဆိုးတာပဲ၊ အမှန်တော့ ခရီးထွက်ရမယ့်ညမျ
မှာ မင်းက လုံခြုံရေးတာဝန်ကိုမယူသင့်ဘူး၊ ခရီးထွက်ဖို့
ပြင်၊ လုံခြုံရေးအတွက်လဲစီစဉ်နဲ့ ဘယ်လိုလုပ်ပြီး အကျက်မေ
နိုင်တော့မှာလဲ ခရီးထွက်ဖို့ကိစ္စ ရုတ်တရက်ပေါ်လာလို့ အ
လိုဖြစ်တာလို့ပဲ ငါထင်တယ်၊ ပို့ဆောင်ရေးတာဝန်က မင်းရဲ
အဓိကတာဝန် ပို့ဆောင်ဖို့ကိစ္စ ပေါ်လာတာနဲ့ လုံခြုံရေ
အတွက် ချက်ချင်းတာဝန်ယူပေးရမှာ၊ နောင်ကို ဒီလိုမဖြ
အောင် သတိထားပါ'

'ဟုတ်ကဲ့ ဌာနမှူး၊ နောင် ဘယ်တော့မှဒီလိုမဖြစ်စေရ
ဆိုတာ ကျွန်မတော်ကတိပေးပါတယ်'

'မင်းရဲ့လက်ထောက်ကို လုံခြုံရေးအစီအစဉ် သေသေ
ချာလုပ်ဖို့ သွားပြောလိုက်၊ ပြီးတော့ ငါ့ကိုစောင့်နေ၊ ငါအ
ပဲ ထွက်လာခဲ့မယ်'

ချင်းယွင် ခေါင်းညိတ်ပြသည်၊ နေရာမှလှည့်ထွက်စဉ် ရှေ
ပင်းအား မှုးရှသောအကြည့်ဖြင့် တစ်ချက်ကြည့်သွား၏၊ ရှေ
ပင်းမှာ ချင်းယွင်၏ ရန်လိုဟန်အကြည့်ကို မသိဟန်ဆေ
နေလိုက်၏။



ကျုံးထင်က ဆီယွှဟန်တို့အား တောင်းပန်ဟန်ဖြင့်ကြည့်
ရင်း နေရာမှထသည်။

'အစ်ကိုကြီးတို့.... ကျွန်တော့်ကို ခွင့်ပြုပါ၊ ကျွန်တော်
ပစ္စည်းပို့မယ့်အဖွဲ့ကို မြို့ပြင်ရောက်တဲ့အထိ လိုက်ပို့လိုက်ဦး
မယ်'

'သွားပါ ညီလေး၊ ငါတို့လဲ ရှောင်ပင်းနဲ့ ခဏစကား
ပြောပြီး အိပ်ရာဝင်တော့မှာ'

ကျုံးထင်က ရှောင်ပင်းဘက်သို့လှည့်သည်၊

'တူမလေးက ဒီမှာပဲ ညအိပ်မှာမဟုတ်လား၊ ကျုပ် အခန်း
ပြင်ခိုင်းလိုက်ပါ့မယ်'

ရှောင်ပင်းက ခေါင်းခါပြသည်၊

'ကျွန်တော် ဒီမှာညမအိပ်ပါဘူး၊ လာခဲ့မယ်လို့ ဒီဦးလေး
ကို ကတိပေးထားလို့သာ မဖြစ်ဖြစ်အောင်လာရတာ၊ ဒီမှာ
ကြာကြာမနေနိုင်ဘူး'

'စောစောက အေးအေးဆေးဆေးရှိပြီး အခုဘာပြဿနာ
ပေါ်လာလို့လဲ ရှောင်ပင်း'

ရှောင်ပင်းက ဆီယူဟန်အား တည်ကြည်လေးနက်သော အမူအယာဖြင့်ကြည့်သည်။

'အရေးပေါ်ကိစ္စတစ်ခုရှိလို့ ကျွန်တော် ချက်ချင်းခရီး ထွက်ရမယ်၊ အခုလာတာ ဦးလေးတို့ကို လာပြီးနှုတ်ဆက် တာပါ'

'ဒါဆိုရင်လဲ စကားပြောနေကြပေါ့၊ လုံခြုံရေးတာဝန်ခံ ကို တူမောင် အမြင်ပြန်ထွက်မယ့်အကြောင်း ကျုပ်အသိပေး ခဲ့ပါမယ်'

ကျုံးထင်က လက်ခုပ်တစ်ချက်တီးလိုက်သည်၊ ဆီယူဟန် တို့အား စားသောက်ဖွယ်ရာများလာချပေးသော မိန်းကလေး တို့အား စားသောက်ဖွယ်ရာများလာချပေးသော မိန်းကလေး နှစ်ယောက်ထွက်လာ၏၊ ကျုံးထင်က မိန်းကလေးနှစ်ယောက် အနီးသို့ လျှောက်သွားပြီး တစ်စုံတစ်ရာကို တီးတိုးမှာကြား သည်၊ မိန်းကလေးနှစ်ယောက်က ခေါင်းညိတ်ပြပြီး အတွင်း ဘက်သို့ပြန်ဝင်သွား၏၊ ကျုံးထင်လည်း နေရာမှထပြီး အပြင် ကို ထွက်သွား၏။

သူထွက်သွားသည်နှင့် ရှောင်ပင်းက တစ်စုံတစ်ရာပြော မည့်ဟန်ပြင်လိုက်၏၊ ဆီယူဟန်သည် သတိပေးသည့်အမူအယာ



နှင့် ရှောင်ပင်းအားလှမ်းကြည့်ပြီး မသိမသာခေါင်းခါပြ၏၊ ရှောင်ပင်းစကားမစမီမှာပင် စောစောက မိန်းကလေးနှစ် ယောက် အရက်တစ်အိုး၊ အမြည်းတစ်ပန်းကန်နှင့် ပြန်ထွက် လာသည်၊ သူတို့က အရက်နှင့်အမြည်းကို စားပွဲပေါ်တင် ပေးရင်း....

'ဦးတို့ အိပ်ချင်ရင်ဝင်အိပ်ပါ၊ လိုတာရှိရင် ကျွန်မတို့ကို အသံပြုလိုက်ပါ၊ ကျွန်မတို့ ဟိုဘက်အဆောင်ထဲမှာရှိနေ ပါမယ်'

ဆီယူဟန်က မိန်းကလေးနှစ်ယောက်အား ခေါင်းညိတ်ပြ သည်။

မိန်းကလေးနှစ်ယောက်က အရိုအသေပြုပြီး ပြန်ထွက် သွားကြသည်၊ သူတို့ထွက်သွားသည်နှင့် ဆီယူဟန်က သက် ပြင်းချလိုက်ပြီး....

'ဒီနေရာကလဲ ကျုပ်တို့အတွက် ဆွေးနွေးဘိုင်ပင်လို့ ကောင်းမယ့်နေရာမဟုတ်ဘူး....၊ ကျုံးထင်ဟာ ခါတိုင်းနဲ့မတူ ပဲ ပြောင်းလဲနေတယ်လို့ ကျုပ်ထင်တယ်'

'ကျွန်တော့်မှာ လုံခြုံစိတ်ချရတဲ့နေရာရှိပါတယ်၊ ကျွန် တော်လဲ သူ့ကိုသိပ်သဘောမတွေ့လို့ ဒီမှာညမအိပ်တာ၊ စော စောကပြောသလို ခရီးထွက်စရာရှိလို့ မဟုတ်ဘူး၊ ဦးအနေနဲ့ ဒီခြံဝင်းရဲ့ ဟိုဘက်ခြံဝင်းကို လာခဲ့ပါ။ အဲဒီခြံဝင်းထဲမှာ အစောင့်အိမ်တစ်အိမ်ရှိတယ်....၊ အဲ့ဒါ ကျွန်တော့်မိတ်ဆွေရဲ့ နေရာပဲ၊ ခြံဝင်းတစ်ခုလုံးမှာ သူကလွဲလို့ တစ်ခြားဘယ်သူမှ မရှိဘူး၊ အိမ်ရှင်ကလဲ ခရီးသွားနေတဲ့အတွက် လွတ်လွတ်လပ်

လပ် ရှိတယ်'

'ခင်းရဲ့မိတ်ဆွေက ယုံကြည်စိတ်ချရတဲ့လူလား'

'ကျွန်တော့်အတွက်ဆိုရင် အသက်တောင် စွန့်ဝံ့တဲ့လူပါ'

'ဒါဆိုရင် ဒီည သန်းခေါင်ယံအချိန်မှာ ကျုပ်လာခဲ့မယ်၊ ကျုပ် ခင်ဆိုင်ဖြေရှင်းချင်တဲ့ကိစ္စက သိပ်အရေးကြီးတဲ့အတွက် နည်းနည်းလေးမှ သတင်းပေါက်ကြားလို့ မဖြစ်ဘူး'

'ကျွန်တော်နားလည်ပါတယ်....၊ ဦး လာသာလာခဲ့ပါ....'

'မင်း အခုချက်ချင်းသွားတော့မလို့လား၊ ခဏထိုင်ပါဦး၊ တံပြလောက်တော့ အရက်သောက်သွားပါ၊ ဘာမှ မစား မသောက်ပဲ ထွက်သွားရင် မသက်သာစရာဖြစ်နေလိမ့်မယ်'

ရှောင်ပင်းက ဆီယူဟန်အား တအံ့တဩနှင့် ကြည့်သည်၊ ပြီး အသာအယာပြုံးကာ အရက်ကိုငှဲသောက်သည်။

'ဦးတို့က ဒီမှာကြာဦးမှာလား'

ရှောင်ပင်းက တမင်အသံကျယ်ကျယ်နှင့်ပြောသည်။

'သိပ်တော့ ကြာမှာမဟုတ်ပါဘူး၊ ကျုပ်တို့က သိုင်းလောကရဲ့အခြေအနေကို လေ့လာတာပဲ၊ တစ်ရက် နှစ်ရက်နေရင် ခရီးဆက်မယ်၊ ဘာတာဝန်မှမရှိဘဲ လွတ်လွတ်လပ်လပ်သွားလို့ရတုန်း သမီးလဲဗဟုသုတရအောင် သွားသွားမယ်လို့ စိတ်ကူးတယ်'

'ဦးတို့က တာဝန်ကင်းတော့ သွားချင်ရာသွားလို့ရတယ် ကျွန်တော်ကတော့ စိတ်ထင်တိုင်းသွားလို့မရသေးဘူး၊ လူတ



သောက်ကို ကတိပေးထားတာရှိလို့ အဲဒီကိစ္စပြီးအောင် လုပ်ရဦးမယ်၊ ဦးတို့နဲ့စကားအကြာကြီးပြောချင်ပေမယ့် ပြောမရတော့ဘူး၊ အချိန်ကလဲနဲနေတော့ ကျွန်တော်သွားမှပဲ၊ နောက်တစ်ခါတွေ့မှပဲ စကားပြောကြတာပေါ့'

ရှောင်ပင်းက အရက်အိုးထဲမှ အရက် တော်တော်များများကုန်အောင်သောက်ပြီး နေရာမှထထွက်သည်၊ ဆီယူဟန်သည် သမီးဖြစ်သူအား မျက်ရိပ်ပြပြီး သူတို့အတွက် ပြင်ထားသည့် အိပ်ခန်းသို့ဝင်ခဲ့လေ၏။

* *

အမှောင်က သိပ်သည်းသည်ထက် သိပ်သည်းလာ
မြင်းပျံအာမခံဌာနဝင်းအတွင်း၌ တိတ်ဆိတ် ငြိမ်သက်
စိုးမိုးနေ၏။

ဆီယူဟန်တို့သားအဖ၏ အိပ်ခန်းမှ မီးငြိမ်းသွားသ
ကြာပြီဖြစ်သည်၊ အခြေအနေကြည့်နေသူရှိလျှင် ဆ
တို့သားအဖ အိပ်မောကျနေပြီဟု တွေးထင်လောက်
သည်၊ အမှန်တွင်မူ ဆီယူဟန်မှာ တမှေးမှ မမှေးရ
ဆီယန်းပင်တစ်ယောက်သာလျှင် နှစ်နှစ်ခြိုက်ခြိုက်အိပ်
နေသည်။

ဆီယူဟန်သည် အိပ်ခန်းထဲသို့ရောက်သည်နှင့် သူ
အား သူ့အစီအစဉ်ကိုပြောပြပြီး အိပ်ရာဝင်စေသည်
မူ ခုတင်ပေါ်တွင်ထိုင်ပြီး အတွင်းအားလေ့ကျင့်သည်
ခေါင်ယံအချိန်သို့ ရောက်ခါနီးမှ အတွင်းအားတေ
ပြီးသွားသည်။

ညဉ့်သန်းခေါင်ယံအချိန်ထိ တမှေးမှ မမှေးရသေး
လည်း အတွင်းအားလေ့ကျင့်ထားသဖြင့် နှစ်နှစ်ခြို
အိပ်ထားရသကဲ့သို့ရှိပြီး အားပြည့်လန်းဆန်းနေသည်

သူသည်နေရာမှထပြီး ပတ်ဝန်းကျင်အခြေအနေကို
သည်၊ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ



သတိပြုမိ၏၊ သူထွက်ခွာရန်အချိန်သင့်ပြီဟု တွေးဆမိပြီး
ယန်ပင်းအား နှိုးလိုက်သည်။

ဖေဖေသွားမယ် သမီး'

ဆီယူဟန်က အိပ်ယာပေါ်တွင် ထထိုင်လိုက်သော ဆီ
ယန်းပင်အား တိုးတိုးပြောသည်၊ ဆီယန်းပင်က ခေါင်း
ငြိမ့်ပြသည်၊ ဆီယူဟန်က အခန်းအပေါ်ဘက်ထုတ်တန်း
သို့ ရိပ်ခနဲခုန်တက်သည်၊ ထုတ်တန်းပေါ်မှနေ၍ အိမ်
ခေါင်မိုးအုတ်ကျွတ်ပြားကို ရွှေ့ခါကာအပြင်သို့ ထွက်လိုက်သည်၊
အိမ်ခေါင်အရောက်တွင် အမိုးအုတ်ကျွတ်ပြားကို နေရာတကျပြန်
ချထားသည်၊ အိမ်အမိုးပေါ်မှ တစ်ဆင့် အိမ်နှင့် ကပ်လျက်ရှိ
သစ်ပင်တစ်ပင်ပေါ်သို့ ခုန်ကူးသည်၊ သစ်ကိုင်းများ ကြား
ခေတ္တခိုနေပြီး ခြံဝင်းတစ်ခုလုံးကို ဝေ့ကြည့်၏။

ခြံဝင်းအတွင်း၌ ကင်းလှည့်နေသည့် ကင်းသမား နှစ်
ယောက်ကိုတွေ့ရသည်၊ ခြံဝင်းတံခါးအနီးတွင် မီးအိမ်ဘစ်ခု
ဆွဲထားပြီး ဂေါင်းသမားနှစ်ယောက်ရှိနေသည်ကိုတွေ့ရ၏။

ကျိုးထင်သည် ယခုအချိန်ထိ ပြန်ရောက်သေးပုံမရ၊ မြင်း
ပျံအာမခံဌာန ခြံဝင်းတစ်ခုလုံး ငြိမ်သက်နေခြင်းသည် သူ
တို့များ၏ကောင်းအောင် ဖန်တီးပေးနေသကဲ့သို့ရှိ၏။

သူသည် ရောက်ရှိနေသည့် သစ်ပင်ပေါ်မှနေ၍ အ
အပင်တစ်ပင်သို့ ခုန်ကူးသည်၊ ထိုသစ်ပင်ပေါ်ကို အခေ
တွင် ကင်းလှည့်နေသူတို့အားကြည့်၍၊ကင်းသမားနှစ်ယေ
အိမ်တစ်ဖက်ခြမ်းသို့ရောက်သွား၍ အပင်တစ်ပင်မှ တစ်ပ
ကူးကာ ခြံဝင်းအပြင်သို့ထွက်သည်။

ရှောင်ပင်းပြေးသွားသည့် ခြံဝင်းမှာ လမ်းကြားဗေ
တစ်ဘက်တွင်ရှိသော ခြံဝင်းဖြစ်သည်၊ ဆီယူဟုန် ခြံ
အတွင်းသို့ ခုန်ဝင်လိုက်စဉ် ခြံဝင်း အနောက်ပိုင်းကျ
အိမ်ငယ်လေးမှမီးရောင်ကိုတွေ့ရ၏၊ သူက ထိုအိမ်ငယ်ဆေ
သို့ ကိုယ်ဖော့ပညာသုံးပြီး ပြေးထွက်သည်၊ အိမ်ငယ်
အနီးသို့အရောက်တွင် အိမ်ရှေ့မှထွက်ရပ်နေသော ရှော
အားတွေ့ရ၏၊ သူကအိမ်ထဲ ဝင်ရန် လက်ရိပ်ပြပြီး မီး
ထားသော အိမ်ငယ်အတွင်းသို့ ဝင်သွား၏၊ ဆီယူဟ
ရှောင်ပင်း၏နောက်မှနေ၍ အိမ်ထဲသို့လိုက်ဝင်သည်၊

အိမ်ထဲတွင် မြက်ဖျာတစ်ချပ်ခင်းထားပြီး ရေနွေးကြ
စားသောက်ဖွယ်ရာများ ပြင်ထားသည်၊ ရှောင်ပင်းက
ဟန်ဘားထိုင်ရန်နေရာပေးပြီး....

'ကျုံးထင်ဟာ ဦးနဲ့ ရင်းနှီးတဲ့မိတ်ဆွေတစ်ယောက်

'ဟုတ်တယ် ရှောင်ပင်း....အရင်က ကျုပ်တို့ကို ဦး



လိုတော့ လူတွေကတင်ကြတယ်၊ တစ်ယောက်အတွက် တစ်
ယောက် အသက်ပေးဖို့တောင် ဝန်မလေးတဲ့လူတွေပေါ့'

'ကျွန်တော်သူနဲ့မအာက်ဆံဖူးဘူး၊ ဒါပေမယ့် တွေ့တွေ့ခြင်း
သူ့ကို သဘောမကျနိုင်အောင် ဖြစ်မိတယ်၊ ဘာဖြစ်လို့ ဒီလို
ဖြစ်ရသလဲဆိုတာ ကိုယ့်ဘာသာကိုယ်လဲမသိဘူး'

'ကျုပ်သူ့အပေါ် သံသယဖြစ်မိတာ အကြောင်းရှိပါ
တယ်....သူနဲ့တွေ့တွေ့ခြင်း သူတစ်ခုခုကို ဟန်ဆောင်နေတယ်
ဆိုတာ ကျုပ်ရိပ်မိပါတယ်....ပြီးတော့ ကျုပ်နဲ့ပတ်သက်တဲ့
အကြောင်းအရာတစ်ခုခုကို သူမေ့ပစ်တာ တော်တော်အံ့သြဖို့
ကောင်းတယ်....ဒီအကြောင်းအရာက အလွယ်တကူ မေ့ပစ်
လောက်တဲ့အကြောင်းအရာမျိုးမဟုတ်ဘူး'

'အဲဒီအကြောင်းကို ကျွန်တော်သိခွင့်ရှိသလားဦး'

'သိရပါတယ်....အကြောင်းအရာက သိပ်ထူးဆန်းတာ
မဟုတ်ပါဘူး၊ ကျုပ် သိုင်းလောကကထွက်ပြီး နယ်ခြားမှာ
သွားနေရင်း ငါးနှစ်လောက်ကြာတော့ ဟူပေပြည်နယ်ကို
တစ်ခေါက်ရောက်တယ်....အဲဒီမှာ အာမခံပစ္စည်းပို့ဖို့လာတဲ့
ကျုံးထင်နဲ့တွေ့တယ်....ကျုပ်တို့နှစ်ယောက် အရက်တူသောက်
ပြီး တစ်ယောက်နဲ့တစ်ယောက် ခွဲခွာနေတဲ့ ငါးနှစ်အတွင်း
အတွေ့အကြုံတွေကို ပြန်ပြောပြမိကြတယ်....သူက မြင်းပျံအာ

မခံဌာန ထူးထောင်ထားတဲ့ အကြောင်း၊ သူ့လုပ်ငန်းအခြေအနေ တဖြည်းဖြည်း ကောင်းလာတဲ့အကြောင်းတွေ ပြောတယ်... ကျုပ်ကလဲ နယ်ခြားမှာ အိမ်ထောင်ကျတဲ့အကြောင်း၊ သမီးလေး တစ်ယောက် ရတဲ့အကြောင်းတွေ ပြန်ပြောပြခဲ့တယ်....အခု ကျုပ်တို့ပြန်တွေ့တော့ သူက အဲဒါကိုသတိမရတော့ဘူး၊ ကျုပ်တို့တွေ့ကြတုန်းက အရက်အတူသောက်ပေမယ့် သိပ်မမူးကြပါဘူး၊ ကျုပ်တို့ပြောကြတဲ့ စကားတွေကို မမှတ်မိတော့ရင်တောင် ကျုပ်ကို ဟူပေမှာ မမျှော်လင့်ဘဲ ပြန်တွေ့ကြတာကိုတော့ မှတ်မိဖို့ကောင်းတာပေါ့၊ သူက အဲဒါကိုပါမေ့နေတာ တော်တော်ဆန်းတယ်'

ရှောင်ပင်းက ဆီယူဟန်၏စကားကို နားထောင်ရင်းငြိမ်နေသည်၊ ဆီယူဟန်ပြောပြသည့် အကြောင်းအရာနှင့်ပတ်သက်ပြီး ဝေဖန်ပြောဆိုခြင်းမပြုချေ။

'ဒီအကြောင်းအရာတွေကို အမှတ်မဲ့ မပြောမိဘူးထားဦး၊ သူ့အပေါ်မသင်္ကာလောက်တဲ့ အခြားအကြောင်းအရာတွေ ရှိသေးတယ် အဲဒါက သူ့ရဲ့သိုင်းပညာပဲ'

'သူ့ရဲ့သိုင်းပညာက သိပ်တိုးတက်နေလို့လား ဦး'

'သူ့ရဲ့သိုင်းပညာ အစကထက် ပိုပြီး တိုးတက်လာတယ်



ဆိုရင် ဘာပြောစရာရှိမှာလဲ....အခုဟာက အဲဒါနဲ့ပြောင်းပြန်ဖြစ်နေတာ....အနှစ်နှစ်ဆယ်ကြာမှ သူ့ရဲ့သိုင်းပညာ နိမ့်ကျသွားတာဟာ ဖြစ်သင့်တဲ့ကိစ္စမဟုတ်ဘူး၊ သူဟာ တစ်ချိန်က သိုင်းလောကထဲမှာ လျှမ်းလျှမ်း တောက် ကျော်ကြားခဲ့တဲ့ သိုင်းသမားတစ်ယောက်ပါ....သူ့ရဲ့အတွင်းအားက ကျုပ်ထက်တောင်ကောင်းတယ်၊ အခုသူသုံးတဲ့ သိုင်းကွက်တွေကလဲ သူ့ရဲ့ကိုယ်ပိုင်သိုင်းကွက်တွေမဟုတ်ဘူး'

တစ်စုံတစ်ရာကိုတွေးမိဟန်ဖြင့် ရှောင်ပင်း၏မျက်လုံးအစုံ အရောင်တဖျပ်ဖျပ်လက်သွားသည်။

'ဦးပြောတာကို နားထောင်ရင်း ကျွန်တော် အဖြေရှာလို့ တွေ့ပါပြီ'

'မင်းဘာများတွေးမိလို့လဲ ရှောင်ပင်း'

'အခုဦးတွေ့ခဲ့တဲ့ ကျုံးတင်ဟာ အစစ်မဟုတ်ဘဲ အတုဖြစ်လိမ့်မယ်၊ အတုမို့ သူက ဦးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို မသိတာ၊ ပြီးတော့ သူ့ရဲ့သိုင်းပညာလဲ ပြောင်းလဲနေတာဖြစ်ရမယ်'

ဆီယူဟန်၏မျက်နှာပေါ်တွင် အပြောင်းအလဲ များစွာပေါ်သွားသည်။

'ဒါဖြစ်ရင် အစစ်ကဘယ်မှာလဲ၊ ဒီကောက်တောကဘယ်သူလဲ'

'သူဟာ သေနင်္ဂဏ်းကလူ ဖြစ်ဖို့များတယ်....ဒီည သူတို့ အာမခံဌာနက မြင်းလှည်းတွေနောက် ကျွန်တော်လိုက်ကြည့်တယ်....မြင်းလှည်းတွေကို မြို့ပြင်လိုက်ပို့မယ်ဆိုတဲ့ ကျုံးထင်ဟာ မြင်းလှည်းပျောက်သွားတဲ့ တောင်ဘက်ကို မသွားဘဲ ဆန့်ကျင်ဘက်ဖြစ်တဲ့ မြောက်ဘက်ကိုထွက်သွားတယ်'

ဆီယူဟာန်၏ မျက်နှာတွင် အံ့သြရိပ်တွေ အထင်းသား ပေါ်လာလေသည်၊ သူက ဖရောင်းတိုင်မီးအလင်းရောင်ဖြင့် မြင်နေရသော ရှောင်ပင်း၏မျက်နှာကိုစေ့ကြည့်သည်။

'ဒီအတိုင်းဆိုရင် အခြေအနေက ကျုပ်ထင်တာထက် ပိုပြီး ရှုပ်ထွေးလာတော့မယ်....ကျုပ်ဒီကိုရောက်လာတာ သေနင်္ဂဏ်း အကြောင်း စုံစမ်းဖို့နဲ့ မုယုံချင်းရဲ့အခြေအနေကို ကြည့်ဖို့ပဲ.... သူ့ရောဂါတစ်ခုရနေတယ်လို့ ကျုပ်ကြားတယ်၊ အဲဒီရောဂါကိုကုဖို့ သမားတော်ပင့်တဲ့အခါ သမားတော်ရော မုယုံအတိုင်အိုပါ အသတ်ခံခဲ့ရတယ်ဆိုတာ သိရတယ်....တူမောင့်ကိုကျုပ် အကူအညီတောင်းချင်တာ အဲဒီကိစ္စအတွက်ပဲ'

'မုယုံခြံဝင်းရဲ့အခြေအနေကို ဦး တိတိကျကျသိချင်တာလား'

'ဟုတ်တယ် ကျုပ်အနေနဲ့ မုယုံချင်းကို ကာကွယ်စောင့်ရှောက်ဖို့ဝတ္တရားရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မုယုံချင်းဟာ ကျုပ်ရဲ့ကျေးဇူးရှင်တစ်ယောက်နဲ့ပတ်သက်နေလို့ပဲ သူကကျုပ်



ထက်ငယ်ပေမယ့် သိုင်းပညာမှာတော့ ကျုပ်ကဆရာတင်ရမယ့်သူပဲ'

'ဦးပြောနေတဲ့လူက နာမည်ကြီးထင်းလုံမျိုးဖြစ်နေမလား'

ဆီယူဟာန်၏မျက်နှာတွင် ထူးခြားသော အရိပ်အယောင်များပေါ်လာသည်၊ သူက ခေါင်းကိုညင်သာစွာညိတ်လိုက်ပြီး။

'ဟုတ်တယ် တူမောင်၊ သူဟာ မုယုံချင်းရဲ့ကိစ္စတစ်ခုကိုဝင်ဖြေပေးရင်း မုယုံချင်းနဲ့တွေ့ခဲ့တယ်၊ အဲဒီကနေ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ဖြစ်ပြီး လက်ထပ်လိုက်ကြတယ်၊ နောက်တော့ ထင်းလုံဟာ ခရီးတစ်ခုသွားရင်း ပျောက်ဆုံးသွားခဲ့တယ်၊ မုယုံခြံဝင်းကိုပြန်မလာတော့ဘူး'

'သူ ပျောက်ဆုံးသွားတဲ့သတင်းကို ကျွန်တော်လဲကြားပါတယ်၊ ကျွန်တော့်အထင် သူဟာ မုယုံခြံဝင်းကနေ ထွက်သွားပြီး တစ်နေရာမှာ ဇာတ်မြှုပ်နေတာဖြစ်လိမ့်မယ်၊ တစ်ခြားကိုထွက်သွားပေမယ့် သူဟာ မုယုံခြံဝင်းနဲ့တော့ အဆက်အသွယ်ဖြတ်မှာမဟုတ်ဘူး'

'ကျုပ်လဲ ဒီလိုပဲတွက်မိပါတယ်၊ ဘာဘဲဖြစ်ဖြစ် ကျုပ်အနေနဲ့ မုယုံချင်းကိုကာကွယ်ရမယ်၊ အဲဒီကိစ္စအတွက် တူမောင်နဲ့တိုင်ပင်ပြီး အစီအစဉ်လုပ်ချင်တယ်၊ တူမောင်အခုနဲ့'

'ကျွန်တော် ဦးနဲ့အတူလက်တွဲပါမယ်၊ မုယုံကျားကြီးလို့ခေါ်တဲ့ မုယုံကျန်းလီဟာ ကျွန်တော့်ဆရာပါ၊ သူ့ဆီမှာ ကျွန်တော် စာပေပညာသင်ကြားခဲ့ပါတယ်၊ မုယုံချင်းဟာလဲ ကျွန်တော့်အစ်မတစ်ယောက်ဆိုရင် မမှားပါဘူး၊ ကျွန်တော်က ဆရာ့သတင်းကိုကြားပြီး ဆရာ့ကိုလုပ်ကြံတဲ့တရားခံ ဖော်

သုတ်ချင်လို့ ဒီမြို့ကိုရောက်လာတာဆိုရင်တော့ ဦးကိုကူညီတာဟာ ကျွန်တော်လုပ်ရမယ့်အလုပ်ကို လုပ်တာနဲ့ အတူတူပါဘဲ'

ပွင့်ပွင့်လင်းလင်း ပြောလိုက်သည့် ရှောင်ပင်း၏ စကားကြောင့် ဆီယူဟန်မှာ ဝမ်းသာအားတက်ပြီး သူ၏အစီအစဉ်တွေကို ပြောပြလေသည်။

## အခန်း (၇)

## ဥတိုက်ကင်းမြို့တော်

မြင်းပျံအာမခံဌာန်တွင် နှစ်ရက်မျှနေပြီးနောက် ဆီယူဟန်တို့ သားအဖ ခရီးဆက်သည်၊ သူတို့သားအဖ မြင်းလှည်းတစ်စီးငှားကာထွက်သွားသည်နှင့် မြင်းပျံအာမခံဌာနမှ လူတစ်ယောက် နောက်ယောင်ခံလိုက်ကြီသွားသည်၊ ဆီယူဟန်တို့သည် သူတို့မြင်းလှည်းနောက်မှ လူတစ်ယောက်လိုက်ပါကြောင်းသိသော်လည်း ဂရုမစိုက်၊ မြင်းလှည်းပေါ်တွင် စကားတပြောပြောနှင့်ပါလာသည်။

'နောက်က လူတစ်ယောက်လိုက်လာတယ်ဖေဖေ'

ဆီယန်းပင်သည် ချောင်းကြည့်ပေါက်မှနေ၍ မြင်းလှည်းနောက်ဘက်သို့ ကြည့်ရင်းမှပြောသည်၊ ဆီယူဟာန်ကချောင်းတစ်ချက်ဟန့်လိုက်ပြီး၊

'ဖေဖေသိပါတယ် သမီး လိုက်ပါစေ၊ ဖေဖေတို့က ဟော့ယန်မြို့မှာနှစ်ရက်လောက်နားနေမှာ လိုက်လာတဲ့လူက ဖေဖေတို့ ဘာကြောင့်ခရီးထွက်တာ ဟုတ်မဟုတ် ခရီးထွက်ပြီး ဘယ်သူနဲ့တွေ့မလဲ ဘယ်သူနဲ့ဆက်သွယ်မလဲဆိုတာကို စုံစမ်းမှာပါ၊ ဖေဖေတို့က ရိုးရိုးခရီးသွားတွေလို နေပြလိုက်ရင် သူ စိတ်ချလက်ချရှိပြီး ပြန်သွားမှာပါ'

'ဟော့ယန်မြို့မှာ နှစ်ရက်နေပြီးရင် ဘယ်ကိုဆက်သွားမှာလဲ ဖေဖေ'

'အဲဒါကို ဟော့ယန်ရောက်မှဘဲ ဆုံးဖြတ်မယ်၊ ဆက်လုပ်ရမယ့်ကိစ္စကို စဉ်းစားထားတာရှိပါတယ်၊ ရှောင်ပင်းနဲ့တွေ့မှ ဖေဖေတို့ စိတ်ကူးထားတဲ့အတိုင်း လုပ်ဖြစ်မယ် မလုပ်ဖြစ်ဘူးဆိုတာ သိရမယ်'

'အစ်ကိုကြီး ရှောင်ပင်းက ဟော့ယန်မြို့ကို လာမှာလားဖေဖေ'

'ဖေဖေတို့ ဟော့ယန်က နတ်သမီးတည်းခိုခန်းမှာတွေ့ဖို့ချိန်းထားတယ်၊ သူ ရောက်လာမှာပါ၊ ဖေဖေက သမီးကို မုယုံခြံဝင်းထဲ ပို့ထားမယ်လို့ စဉ်းစားထားတယ်၊အဲဒီကိစ္စအတွက် ရှောင်ပင်းက မုယုံဝင်းကိုသွားနေတယ်၊ သမီး သူပြန်လာတဲ့အခါ မုယုံချင်းရဲ့ သဘောထားကို သိရမှာဘဲ'

ဆီယူဟာန်၏စကားကြောင့် ဆီယန်ပင်း၏ မျက်မှောင်ကြုတ်သွားသည်၊ သူက နှုတ်ခမ်းလေး မသိမသာစူရင်း....

'သမီးက ဘာဖြစ်လို့ အဲဒီမှာ သွားနေရမှာလဲ ဖေဖေ'

'ဖေဖေ မှာသွားစရာတွေ လုပ်စရာတွေရှိလို့ပေါ့၊ သမီး အဲ့ဒီကိုရောက်နေရင် ဖေဖေနောက်ဆံမတင်းရဘူး၊ ပြီးတော့ သမီးအနေနဲ့လဲ မုယုံချင်းကိုကူညီနိုင်မယ်၊ ဒီအကြောင်းတွေကြောင့် သမီးကို ပို့ထားမှာ'

'သမီးကို ဟိုမှာသွားနေပြီး ဖေဖေကတော့ ဘယ်ကိုသွားမှာလဲ'

'ကြာကယ်လို့ ရှောင်ပင်းတွေးထားတာမှန်ရင် ဖေဖေ ထိုက်စမ်းတောင်ကိုသွားရလိမ့်မယ်၊ အဲ့ဒီကိုသွားတဲ့ခရီးလမ်းက သိပ်ကြမ်းတမ်းတယ်သမီး၊ ဖေဖေတို့တောင် အခက်အခဲအတော်များများကို ဖြတ်ကျော်ပြီးသွားရမှာ၊ သမီးပါ ပါမယ်ဆိုရင် ခရီးတွင်နိုင်မှာမဟုတ်ဘူး'

ဆီယန်းပင် ကျေနပ်ပုံမရ၊ သို့သော် သူက ဖခင်ဖြစ်သူအား တစ်စုံတစ်ရာပြောဆိုခြင်းမပြုပဲ ငြိမ်နေလိုက်သည်၊ ဆီယူဟာန်သည် သူ့သမီးအကြောင်းကို သိသူပီပီ တစ်ချက်ရယ်လိုက်ပြီး နဖူးဆံစကို အသာအယာသပ်ပေး၏၊

'ဖေဖေက သမီးနဲ့ တစ်သက်လုံး ခွဲခွာတာမဟုတ်တော့ မဟုတ်တော့ အခုလဲမခွဲချင်ဘူး၊ ဒါပေမယ့် ဖေဖေ့ကျေးဇူးရှင်ကို ကျေးဇူးဆပ်ဖို့အတွက် စိတ်တင်းပြီးခွဲရမှာ၊ သမီး မုယုံခြံဝင်းမှာနေရင် လုံလုံခြုံခြုံရှိမယ်၊ ပြီးတော့ သိုင်းပညာလဲ တိုးတက်လာလိမ့်မယ်'

'မုယုံခြံဝင်းမှာ ဘယ်သူကသမီးကို သိုင်းပညာသင်ပေးမှာလဲ'

'မုယုံချင်း သင်ပေးမှာပေါ့၊ သူ့ရဲ့သိုင်းပညာအဆင့်ဘယ်လောက်ရှိမယ်လို့ သမီးထင်သလဲ၊ ဖေဖေ့သိုင်းပညာဟာ သူ့ထက်နှစ်ဆင့်လောက်နိမ့်လိမ့်မယ်'

ဆီယန်ပင်း၏မျက်လုံးအစုံ အရောင်လက်သွား၏၊ ထိုမျက်လုံးအစုံ၌ စိတ်ဝင်စားဟန်များပေါ်လာ၏။

'သူက သမီးကို ဘယ်သင်ပေးချင်ပါ့မလဲဖေဖေ'

'အဲဒါ ရှောင်ပင်းနဲ့တွေ့ရင် သိလိမ့်မယ်၊ ရှောင်ပင်းဟာ မုယုံခြံဝင်းနဲ့ပတ်သက်တဲ့လူတစ်ယောက်ပဲ၊ မုယုံချင်းနဲ့ သူက တော်တော်ရင်းနှီးတယ်၊ သမီးကိစ္စကို မုယုံချင်း ငြင်းမှာမဟုတ်ပါဘူး'

ဆီယန်ပင်း မေးခွန်းမဆက်တော့၊ သူသည် မြင်းလှည်းပြတင်းမှတစ်ဆင့် အပြင်ဘက်သို့ငေးကြည့်ရင်း အတွေးနယ်ချဲ့လာခဲ့သည်၊ စုကျိုးမြို့သို့ရောက်စဉ်က အမှတ်မထင်တွေ့မြင်ခဲ့သော မုယုံခြံဝင်းအကြောင်း၊ ထိုခြံဝင်းတွင်နေဖြစ်လျှင် သူတွေ့ရမည့် မုယုံမိသားစုအကြောင်းများကို စဉ်းစားလာသည်။

မုယုံမိသားစုအကြောင်း နယ်ခြားတွင်နေစဉ်ကတည်းက ဖခင်ပြောပြသဖြင့် သူကြားဖူးခဲ့ပြီးဖြစ်သည်၊ အစဉ်အလာကြီးမားသော ထိုမိသားစုကို သူအထင်ကြီးနေခဲ့သည်၊ သိုင်းလောကတွင် လျှမ်းလျှမ်းတောက်ကျော်ကြားသော ထိုမိသားစုကို အားကျစိတ်လည်း ရှိနေခဲ့သည်။



မုယုံခြံဝင်းတွင် သွားရောက်နေထိုင်ရမည်ကို ဆီယန်ပင်းမလိုမလား မရှိပေ၊ သူအထင်ကြီးအားကျသော မုယုံမိသားစုနှင့် ရင်းရင်းနှီးနှီး နီးနီးကပ်ကပ်နေရမည်ဆိုသည့်အတွက် စိတ်လှုပ်ရှား၍ပင်နေခဲ့သည်၊ သို့သော် သူ့ဖခင်နှင့် ခွဲခွာနေရမည့်အတွက် စိတ်မပျော်နိုင်ဖြစ်ရသည်၊ တစ်သက်နှင့်တစ်ကိုယ် မခွဲဖူးသော ဖခင်နှင့် ခွဲရမည့်အရေးမှာ သူ့အတွက် ဝန်လေးပင်ပန်းသောကိစ္စတစ်ခုသာဖြစ်နေသည်။

သူသည် အတွေးနယ်ချဲ့နေမိရာမှ သက်ပြင်းတစ်ချက်ချလိုက်သည်၊ သူ၏သက်ပြင်းချသံက ကျယ်လောင်သွားသဖြင့် သူ့ကိုယ်အတွေးနှင့်ငြိမ်နေသော ဖခင်ဖြစ်သူ ဆီယူဟာန် ဖျပ်ခနဲ လှမ်းကြည့်လာသည်၊ သမီးဖြစ်သူ၏မျက်နှာကို အဓိပ္ပာယ်ပါဟန်ဖြင့် တစ်ချက်ကြည့်ပြီးနောက် ဆီယူဟာန်က....

'မုယုံခြံဝင်းမှာနေခဲ့ရမယ်ဆိုလို့ သမီးစိတ်ညစ်နေပြီလား'

ဟုမေးလိုက်သည့်မေးခွန်းကြောင့် ဖခင်ကြီးမှာ သူ့အတွက် သောကရောက်နေကြောင်း ဆီယန်းပင်သိလိုက်သည်၊ သူက ခပ်ဖွဖွ အပြုံးဖြင့် သက်ပြင်းချလိုက်ပြီးနောက်....

မုယုံခြံဝင်းမှာနေရမယ်ဆိုတဲ့အတွက် သမီးစိတ်မညစ်ပါဘူး၊ ဖေဖေနဲ့ခွဲရမှာကို တွေးပြီးစိတ်မကောင်းဖြစ်မိတာပါ'

ဆီယန်းပင်၏စကားက ဖခင်ဖြစ်သူ ဆီယူဟာန်နှလုံးသားကို ဆွဲကိုင်လှုပ်ယမ်းလိုက်သလိုရှိသည်၊ ဆီယူဟာန်မျက်နှာ ကွက်ခနဲပျက်သွားပြီး သမီးဖြစ်သူ၏ပခုံးကို ဖွဖွသာသာဆုပ်ကိုင်လိုက်သည်။

'ဖေဖေကလဲ သမီးနဲ့ မခွဲချင်ပါဘူး၊ ဖေဖေ ခဏခဏ ပြောသလိုဘဲ ဖေဖေ အသက်သခင် ကျေးဇူးရှင်ကို ကျေးဇူးဆပ်ချင်လွန်းလို့ ဇွတ်မှိတ်စိတ်တင်းပြီး ခွဲရမှာ၊ တကယ်လို့ သမီးက မလိုလားဘူးဆိုရင်လဲ ဖေဖေ့ အနေနဲ့ ဒီအလုပ်ကို မလုပ်ယုံဘဲရှိပါတယ်'

သူ့ကြောင့် ဖခင်ဖြစ်သူ တာဝန်ပျက်ရတော့မည်ဆိုသည့် အသိက ဆီယန်းပင်၏နှလုံးသားကို ဆွဲကိုင်လှုပ်ယမ်းလိုက်သကဲ့သို့ရှိသည်၊ ဖခင်ဖြစ်သူ၏စကားကိုအကြားတွင် ဆီယန်းပင် မနေတတ် မထိုင်တတ်ဖြစ်သွားသည်၊ သူကညှိုးမှိုင်းနေသော ဖခင်၏မျက်နှာကို မော့ကြည့်လိုက်ပြီး....

'သမီးက ဖေဖေနဲ့ခွဲပြီးနေရမှာစိတ်မကော င်းတဲ့အကြောင်းဘဲပြောတာပါ၊ မခွဲဘူးလို့ပြော[illegible]မဟုတ်ပါဘူး၊ ဖေဖေ့ လုပ်စရာရှိတာကို စိတ်ရှင်းရှင်းနဲ့လုပ်ပါ သမီး မုယုံခြံဝင်းမှာ သွားနေပါ့မယ်'

'သမီး ဒီစကားကို စိတ်ထဲကပါလို့ပြောတာနော်'

'ဟုတ်ပါတယ်၊ ဖေဖေ စိတ်ကောင်းဖြစ်တာ တစ်ခုတည်းနဲ့ အဓိပ္ပာယ်ရှိတဲ့အလုပ်ကို သမီး မစွန့်လွှတ်နိုင်ပါဘူး'

ဆီယူဟန်က သွက်လက်ချက်ချာသော သမီးဖြစ်သူ၏ စကားကို နားထောင်ရင်းပြုံးသည်။

'သမီးက တကယ်လိမ္မာတာဘဲ မုယုံခြံဝင်းမှာ သမီး အကြာကြီးမနေရပါဘူး၊ လပိုင်းလောက်ပဲနေရမှာပါ၊ ဖေဖေ တို့က်စန်းတောင်ကိုသွားပြီး လူတစ်ယောက်ကိုရှာမယ်၊ အဲဒီ



လူကိုတွေ့တာနဲ့ မုယုံခြံဝင်းကိုလာခဲ့မယ်၊ ဒါကလဲ မုယုံချင်းက သမီးကိုလက်ခံထားမယ်ဆိုမှ ဖြစ်မယ့်ကိစ္စပါ'

'မုယုံချင်းက သမီးကိုလက်ခံထားမယ်ဆိုတာ သမီးယုံကြည်နေတယ်၊ အစ်ကိုကြီးရှောင်ပင်းနဲ့မတွေ့ရင် သတင်းကောင်းကြားရမှာ သေချာပါတယ်ဖေဖေ'

* * *

ယွန်ယန်မြို့သည် သာယာလှပသော မြို့ငယ်လေးတစ်မြို့ဖြစ်သည်၊ မြို့တစ်မြို့၏အင်္ဂါရပ်နှင့်ညီပြီး၊ အေးချမ်းသိတ်ငြိမ်သဖြင့် သူဌေးသူကြွယ်များ၊ အရာရှိအရာခံများ အပန်းဖြေရန် လာရောက်တတ်သည့်မြို့ဖြစ်သည်။

ယွန်ယန်မြို့စားမှာ သိမ်မွေ့နူးညံ့သော စိတ်ထားရှိသည့် မျိုးချစ်တပ်မှူးဟောင်းတစ်ဦးဖြစ်သည်၊ သူကယွန်ယန်မြို့တွင် ဒုစရိုက်မှုများမရှိအောင် စည်းကမ်းတကျ အုပ်ချုပ်သည်၊ လောင်းကစားဝိုင်းမရှိ၊ လုယက်မှုမရှိ ခိုးဆိုးတိုက်ခိုက်ခြင်းမရှိ လာရောက်အပန်းဖြေသူများ၏ အသက်စည်းစိမ် လုံခြုံရေးအတွက် အထူးတပ်ဖွဲ့ ဖွဲ့စည်းကာ တာဝန်ပေးထားသည်၊

ဆီယူဟန်တို့မြင်းလှည်း သန့်ရှင်းသပ်ရပ်သော မြို့အတွင်းသို့ မနှေးမမြန် မောင်းဝင်လာသည့် မြင်းလှည်းသမားသည် ယွန်ယန်မြို့သို့ မကြာခဏ ရောက်ဖူးသူဖြစ်သဖြင့် မြို့တွင်း ယာဉ်ရထားများ အမြန်မမောင်းနှင်ရ စည်းကမ်းချက်ကို သိထားသည်။

ဆီယူဟန်တို့ သားအဖက သန့်ရှင်းလှပသော မြို့ကလေးကို မြင်းလှည်းပြတင်းပေါက်မှ ငေးကြည့်လာသည်၊ မြို့အလှအပကိုကြည့်ရင်းမှ လမ်းဆုံလမ်းချိုးတိုင်းတွင် လှံ သို့မဟုတ်ဓား ကိုင်ထားသော အနီရောင်ခမောက်ဆောင်း လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ယောက်စီရှိနေတတ်သည်ကို သတိပြုမိ၏၊ လုံခြုံရေးတပ်ဖွဲ့ဝင်တိုင်း၊ သတိဝီရိယနှင့် စောင့်ကြည့်နေကြကြောင်း ၎င်းတို့၏ထက်မြက်ရှင်သန်သော ဟန်ပန်ကိုကြည့်ပြီး သိလိုက်သည်။



'ဒီမြို့ဟာ ဒုစရိုက်မှုကင်းတဲ့မြို့လို့ ရှောင်ပင်းက ပြောတယ်၊ ဒီမြို့က မြို့စားကြီးဟာ သိုင်းပညာရှင်ကြီးတစ်ယောက်ပဲ၊ လုံခြုံရေး အစီအစဉ် တွေ တင်းတင်းကြပ်ကြပ်ချမှတ်ထားတဲ့အတွက် သေ့ဂိုဏ်းက ဒီမြို့မှာဝင်ပြီး နေရာယူနိုင်ပုံမပေါ်ဘူး၊ နောက်ယောင်ခံလိုက်လာတဲ့လူကလွဲရင် ဒီမြို့မှာ ဖေဖေတို့အတွက် ရန်သူမရှိဘူး'

ဆီယူဟာန်က ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ်ကြည့်ရင်းမှ ပြောသည်။

'သမီးတို့ နောက်လိုက်လာတဲ့လူ ဒီမြို့မှာ ကြာကြာနေရဲပါ့မလား ဖေဖေ'

သူက ခေါင်းကို ညှင်သာစွာခါပြ၏။

'သူ ဒီမြို့မှာကြာကြာမနေရဲပါဘူး၊ နေရင်လဲ ဖေဖေတို့ကို အန္တရာယ်ပေးရဲမှာမဟုတ်ဘူး၊ ဒါကြောင့် နှစ်ရက်လောက်နေရင် သူပြန်သွားလိမ့်မယ်လို့ ဖေဖေပြောတာပေါ့၊ ဟော.... ရှေ့မှာ ဖေဖေတို့ ငှားရမယ့် နတ်သမီးတည်းခိုရိပ်သာကို ရောက်ပြီ၊ ရှောင်ပင်းက ယွန်ယန်မြို့မှာ အကောင်းဆုံးတည်းခိုဆောင်၊ အကောင်းဆုံးစားသောက်ဆိုင်လို့ပြောတာပဲ၊ ဘယ်ကောင်းမကောင်းက တည်းခိုကြည့်မှပဲသိမယ်'

မြင်းလှည်းသည် ကြီးမားခန့်ညားသော အဆောက်အဦးရှေ့တွင် ရပ်လိုက်၏၊ မြင်းလှည်းရပ်လျှင်ရပ်ခြင်း မြင်းလှည်းမောင်းသမား ဆင်းလာပြီး သူတို့အား တံခါးဖွင့်ပေးသည်၊ ဆီယူဟာန်က မြင်းလှည်းပေါ်မှဦးဆောင်ပြီးဆင်း၏၊ သူသည်

စုကျုံးမြို့သို့ ရောက်နေစဉ်ကလို နွမ်းနွမ်းဖတ်ဖတ်အသွင်မျိုးနှင့်မဟုတ်တော့၊ အဖြူရောင်ပိုးသားဝတ်စုံကို ဝတ်ဆင်ထား၏၊ ဆီယန်းပင်ကလည်း ခရမ်းရောင်ဖဲဝတ်စုံဝတ်ကာ ရွှေငွေလက်ဝတ်ရတနာများဖြင့် သူဌေးသမီးတစ်ယောက်ပုံပေါက်နေ၏။

ဆီယန်းပင်သည်မြင်းလှည်းပေါ်မှဆင်းမိသည်နှင့် အဆောင်းတစ်ချက်ဆန့်လိုက်သည်၊ အညောင်းဆန့်ရင်း နတ်သမီးစားသောက်ဆိုင်ဆိုသည့် ဆိုင်းဘုတ်ကို လှမ်းဖတ်သည်၊ သူ ဆိုင်းဘုတ်ကို ဖတ်နေစဉ် ညည့်ကြိုလုလင်တစ်ဦး အနားသို့ရောက်လာပြီး....

'ဦးတို့ ခရီးဝေးကလာကြတာထင်တယ်၊ ကျွန်တော်တို့ဆိုင်မှာ ရေမိုးချိုးပြီးအနားယူလို့ရပါတယ်၊ ခရီးမဆက်ချင်လို့ တည်းခိုမယ်ဆိုရင်လဲ ဒီမှာတည်းခိုခန်းရှိပါတယ်....၊ အစားအသောက်ဆိုရင် ကျွန်တော်တို့ဆိုင်က ဒီနယ်တစ်ခုလုံးမှာ အကောင်းဆုံးပါ'

ညည့်ကြိုလုလင်က ဖော်ရွေသောအမူအယာဖြင့် ပြောသည်၊ ဆီယူဟာန်က ခေါင်းတစ်ချက်ညိတ်လိုက်ပြီး....

'ကျုပ်တို့အတွက် အခန်းတစ်ခန်းစီစဉ်ပေးပါ၊ ကျုပ်တို့ ဒီမှာ နှစ်ရက်သုံးရက်နေမယ်၊ ပထမဆုံး ရေချိုးပြီး မနက်စာစားမယ်'



'ဟုတ်ကဲ့....ဦးတို့ စိတ်တိုင်းကျဖြစ်အောင် ကျွန်တော်စီစဉ်ပေးပါ့မယ်၊ ဆိုင်ထဲကိုကြွပါ'

ဆီယူဟာန်က ညည့်ကြိုလုလင်၏နောက်သို့လိုက်သည်၊ ညည့်ကြိုလုလင်က စားသောက်သူများရှိနေသော စားသောက်ခန်းကိုဖြတ်ပြီး သူတို့ အား အပေါ်ထပ်သို့ခေါ်ခဲ့သည်၊ အပေါ်ထပ်သို့ရောက်သည်နှင့် ထောင့်ကျကျအခန်းတစ်ခန်းကိုဖွင့်ပေးလိုက်၏။

'ဦးတို့ရဲ့မိတ်ဆွေ ဒီကိုရောက်နေပါတယ်....၊ သူက ဦးတို့ရောက်လာရင် ကြိုဆိုဖို့ ကျွန်တော့်ကိုပြောထားတယ်၊ ဒီအခန်းက သူကြိုတင်ပြီးငှားထားတဲ့အခန်းပါ'

ဆီယူဟာန်က ညည့်ကြိုလုလင်အား စူးစမ်းဟန်ဖြင့်ကြည့်သည်။

'ဦးတို့မိတ်ဆွေက ဘုံနှင့်တော့်ကို ဦးတို့ရဲ့ပုံပန်းသဏ္ဌာန်ကို ပြောပြထားပါတယ်၊ တကယ်လို့ ဦးတို့က မယုံမကြည်ဖြစ်နေရင် နတ်စစ်သည်ဆိုတဲ့နာမည်ပြောပြဖို့လဲ မှာထားပါတယ်'

ညည့်ကြိုလုလင်သည် ရှောင်ပင်း၏ မှာကြားချက်ကြောင့် စောင့်ဆိုင်းနေသူဖြစ်ကြောင်း ဆီယူဟာန်ယုံကြည်သွားသည်၊ သူက လုလင်အား ပြုံးပြပြီး....

'မင်းအပေါ် ကျုပ်တို့ သံသယမရှိပါဘူး၊ ဒီမြို့မှာ ကျုပ်တို့ကို မကောင်းကြံမယ့်သူမရှိဘူးဆိုတာ ယုံကြည်ပါတယ်၊ ကျုပ်တို့ ရေချိုးရမယ့်နေရာကို ပြပါ၊ ပြီးရင် မနက်စာစားဖို့ စီစဉ်ပေးပါ'

✺ ✺ ✺

## အခန်း (၈)

## ဘယ်ခြောက်ကာ ညာလှမ်း

ဆီယူကန်တို့သားအဖသည် နံနက်စာကို မြိန်ယှက်စွာစား သောက်ပြီး သူတို့အတွက်စီစဉ်ထားသည့် အခန်းသို့ဝင်ကာ အနားယူကြသည်၊ သားအဖနှစ်ယောက်စလုံး စိတ်အနောက် အယှက်ကင်းစွာ အိပ်ပျော်သွားပြီး ညနေခင်းမှ နိုးလာသည်။

သူတို့အိပ်ရာမှနိုးလာစဉ် တားပွဲသိုးတစ်ရောက်က ရေနွေးကြမ်းလာပို့သည်၊ ဆီယူကန်သည် ရေချင်ပင်းရောက်လာမှာကို စောင့်ရင်း ရေနွေးကြမ်းသောက်နေ၏၊ ဆီယန်းပင်က ပြတင်းပေါက်အနီးတွင် ထိုင်ကာ အပြင်ဘက်သို့ ငေးကြည့်သည်။

'ရှေ့ကခေါက်ဆွဲပြုတ်ဆိုင်မှာ လူတစ်ရောက် ယောက်နေတတ်ဖေဖေ၊ အဲဒီလူဟာ သမီးတို့နောက်ကို လိုက်လာတဲ့လူဖြစ်လိမ့်မယ်၊ သူကခေါက်ဆွဲပြုတ်စားဟန်ဆောင်ပြီး သမီးတို့အခန်းကို အကဲခတ်နေတယ်'

'အကဲခတ်ပါစေသမီး....ဖေဖေတို့ ငြိမ်ငြိမ်လေးနေပြရင် သူစိတ်ပျက်ပြီးပြန်သွားမှာပါ'

'အစ်ကိုကြီး ရှောင်ပင်းက အဲဒီလူစောင့်ကြည့်နေတာကို မသိဘဲလာတွေ့ရင် ခက်လိမ့်မယ်ဖေဖေ'

'ရှောင်ပင်းက သမီး ထင်းထားတာထက် အဆတစ်ရာလောက်ပိုပြီး ပါးနပ်တယ်၊ အခုလောက်ဆိုရင်သူလဲ ဖေဖေတို့မိတ်ဆွေကို တွေ့နေလောက်ပါပြီ.... ဒီလိုညနေခင်းမျိုးမှာ ဖေဖေတို့ဆီလာမှာမဟုတ်ဘူး'

'ဒါဆိုရင် သမီးတို့က ဒီအခန်းထဲမှာပဲနေပြီး အစ်ကိုကြီးရှောင်ပင်းရောက်လာမှာကို စောင့်ရမှာလား'

'ဖေဖေတို့တစ်ချိန်လုံး ဒီအခန်းထဲမှာ ကုပ်နေလို့ ဘယ်ဖြစ်မလဲ၊ သမီး....အဲဒါဆိုရင် စောင့်ကြည့်နေတဲ့လူ သံသယဖြစ်သွားမှာပေါ့....ဖေဖေတို့မြို့ထဲကို လျှောက်ကြည့်မယ်၊ ဒီမြို့က ဘုရားဖြူဘုကျောင်းကိုဝင်ပြီး ဘုရားဖူးကြမယ်'

ဆီယူဟန်၏ စကားကိုအကြားတွင် ဆီဆန်းပင် ပျော်သွားသည်၊ သူက ပြတင်းပေါက်အနီးမှခွာပြီး ဖခင်၏ ဘေးတွင်လာရပ်သည်။

'ဒီမှာနေတဲ့ရက်မှာ သမီးတို့လျှောက်လည်နေကြမှာသားဖေ.ဖေ....'



'ဟုတ်တယ်သမီး အဲဒါရန်သူကိုလှည့်စားတဲ့နည်းပဲ၊ မြင်းပျံအာမခံဌာနက ဖေဖေ့မိတ်ဆွေပိုင်ပေမယ့် အဲဒီကလူဟောဟာ ဖေဖေတို့လူ သူဖြစ်ချင်ဖြစ်လိမ့်မယ်....ကျုံးထင်ကို ဖေဖေတို့မယုံသလို ကျုံးထင်ကလဲ ဖေဖေတို့ကို ယုံကြည်ပုံမရဘူး၊ အရင်က ဖေဖေရဲ့အယုံကြည်ရဆုံး မိတ်ဆွေဖြစ်တဲ့ ကျုံးထင်ဟာ အခုအချိန်မှာ ဖေဖေ့ရန်သူ ဖြစ်ချင် ဖြစ်နေမယ်၊ ရန်သူမဖြစ်ရင်တောင် လျှို့ဝှက်ဖုံးကွယ်မှုတွေကြောင့် စိတ်ချရလုံးလုံးမရှိတော့ဘူး'

ဆီယူဟန်သည် ကျုံးထင်အကြောင်း သမီးဖြစ်သူအား အကုန်အစင်သသိပေးရန် မရည်ရွယ်ပေ၊ ကျုံးထင်သည် ယုံကြည်ထိုက်သူမဟုတ်ကြောင်း သမီးဖြစ်သူအရိပ်အမြွက်မျှ သိထားလျှင်တော်ပြီဟု သူတွေးတောဆုံးဖြတ်ထား၏။

ဆီယန်းပင်မှာ ပျော်နေသဖြင့် စဉ်စုရန် သတိမရ၊ ထို့ကြောင့် သူက ဖခင်ဖြစ်သူအား မေးခွန်းတွေ မထုတ်ဘဲနေသည်၊- ဆီယူဟန်သည် ထိုင်နေရာမှထလိုက်ပြီး....

'ပြတင်းပေါက်ကိုပိတ်လိုက်ပါသမီး ဖေဖေတို့အပြင်သွားကြမယ်'

ဆီယန်းပင်သည် ဖခင်ဖြစ်သူ၏စကားကို ကြားသည်နှင့် ပြတင်းပေါက်ကို ခပ်သွက်သွက်ပြေးပိတ်သည်၊ ပြတင်းပေါက်ပိတ်ပြီးနောက် ဖခင်ဖြစ်သူနှင့်အတူ အပြင်သို့ထွက်သွား၏၊ အပေါ်ထပ်အိပ်ခန်းဆောင်မှနေ၍ အောက်ထပ်စားသောက်ခန်းသို့ဆင်း၏၊ ထို့နောက် စားသောက်ခန်းကိုဖြတ်ပြီး ဆိုင်အပြင်သို့ထွက်လိုက်၏။

အပြင်ဘက်တွင် ညနေစောင်း လမ်းလျှောက်သူများဖြင့် စည်ကားနေ၏၊ အနယ်နယ်အရပ်ရပ်မှ အပန်းဖြေလာရောက်သူများသည် ဝတ်ကောင်းစားလှ ဝတ်ဆင်ကာ ပျော်ပျော်ရွှင်ရွှင်ရယ်ရယ်မောမောနှင့်သွားလာနေကြ၏။

ဆီယူဟန်တို့သားအဖက လူတွေကြားထဲသို့ တိုးဝင်လိုက်၏၊ သူတို့သည်အမွှေးတိုင်၊ ဖယောင်းတိုင် စသည်ကိုင်ထားသူတို့မှာ ဘုရားဖူးများဖြစ်ကြောင်းသိသဖြင့် နောက်မှလိုက်ခဲ့ကြခြင်းဖြစ်၏။

လမ်းသွယ်သုံးခုခန့်ကို ဖြတ်ကျော်မိသောအခါ ဘုရားဖူးများဖြင့်စည်ကားမနေသောဘုကျောင်းကိုမတွေ့ရ၏၊ ဆီယူဟန်က ထိုဘုကျောင်း အတွင်းသို့ ဦးဆောင်ပြီး ဝင်၏၊ ဘုကျောင်းအဝင်တွင် အမွှေးတိုင်၊ ဖယောင်းတိုင်၊ စက္ကူဖြူ၊ စက္ကူနီရောင်းသူကိုတွေ့ရသဖြင့် အမွှေးတိုင်တစ်ထုပ် ဝယ်လိုက်၏၊ ပြီးအမွှေးတိုင်ကိုမီးရှို့ကာ မယ်တော်ရုပ်ထုရှေ့ရှိ မြေအိုးထဲတွင်စိုက်ထိုးလိုက်၏။

ဆီယူဟန်တို့သားအဖသည် မယ်တော်ရုပ်ထုရှေ့တွင် အတန်ကြာအောင်ရပ်ပြီး ဆုတောင်း၏၊ သူတို့ဆုတောင်းနေစဉ်သူတို့နှင့်မနီးမဝေးတွင် လူတစ်ယောက်လာရပ်၏၊ ဆီယူဟန်က ထိုလူအားမြင်သော်သည်း မမြင်ဟန်ဆောင်မြဲပြီး....

'သမီး ဘာ၂တွေဆုတောင်းသလဲ'



ဆီယန်းပင်သည် အကင်းပါးသူပီပီ ဆီယူဟန်၏ မျက်နှာရိပ်မျက်နှာကဲကိုကြည့်ပြီး သူတို့နောက်တွင်နောက်ယောင်ခံလိုက်လာသူရှိနေကြောင်း သိလိုက်၏၊ ထို့ကြောင့် သူက အသံကျယ်ကျယ်ဖြင့်....

'သမီးတော့ အိမ်ကို မြန်မြန်ပြန်ရပါစေလို့ ဆုတောင်းတယ်'

'ဘာဖြစ်လို့လဲ သမီးကအိမ်ပြန်ချင်နေပြီလား'

'ဟုတ်တယ် ဖေဖေ'

'သမီးပဲသိုင်းလောကထဲ ဝင်ကြည့်ချင်တယ် ဆိုပြီး စိတ်စိတ်ပြောင်းသွားပြီလား....သမီးလျှောက်မလည်ချင်တော့ဘူး၊ အိမ်ပြန်ချင်ပြီဆိုရင် ပြန်ကြယုံပဲရှိတာပေါ့....ဒီအတွက် စိတ်ဆောက ရောက်မနေပါနဲ့ သမီး....ဖေဖေတို့ ဒီမှာနှစ်ရက်လောက်နေပြီး အိမ်ကိုပြန်ကြတာပေါ့...ဒီမြို့ကနေ နယ်ခြားကိုသွားဖို့လမ်းသင့်ပါတယ်'

ဆီယန်းပင်၏မျက်နှာပြုံးရွှင်သွား၏။

'ဖေဖေဘာကယ်ပြောတာလားဟင်'

'သမီးကလဲ ဖေဖေ့ကိုတောင် မယုံကြည်ဖြစ်နေပြီလား'

'မဟုတ်ပါဘူး သမီးကသေချာအောင် မေးကြည့်တာပါ'

'ဒီအရပ်ဒေသတွေဟာ တစ်ချိန်က ဖေဖေ ကျင်လည်ကျက်စားခဲ့တဲ့နေရာတွေပါ... ဖေဖေ့အတွက် ထူးဆန်းတာ ဘာမှမရှိဘူး၊ အခုဖေဖေတို့ ကိုဂျိုဝင် ဒီမြို့ဝင်နဲ့သွားနေတာ သမီးကို ဗဟုသုတရစေချင်လို့ပဲ၊ သမီး အခုလိုမသွားချင်တော့လဲ နောက်အိမ်ပြန်တာကောင်းပါတယ်'

ဆီယူဟာန်တို့သည် စကားတပြောပြောနှင့် ဘုံကျောင်းထဲမှထွက်၏၊ သူတို့အပြင်ကိုအထွက်တွင် နောက်ယောင်ခံသူ မယောင်မလည်နှင့်ပါလာသည်ကိုတွေ့ရ၏။

* * *



အမှောင်ထုသိပ်သည်း နက်ရှိုင်းလာပြီဖြစ်၏၊ နတ်သမီးစားသောက်ဆိုင်တွင် မီးရောင်များ ထိန်ထိန်လင်းနေပြီဖြစ်၏၊ အောက်ထပ်စားသောက်ခန်းဆီမှ တေးသံသာတို့ ကြားရသည်၊ ဟော့ယန်မြို့၏ နာမည်ကျော်သီချင်းသည် ဒေါင်းမလေးက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေနေခြင်းဖြစ်၏။

ဆီယူဟာန်တို့သားအဖသည် တေးသံသာကိုနားထောင်ရင်း ညစာစားသောက်နေ၏၊ ဒေါင်းမလေးသည် နာမည်ကျော်လောက်အောင် အသံကောင်းသူ ဖြစ်လေသည်၊ သီဆိုနေသည့် တေးသီချင်းမှာ ချစ်ခြင်းမေတ္တာအကြောင်း၊ ဖွဲ့နွဲ့ထားသည့် တေးသီချင်းများဖြစ်ပြီး သူကိုယ်တိုင်တီးခတ်နေသော ဗျပ်စောင်းသံနှင့် လိုက်ဖက်လှ၏။

ဆီယူဟာန်တို့က စားသောက်ပြီးစီးပြီး အတန်ကြာသည်ထိအောင် ဒေါင်းမလေး၏သီချင်းသံကို နားထောင်ကြသည်၊ အမှောင်ရင့်လာပြီး ညဉ့်ဦးပိုင်းကုန်ဆုံးသည့်အခါ အိပ်ခန်းသို့ ပြန်ရန်ပြင်သည်၊ ဆီယူဟာန်က ကျသင့်ငွေရှင်းရန် စားပွဲထိုးကို လှမ်းခေါ်မ ဆဲဆဲ စားပွဲထိုးတစ်ယောက်ရောက်လာသည်၊ သူသည် စားပွဲထိုးအား မေးမြန်းခြင်းမပြုဘဲ ကျသင့်ငွေအဖြစ် ငွေတုံးတစ်တုံးထုတ်ပေးသည်၊ စားပွဲထိုးက ငွေတုံးကိုယူပြီး သူ့အား စာရွက်ခေါက်တစ်ခုပေး၏၊ ထိုစာရွက်ပေါ်တွင် ပြန်အိပ်ပါဆိုသည့် စာရေးသားထားသည်ကို တွေ့ရသည်။

စားပွဲထိုးသည် ငွေတုံးကိုကိုင်ထားရင်း သူတို့စားသောက်

သည့်အတွက် ကျသင့်ငွေတွက်ချက်ခနေ၏၊ ဆီယူဟန်က စာရွက်ခေါက်ကို သိမ်းလိုက်ပြီး....

'ထင်ပေးစရာ လိုသေးလား'

'မလိုပါဘူး ခင်ဗျာ၊ အခုပေးထားတာ ပိုတောင်နေပါတယ်၊ ကျွန်တော် ငွေပြန်ပေး ပြန်အမ်းပါမယ်'

'ပြန်မအမ်းပါနဲ့၊ ပိုတာ မင်းအတွက်ယူလိုက်ပါ'

စားပွဲထိုး၏မျက်နှာတွင် ဝမ်းသာဟန်များ ရိုက်ခနဲပေါ်သွား၏၊ သူက ဆီယူဟန်အား ဦးညွှတ်လိုက်ပြီး....

'ဆရာကြီးရဲ့ ရက်ရောမှုအတွက် ကျေးဇူးတင်ပါတယ်'

ဆီယူဟန်သည် ပတ်ဝန်းကျင်ကို မျက်လုံးတစ်ချက်ဝေ့ကြည့်ပြီး ထိုင်နေရာမှထသည်၊ ဆိုင်၏ထောင့်ကျကျစားပွဲဝိုင်းမှ သူတို့အား နောက်ယောင်ခံ သူထိုင်နေသည်ကို တွေ့ရ၏၊ ကျိုးဆင် တာဝန်ပေးစေလွှတ် ပိုက်သူမှာ ခတ်နုနု ခင်ထိုင်းထိုင်း နိုင်သူပါလားဟု တွေးရင်း စိတ်ထဲမှ ကြိတ်ပြုံးပြုံးမိသည်။

ဖေဖေ....ဟို....

'ဖေဖေဖြင့်တယ် သမီး၊ နောက်ကနေလိုက်ပြီး ချောင်းမြောင်းတဲ့သူက အခုလို ထင်ထင်ပေါ်ပေါ်လုပ်နေတာတွေတော့ ရယ်တောင်ရယ်ချင်တယ်၊ ခုလို ဦးနှောက်မရှိတဲ့လူမျိုးကို လွှဲထားရတာ ပိုတောင်လွယ်တယ်'

သူက သမီးဖြစ်သူအား ခပ်တိုးတိုးပြောပြီး စားသောက်ခန်းမှထွက်ကာ အပေါ်ထပ်သို့တက်ခဲ့၏၊ အပေါ်ထပ်အိပ်ခန်းသို့အရောက်တွင် ဆီယန်းပင်က မီးထွန်းမည်ပြုသည်၊ သူက ... သံတိုးတိုးဖြင့်....



'မီးမထွန်းပါနဲ့ သမီး၊ ဖေဖေတို့ အိပ်ချင်လို့ တံခါးပိတ်ဝင်အိပ်တဲ့သဘောပေါ်အောင် နေရမယ်၊ ရှောင်ပင်းက ဖေဖေတို့ကို ပြန်အိပ်ဖို့သတိပေး တာ၊ သူလာမယ်လို့ ပြောလိုက်တာပဲ'

သူက သမီးဖြစ်သူအား သတိပေးစကားပြောနေစဉ် တံခါးခေါက်သံ ပေါ်လာသည်။

'ဦးတို့ အိပ်နေပြီလား'

တံခါးခေါက်သံနှင့်အတူ ပေါ်လာသော မေးလိုက်သံမှာ ရှောင်ပင်း၏ အသံပင်ဖြစ်သည်၊ သူပသည် နေရာမှ လျင်မြန်စွာထ၍ အခန်းတံခါး ဖွင့်ပေးလိုက်၏။

ရှောင်ပင်းသည် မီးရောင်ကင်းမဲ့နေသော အခန်းထဲသို့ ဝင်လိုက်၏၊ သူက အခန်းတံခါးကို ကိုယ်တိုင်ပြန်ပိတ်ပြီး အနီးဆုံးကုတင်ပေါ်တွင် ဝင်ထိုင်လိုက်သည်၊

'ဦးတို့နောက်က လူတစ်ယောက်လိုက်လာတာကို သိတယ်မဟုတ်လား၊ ဒီရောက်စက ကျွန်တော် ဦးကိုသတိပေးဦးမလို့ပဲ၊ ဒါပေမယ့် ဦး သွားပုံ လာပုံ၊ ပြောဆိုလှုပ်ရှားပုံတွေ ပြောင်းနေတာတွေတော့ နောက်ကလိုက်ချောင်းတဲ့လူရှိတာကို ဦးသိနေပြီလို့ ကျွန်တော်တွေးမိတယ်....၊ ဒါကြောင့် ဦးတို့ကို သတိမပေးပဲနေလိုက်တာ'

'လမ်းမှာကတည်းက သူလိုက်လာတာကို ကျုပ်သိပါတယ်၊ ဒီလူက ခေတ်တော်သည့် ဖျင်းတဲ့လူပဲ၊ အစာငမ်းတဲ့ခွေးလို အစာနောက် ကောက်ကောက်ပါအောင်လိုက်တယ်၊ အန္တရာယ်ကို မမြင်ဘူး'

ဆီယူဟန်၏စကားကိုအကြားတွင် ရှောင်ပင်းရယ်လိုက်သည်။

'ကျုံးထင်က သိပ်အစိုးရိမ်ကြီးသွားတယ်၊ သူ့လူတွေထဲက ထက်ထက်မြက်မြက်ရှိတဲ့လူကို တာဝန်ပေးရင် ဦးတို့ရိပ်မိမှာစိုးလို့ သိုင်းပညာ အညံ့ဆုံးဖြစ်တဲ့ ထမ်းချက်ကို တာဝန်ပေးပြီး လွှတ်လိုက်တယ်၊ ဒီလူက သူ့ကို ဦးတို့မသိဘူးဆိုပြီး နောက်ကနေ ပြောင်ကျကျလိုက်တယ်၊ အမှန်တော့ အဲဒါဟာ သူ့မှာ အတွေ့အကြုံမရှိလို့ဖြစ်တာပါ....၊ ကျွန်တော် ဒီလူနဲ့ အရက်အတူသောက်ပြီးပြီ၊ ဒီညလဲ သူနဲ့အတူ တစ်နေရာကို သွားဖို့ ချိန်းထားတယ်၊ မနက်ဖန်ဆိုရင် ဒီလူ ဦးတို့ကို စောင့်ကြည့်နိုင်တော့မှာ မဟုတ်ပါဘူး'

'မင်း သူ့ကို ဘာလုပ်မလို့လဲ ရှောင်ပင်း'

'ဘာမှမလုပ်ပါဘူး၊ သူကအရက်ကြိုက်တယ်၊ ပြီးတော့ မိန်းမကိစ္စ ဝါသနာပါတယ်၊ ဒီမြို့မှာ ဒုစရိုက်မှုမလုပ်ရအောင် တင်းတင်းကြပ်ကြပ် တားထားတော့ အခုလို ခရီးထွက်လာတုန်းမှာ သူ လွတ်လွတ်လပ်လပ် မပျော်နိုင်ဘူး၊ ကျွန်တော်က သူ့ကို တိတ်တိတ်ပုန်းဖွင့်ထားတဲ့ ပျော်တော်ဆက်ဂေဟာ တစ်ခု ရောက်အောင်ပို့ပေးလိုက်မယ်၊ ပြီးတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အကြောင်းကြောင်းကြားလိုက်မယ်'



'မင်းကိုယ်တိုင် လုံခြုံရေးတပ်ဖွဲ့ဝင်တွေကိုသွားအကြောင်းကြားလို့ ဖြစ်ပါ့မလား'

'ကျွန်တော်က ကိုယ်တိုင်အကြောင်းကြားမှာ မဟုတ်ပါဘူး၊ ကိန်းပုန်းစားတစ်ယောက်ကို ခိုင်းမှာပါ'

ဆီယူဟန်က ခေါင်းကို ညင်သာစွာ ညိတ်လိုက်သည်။

'မင်းအကြံကောင်းပါတယ်၊ ဗိုဗိုရိရိရှိဖို့ဘဲလိုတယ်၊ ဒါထက် မုယုံခြံဝင်းရဲ့ အခြေအနေနဲ့ မုယုံချင်းရဲ့ သမဘာထားကို ပြောပါအုံး'

မုယုံချင်းက ညီမလေး ဆီယန်းပင်ကို ဝမ်းသာအားရ လက်ခံပါလိမ့်မယ်၊ မနက်ဖြန် ကျွန်တော်တို့ စုကျိုးမြို့ကိုပြန်သွားတာပေါ့၊ ဦးကိုယ်တိုင် ညီမလေးကို မုယုံချင်းလက်ထဲ အပ်လိုက်ပါ၊ ကျွန်တော်က ညီမလေးကို ရပ်ဝေးကလာတဲ့ မုယုံချင်းရဲ့ ဆွေမျိုးအဖြစ်နဲ့ထားချင်တာ၊ ဒါပေမယ့် အခု မုယုံခြံဝင်းမှာ မုယုံကြီးရဲ့မွေးစားသား ကျင်းဝီနဲ့ ခေါ်ရဲတိုက် သခင်မတို့ရောက်နေတယ်၊ ဒီတော့ ညီမလေးက မုယုံချင်းကို ပြုစုဖို့ရောက်လာတဲ့ အခစားမိန်းကလေးအဖြစ် ဟန်ဆောင်ရမယ်၊ ခေါ်ရဲတိုက်သခင်မက ကျင်းဝီတို့ လင်မယားကိုခေါ်ပြီး ခေါ်ရဲတိုက်ပြန်သွားတယ်၊ ဒါပေမယ့် အဲဒီမှာ သိပ်ကြာကြာနေမှာမဟုတ်ဘူး ပြန်လာလိမ့်မယ်၊ ဒါကြောင့်....'

'ကျုပ်သဘောပေါက်ပါပြီ၊ ဘယ်လိုပုံနဲ့ဘဲနေနေ အရေးကြီးတာက သမီးအဲဒီမှာ နေဖြစ်ဖို့ဘဲ'

'မနက်ကျရင် ဒီကနေ စောစောထွက်မယ် ဦးတို့အသ ပြ
ထားပါ ကျွန်တော်လာခေါ်မယ်၊အခုကျုံးထင်ရဲ့လူကိုထော
ချောက်ဆင်ဖို့ သွားလိုက်အုံးမယ်'

ရှောင်ပင်းက စကားကို အဆုံးသတ်ပြီး နေရာမှ ထသည်၊ အခန်းတံခါးကို ဟယ့်ဖွင့်ပြီး အပြင်ဘက်သို့တစ်ချက်ကြည့်၏ ပြီး....အပြင်ဘက်ကို လှစ်ခနဲ ထွက်သွားလေသည်။

* * *

## အခန်း (၇)

## ပျောက်သူရှာခရီး

မုယုံချင်းသည် ဆီယန်းပင်အား မြင်မြင်ချင်းချစ်သွား၏၊ ဆီယန်းပင်အား သူ့အနားသို့ခေါ်ထားပြီး ချောမောလှပသောမျက်နှာကို တစိမ့်စိမ့်ကြည့်သည်။

ဆီယန်းပင်မှာ ရုပ်ဖျက်ထားသည့်အသွင်နှင့်မဟုတ်တော့၊ မူလကိုယ်ရုပ်အတိုင်း ပြောင်းလဲထားပြီးဖြစ်၍ အလှတွင်အယဉ်ဆင့်နေသောအသွင်နှင့် ရှိနေသည်။

ဆီယူတာန်ကမူ အသက်လေးဆယ်အရွယ် လယ်သမားကြီးတစ်ယောက်အဖြစ် ရုပ်ဖျက်ထား၏၊ ရုပ်ဖျက်ကျွမ်းကျင်

သဖြင့် ဆီယူဟန်မှာ နေပူမိုးရွာမရှောင် အလုပ်ကိုပင်ပန်းကြီးစွာလုပ်ကိုင်ရသော လယ်သမားတစ်ယောက်အသွင်ပေါ်နေ၏။

'အစ်ကိုကြီးအကြောင်း အစ်ကိုထင်းလုံက ပြောပြဖူးပါတယ်၊ ကျွန်မအပေါ် အခုလိုစေတနာထားတဲ့အတွက် ကျေးဇူးတင်လို့မဆုံးပါဘူး၊ မုယု ခြံဝင်းမှာ ဖြစ်ပျက်ခဲ့တာတွေနဲ့ ပတ်သက်ပြီး အိမ်တော်ထိန်းကြီးက အစ်ကိုထင်းလုံသိအောင် အကြောင်းကြားထားတယ်၊ ကြားလူတစ်ယောက်ဆီကတစ်ဆင့် အကြောင်းကြားရတာဆိုတော့ သူဆီကို သတင်းရောက်ချင်မှ ရောက်ဦးမယ်၊ သူက ကျွန်မရဲ့မျက်နှာချင်းဆိုင်ရမှာ ဝန်လေးပေမယ့် အခုလို အရေးပေါ်နေတဲ့ အချိန်မှာတော့ တခြားဘာအကြောင်းမှ မစဉ်းစားဘဲ ဒီကိုရောက်လာလိမ့်မယ်လို့ ကျွန်မထင်တယ်'

မုယုချင်းက ဆီယူဟန်တို့အား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးရင်းမှ ပြော၏၊ သူနှင့်ထင်းလုံတို့ ကွဲကွာကြသည့်အကြောင်း တစ်ခွန်းတစ်ပါဒမျှမပြော၊ သူသည် ထင်းလုံအပေါ် ယခုအချိန်ထိ မေတ္တာမပျက်ရှိနေပုံရ၏၊

'ဒီသမီးနဲ့ပတ်သက်လို့ အစ်ကိုကြီး စိတ်မပူပါနဲ့၊ သွားစရာရှိတာ လွတ်လွတ်လပ်လပ်သွားပါ၊ သူ့အတွက် ကျွန်မတာဝန်ယူပါတယ်၊ အခုအချိန်ကစပြီး သူ့ကို မုယုမိသားစုဝင်အဖြစ် သတ်မှတ်လိုက်ပါပြီ၊ ကျွန်မမှာ သူနဲ့ရွယ်တူသားတစ်ယောက်ရှိတော့ ကလေးတွေ တစ်ယောက်နဲ့ တစ်ယောက်



အဖော်ရတာပေါ့၊ အစ်ကိုကြီးသဘောတူမယ်ဆိုရင် ကျွန်မသူ့ကို မုယုမိသားစုရဲ့သိုင်းပညာ သင်ပေးပါရစေ'

ဆီယူဟန်တို့မှာ ရေငတ်တုန်း ရေတွင်းထဲကျသကဲ့သို့ရှိသွားသည်၊ သူ မတောင်းဆိုရပဲ မုယုချင်းကိုယ်တိုင်က ဆီယန်းပင်အား သိုင်းပညာသင်ပေးမည့်အကြောင်း လိုလိုချင်ချင်ပြောလာသဖြင့် ဝမ်းသာသွားမိ၏။

'ညီမက သမီးကို သိုင်းပညာအမွေပေးမယ်ဆိုတာ သိပ်ဝမ်းသာဖို့ကောင်းလဲသတင်းစကားပါ၊ ကျုပ်အနေနဲ့ မုယုခြံဝင်းကို လာရကျိုးနပ်တယ်လို့ ပြောရမှာပဲ'

ဆီယူဟန်သည် စကားပြောရင်း သမီးဖြစ်သူအား ဖျပ်ခနဲလှမ်းကြည့်၏၊ ဆီယန်းပင်၏မျက်လုံးအစုံမှာ စိတ်ဝင်စားသည့်အရောင်များ တဖျပ်ဖျပ်လက်နေသည်ကိုတွေ့ရ၏။

'သမီးဒီမှာနေတဲ့အချိန်မှာ ဒေါ်လေးတို့စကားကို အမိန့်ကစ်ခုလိုနာခံပါ၊ သိုင်းပညာကိုလဲ ကြိုးကြိုးစားစားသင်ယူပါ'

'စိတ်ချပါဖေဖေ၊ သမီး အချိန်ရှိခိုက် လုံ့လစိုက်ပါ့မယ်'

ဆီယူဟန်သည် လိမ္မာသောသမီး၏စကားကြောင့် စိတ်ကြည်နူးကျေနပ်ဟန် ပြုံး၏၊ စကားဝိုင်းသို့ဝင်ပဲ အစားအသောက်ကိုသာ အာရုံပြုစားသောက်နေသော ရှောင်ပင်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

'ကျွန်တော် အရေးကြီးတာတစ်ခု မမမုယ့်ချင်းကို မေး ချင်ကယ်'

မုယ့်ချင်းက ရှောင်ပင်းဘက်သို့လှည့်လိုက်သည်။

'မင်းဘာမေးချင်လို့လဲမောင်လေး'

'ကျုံးထင်နဲ့ မမ အဆက်အစပ်ရှိမရှိသိချင်တာပါ၊ သူဟာ အစ်ကိုကြီးထင်းလုံနဲ့ ရင်းနှီးကျွမ်းဝင်တဲ့သူပဲ မမတို့အိမ်မှာ ပြဿနာ ကြီးကြီးကျယ်ကျယ် ပေါ်ထားတော့ သူသာပြီး သက်ေးပေးထာ ကူညီတာတွေရှိမှာပေါ့'

သူမ ခေါင်းညိတ်ပြလိုက်သည်။

'သူလ ပါတယ်၊ အကူအညီလဲပေးတပါယ်၊ အခုနောက် ပိုင်းမှာတော့ သူအလာကျဲသွားတယ်၊ ခေါးရဲတိုက်သခင်မ တို့ ခရီးထွက်သွားပြီးကဲ့နောက် တစ်ခါမှမလာတော့ဘူး'

'မမက ကျုံးထင်နဲ့ ခေါးရဲတိုက်သခင်မ အဆက်အသွယ် ရှိတယ်လို့ပြောချင်တာလား'

'မဟုတ်ပါဘူး၊ တိုက်ဆိုင်မှုကို သတိထားမိတဲ့အကြောင်း ပြောချင်တာပါ၊ သူတို့ချင်း အဆက်အသွယ်ရှိချင်လဲရှိမယ်၊မရှိ ရင်လဲ မရှိဘူး၊ ဒါကို မမ ဘယ်လိုမှမဝေဖန်တတ်ဘူး'

'ကျွန်တော်ကတော့ သူတို့ချင်းအဆက်အသွယ်ရှိမယ်လို့ထင် တယ်၊ အခုအချိန်မှာ လူတိုင်းဟာ သံသယဝင်ရောဂါ သတော့တေးပါ မမ၊ ကျွန်တော် ကိုတော်င် စိတ်ချလက်ချ မုယ့်ပါနဲ့၊ သံသယနဲ့ သတိထားပါ'



ရှောင်ပင်း၏စကားကြောင့် မုယ့်ချင်းရယ်လိုက်၏။

'မောင်လေး ရှောင်ပင်းပြောသလောက်လဲ မဟုတ်ပါဘူး မမမှာ ယုံကြည်ရမယ့်လူတွေ အများကြီး ရှိပါတယ်၊ မမ အနေနဲ့ မောင်လေးကိုယုံသလို အစ်ကိုကြီး ဆီယူဟန်ကိုလဲ ယုံတယ်...လောလောဆယ် မောင်လေးမှာ ဘာအစီအစဉ် တွေရှိသလဲဆိုတာ မမသိပါရစေ၊ မောင်လေးတို့ကမမအတွက် အပင်ပန်းခံလှုပ်ရှားနေကြတာ....မမကလဲ တတ်နိုင်သလောက် ကူညီရမှာပေါ့'

ရှောင်ပင်းသည် မုယ့်ချင်း၏ ယုံကြည်စိတ်ကို မဖျက်ဆီး ချင်တော့၊ သူက သူ့အစီအစဉ်ကို မုယ့်ချင်းအား သသေ အချာ ပြောပြနေသည်။

မြင်းလှည်းတစ်စီးသည် မုယု ခြံဝင်းအတွင်းမှ အပြင်းမောင်းထွက်လာသည်၊ ထိုမြင်းလှည်းထွက်လာသည်နှင့် ခြံဝင်းအပြင်ဘက်၌ မယောင်မလည် လုပ်နေသူတစ်ယောက် သူ့မြင်းကြီးပေါ်သို့ခုန်တက်လိုက်ပြီး အပြင်းစီးနင်းလိုက်ပါသွားသည်။

မြင်းလှည်းက တဖြည်းဖြည်း ဝေးသွားသည်၊ မြင်းလှည်းနှင့်အတူ နောက်မှလိုက်သွားသော မြင်းစီးသမားလည်း ဝေးသွားသည်၊ ထိုအချိန်တွင် လယ်သမားအဖြစ် ရုပ်ဖျက်ထားသော ဆီယူဟာန်နှင့် ရှောင်ပင်းတို့ မုယု ခြံဝင်းထဲမှထွက်လာ၏၊ သူတို့သည် ဈေးဆိုင်များသို့ဝင်ပြီး ရိက္ခာခြောက်များဝယ်ကာ စုံကျီးမြို့မှထွက်၏၊

စာပေသမားတစ်ယောက်အသွင် သပ်သပ်ရပ်ရပ်ဝတ်စားထားသော ရှောင်ပင်းမှာ သာမန်လူသားတစ်ယောက်အဖြစ် ရုပ်ဖျက်ထားသည်၊ သူနှင့်ဆီယူဟာန်တို့ အတူတွဲလျှောက်သည့်အခါ လယ်သမားသားအဖ ရွာကိုကြည့်သည့်ပမာ ရှိသည်။

သူတို့သည် အဝေးသွား လမ်းမကြီးအတိုင်း ဆယ်နိုင်ခန့်လျှောက်ပြီးနောက် တောထဲသို့ဝင်၏၊ တောလမ်းအတိုင်း အရှေ့စူးစူးသို့ဦးတည်လျှောက်ခဲ့ကြ၏။



'အစ်ကိုထင်းလုံ ... ထိုက်စန်းတောင်မှာတွေ့ဖို့ သေချာပါ့မလား ဦး၊ သူ့အဆက်အသွယ် ရှိတဲ့နေရာက ထိုက်စန်းတောင်နဲ့ အလှမ်းကွာလွန်းတယ်....ကျွန်တော့် စိတ်အထင်မှာ သူဟာသူ့အဆက်အသွယ်ရှိတဲ့ ခိုင်ဖုံးမြို့နဲ့မနီးမဝေးမှာပဲရှိလိမ့်မယ်ထင်တယ်'

ရှောင်ပင်းသည် တောင်ကုန်းတစ်ခုပေါ်သို့တက်ရင်းပြော၏၊ ဆီယူဟာန်က ခေါင်းတစ်ချက်ခါလိုက်ပြီး....

'ခိုင်ဖုံးမြို့က စားသောက်ဆိုင်ပိုင်ရှင်တစ်ယောက်နဲ့ထင်းလုံ အဆက်အသွယ်ရှိတယ်လို့ မုယု ချင်းပြောခဲ့လို့ မင်းဒီလိုတွေးတာမဟုတ်လား၊ ထင်းလုံဟာ ဉာဏ်သိပ်ကောင်းတယ် အလုပ်တစ်ခုကိုလုပ်ရင် ပိပိရိရိရှိကယ်....သူဟာ ခိုင်ဖုံးနဲ့နီးနီးနားနားမှာနေပြီး အဲဒီကလူကို အဆက်အသွယ်အဖြစ် ထားမှာမဟုတ်ဘူး....ထိုက်စန်းတောင်ကလဲ သူ့နေရာမဟုတ်ပါဘူး သူဟာ ထိုက်စန်းတောင်နဲ့ မနီးမဝေးမှာ နေလိမ့်မယ်လို့ကျုပ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ပျောက်စေသမားတော်ကြီးကို သိပ်ခင်တွယ်တယ်....ပျောက်စေ သမားတော်ကြီးနဲ့ဝေးတဲ့နေရာမှာ နေမယ်မထင်ဘူး'

'ပျောက်စေသမားတော်ကြီးက ထိုက်စန်းတောင်မှာနေလို့လား'

ဆီယူဟာန်က ခေါင်းညိတ်ပြ၏၊
'ဟုတ်တယ်....ပျောက်စေ သမားတော်ကြီးဟာ ထိုက်စန်း

တောင်ကျောက သွေးတောင်ကြားမှာနေတယ်၊ အမှန်တော့ ဒါဟာ လျှို့ဝှက်ချက်တစ်ခုပဲ၊ ပျောက်စေသမားတော်ကြီးက သူနေခဲ့နေရာကို လူမသိအောင် လျှို့ဝှက်ထားတာ၊ ကျုပ်ကို တောင် ထင်းလုံးတစ်ခါက ပြောဖူးလို့သိနေတာ'

ရှောင်ပင်းက ဆီယူဟန်၏စကားကို လက်ခံကာ ခေါင်းညိတ်ပြ၏။

'အစ်ကိုထင်းလုံ ထိုက်စန်းတောင်ကြားက တောင်တစ်တောင်မှာ နေချင်နေမှာပေါ့ဦး၊ သူက ပျောက်စေသမားတော်ကြီးနဲ့ နီးနီးကပ်ကပ် နေလေ့ရှိတယ်ဆိုရင် အဲသလိုပဲ နေရမယ်....ကျွန်တော်တို့ကိုတော့ ပျောက်စေသမားတော်ဆိုတာ နာမည်မဲကြားဖူးပါတယ်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က သိုင်းလောကထဲမှာ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တယ်ဆိုတာလောက်ပဲသိတယ်'

ဆီယူဟန်က တောင်ခေါင်မှဆင်းကာနီး ရှေ့တူရူသို့လှမ်းကြည့်သည်၊ ရှေ့တွင် သစ်ပင်တူသဂ်သော တောအုပ်တစ်ခုရှိနေ၏၊ တောအုပ်ထဲတွင် တောတွင်းတိရစ္ဆာန်တစ်ချို့ဖြတ်သန်းပြေးလွှားနေသည်ကို တွေ့ရ၏။

'တူမောင်မပြောနဲ့ ကျုပ်တောင် ပျောက်စေသမားတော်ကြီးကို မတွေ့ဖူးဘူး....သူဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ



မှန်မှန်းတတ်ဘူး၊ သူက ဆေးပညာနဲ့ပတ်သက်ပြီး ကျော်ကြားတာတော့ အမှန်ပဲ....တစ်ချိန်ကဆိုရင် ဘာရောဂါပဲဖြစ်ဖြစ် သူနဲ့တွေ့ရင် ရောဂါပျောက်ပြီလို့ ပြောစမှတ်ပြုခဲ့ကြတယ်'

ရှောင်ပင်းသည် ဆီယူဟန်၏စကားကိုနားထောင်ရင်း တစ်စုံတစ်ရာ တွေးမိသွားပုံရသည်၊ သူ၏မျက်နှာတွင် ဝင်းလက်သောအပြုံးတစ်ရပ် ဖျပ်ခနဲပေါ်လာသည်။

'ဟုတ်ပြီ ဦးတွေးထင်ထားတဲ့အတိုင်းဖြစ်ဖို့များတယ်၊ ပျောက်စေသမားတော်ကြီးဟာ အစ်ကိုထင်းလုံးနဲ့ရင်းနှီးတယ်၊ အခု မုယုခြံဝင်းမှာ ပြဿနာပေါ်တော့ ဒီမိတော်လိန်းကြီးက အစ်ကိုကြီးထင်းလုံးဆီ စာရေးဆက်သွယ်တယ်၊ ဒီစာကိုအစ်ကိုကြီးထင်းလုံးရရင် သူ ပထမဆုံးသမားတော်ကြီးဆီသွားလိမ့်မယ်၊ ပြီးတော့ မုယုချင်းရဲ့ဝေဒနာ ပျောက်ကင်းအောင်ကုပေးဖို့ တောင်းပန်လိမ့်မယ်'

ရှောင်ပင်း၏စကားကို အကြားတွင် ဆီယူဟန်ဘန် ခေါင်းတဆက်ဆက် ညိတ်သည်။

'ဟုတ်တယ် ရှောင်ပင်း၊ မင်း အခုအမှန်ကိုတွေးမိပြီဘူး၊ ထင်းလုံးဟာ အဝေးကြီးမှာနေအုံးတော့ မုယုချင်းအတွက် ပျောက်စေသမားတော်ကြီးဆီ မရောက်ရောက်အောင် သွားလိမ့်မယ်၊ ကျုပ်တို့သမားတော်ကြီးဆီ ရောက်သွားတဲ့အခါ

သူကြိုပြီး ရောက်ချင်ရောက်နေလိမ့်မယ်၊ အဲဒါဆိုရင် အားလုံး အဆင်ပြေးသွားမှာဘဲ'

ရှောင်ပင်းမှာ ယခုမှ သူတို့သွားနေသည့် ခရီးကိုနားလည်ပြီး စိတ်ဓာတ်တက်ကြွလာလေသည်။

## အခန်း(၁၀)

## သည်ခရီး မနီးပါ

တိုက်စမ်းတောင်သည် ရှည်လျားသော တောင်တန်းကြီးဖြစ်သည်၊ ထိုတောင်ခြကြားကြီးတွင် တောင်ဘန်းတောင်စွယ် အသွယ်သွယ် ရှိနေ၏။

လယ်သမား သားအဖအ ဝင်ဟန်ဆောင်ထားသော ဆီယူဟန်နှင့် ရှောင်ပင်းတို့သည် ယခုအခါ တောလိုက်မုဆိုးများ အသွင် ပြောင်းလိုက်ကြသည်၊ သူတို့သည် တစ်တောဝင် တစ်တောင်ထွက်၊ တစ်တောင်တက် တစ်တောင်ဆင်းနှင့် သွေးတောင်ကြားကိုရှာသည်။

တိုက်စန်းတောင်ကြောရှိတောင်အချို့မှာ တိမ်ထဲထိုးဖောက် မတ်တတ်မြင့်မားမတ်စောက်လှသည်၊ ချောက်ကြီးအချို့မှာလည်း အသူတရာမက နက်ရှိုင်းလှသည်။

ဆီယူဟာန်တို့သည် ငါးရက်တိုင်တိုင်တောင်သို့ကူး၊ မြောက်
သို့ ကူး၊အရှေ့ကိုဝင်၊ ကနောက်ကိုဝင်နှင့် တောင်တန်းပြ
စင်အောင်ရှာသည်၊ သို့သော် သေ့းတောင်ကြားကိုမတွေ့ရ
သူတို့တွင်ပါလာသည့်ရိက္ခာများ ပြတ်တောက်သွားပြီဖြ
သည်၊ နယ်ခြားတွင် နေခဲ့ပြီး တောလိုက်ကျွမ်း င်သော
ဆီယူဟာန်က တောင်ပေါ်တွင် ပေါပေါများများတွေ့ရသော
ယုန်ကလေးများကို ပစ်ခတ်ဖမ်းဆီးသည် ယုန်ခြောက်ကော
ခန့်ရသည်နှင့် မနက်စာအဖြစ်စားပြီး၊ယုန်ကင်အချို့ကို ည
အတွက် ချန်ထားလိုက်သည်၊ ပြီးသည့်နောက် သူတို့က ရှာဖွေ
ရေးခရီးကိုဆက်သည်။

ခုနစ်ရက်မြောက်တွင် တိုက်စန်းခတောင်ဝန်းကျင်၌ ကျ
လည်ကျယ်စားသော မုဆိုးတစ်ယောက်ကိုတွေ့ရသည်၊ ဆီယူ
ဟာန်က ထိုမုဆိုးအားအသိဖွဲ့ပြီး သေ့းတောင်ကြားအကြော
စုံစမ်းသည်။

'ကျုပ် ဒီတောင်တန်းဆီမှာ ကျင်လည်ကျက်စားနေတာ
ကြာပြီ၊ သေ့းတောင်ကြားဆိုတာ မကြားဖူးဘူး၊ ဒီနာမည်
ဟာ အများခေါ်ဝေါ်တဲ့နာမည် မဟုတ်ဘူးလို့ ကျုပ်ယ
တယ်၊ ဒီပတ်ဝန်းကျင်မှာ တောင်ကြားငါးခုရှိတယ်၊ ကျုပ်
တောင်ကြားလေးခုဘည်းရောက်ဖူးတယ်၊ကျန်တဲ့တောင်ကြား
တစ်ခုကိုတော့ မရောက်ဖူးဘူး၊ ဟိုရှေ့ကတိမ်ထဲဖောက်
နေတဲ့တောင်ကိုတွေ့သလား၊ အဲဒီနေရာမှာ တောင်ကြားတစ်
ရှိတယ်၊ အဲဒီဘက်မှာ သားကောင်လဲမရှိ သွားရတာလဲခက်
ကျုပ်မရောက်ဖူးဘူး'



မုဆိုး၏စကားကိုကြားသည်နှင့် ဆီယူဟာန်တို့ တစ်ယောက်
မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်၊ မုဆိုးကြီးညွှန်ပြ
သော မိုးထိကောင်အနီးရှိတောင်တန်းကို ဆီယူဟာန် စိတ်ဝင်
စားသွားသည်။

'ကျုပ်တို့လဲ ဒီဘက်မှာ မဲပြီးရှာနေတယ်၊အဲ့ဒီမိုးထိတောင်
ဘက်ကို မရောက်သေးဘူး၊ အဲ့ဒီကိုသွားကြည့်ကြရင် ကောင်း
မယ်ထင်တယ် ရှောင်ပင်း'

ရှောင်ပင်းက ဆီယူဟာန်အား ခေါင်းညိတ်ပြသည်၊တော
ထဲ၌တွေ့ရသောမုဆိုးအား နှုတ်ဆက်ပြီး မိုးထိတောင်ဆီသို့
ထွက်ခဲ့ကြသည်။

မိုးထိတောင်သို့သွားသည့်ခရီးမှာ မုဆိုးကြီးပြောသကဲ့သို့
ကြမ်းတမ်းလှသည်၊ လမ်းတူ၍ ဝယ်မယ်ရှာမရှိ၊ ကျောက်
ဆောင်များ၊ ကျောက်တုံးများကြားမှဖြတ်ပြီး မတ်စောက်
သော တောင်ပေါ်ကိုတက်ရသည်။

'ကျွန်တော်တို့ တောင်ထိပ်ကိုမရောက်ခင် အတော်မြင့်
မြင့်ကိုရောက်တဲ့ထိ တက်ကြည့်ရင် ကောင်းမယ်ထင်တယ်ဦး၊
အမြင့်ပေါ်ကနေကြည့်ရင် အတော်ဝေးဝေးကို မြင်နိုင်လိမ့်
မယ်'

'ဟုတ်တယ် ရှောင်ပင်း၊ မင်းပြောတဲ့အတိုင်းအမြင့်ကနေ ကြည့်တာ အကောင်းဆုံးပဲ၊ အခုပဲ တော်တော်မြင့်မြင့်ကို ရောက်နေပြီ၊ အခုကကျခဲ့သလောက် တောင်ပေါ်ကို ထပ် တက်လိုက်ရင် တိုက်စန်းတောင်ကြားဟာခုလုံးကိုတောင် မြင့်တဲ့ အမြင့်မျိုးပေါ် ရောက်သွားလိမ့်မယ်၊ ကိုယ်ဖော့ပညာသုံးပြီး တက်ရင် သိပ်ကြာကြာ မတက်ရပါဘူး'

ဆီ ဟန်သည် စကားတခွန်းပြောနှင့် တောင်ပေါ်သို့ ခုန်ပျံကျော်လွှားကာတက်သည်၊ ရှောင်ပင်းက ဆီယူဟန် နောက်မှ ထပ်ချပ်မကွာလိုက်သည်။

အမြင့်ပိုင်းသို့ရောက်လေ လေအတိုက်နှုန်းက ပြင်းထန် လေဖြစ်သည်၊ ဆီယူဟန်တို့၏ ဝတ်စုံအနားစတို့ လေဘွင်လွှ ပါတော့မည့်နှယ် တဖျပ်ဖျပ် လှုပ်ရှားနေသည်။

'အပေါ်ကိုရောက်လေ လေတိုက်တာကြမ်းလေပဲ၊ ကျွ တော်တို့ ဆက်တက်လို့မရတော့ဘူးထင်တယ်ဦး'

'ရှေ့မှာ မြေကွက်လပ်တစ်ခုရှိတာတွေ့လား၊ အဲဒီနေရာ ရောက်အောင်တက်ကြမယ်၊ အဲဒီနေရာမှာ ကျောက်ဆောင်တွေ ရှိတော့ လေအကွယ်ရလိမ့်မယ်'

ရှောင်ပင်းက ကန့်ကွက်စကားမဆို၊ ဆီယူဟန်တက်သ နေရာတို့လိုက်တက်၏၊ တစ်ခဏအကြာတွင် သူတို့ သည် မိုး တောင်ခွပ်လတ်တွင်ရှိသောမြေကွက်လပ်သို့ရောက်သည်၊ ထိုမြေ



ကွက်လပ်မှနေ၍ သူတို့က အောက်ဘက်ကိုကြည့်သည်၊ တောင် အထပ်ထပ် တောင်လှိုင်းအဆင့်ဆင့်ရှိနေသော ရှုခင်းကိုငေး ကြည့်နေကြစဉ် ခြောက်ကပ်ကပ်အက်သော ရယ်သံတစ်သံ သူ တို့နားထဲသို့ ဝင်လာသည်။

* * *

ချောက်ကပ်အက်တွဲသော ရယ်သံသည် သူတို့နှင့်နီးလာ၍ ဆီယူဟန်တို့က ပတ်ဝန်းကျင်တို့ လှည့်ပတ်ကြည့်ရစဉ် ရယ်သံများ တဖြည်းဖြည်းဝေးသွား၏။

'... ရယ်လိုက်တဲ့ ရယ်သံရှင်ဟာ သာမန်လူမဟုတ်နိုင်ဘူး အတွင်းအားတော်တော်ကောင်းတဲ့ သိုင်းပညာရှင်တစ်ယောက် ဖြစ်လိမ့်မယ်'

'သိုင်းလောကထဲက ပျောက်ကွယ်ပြီး စာမြုပ်နေတဲ့ သိုင်းပညာရှင် အတော်များများ အခုလို တောနက်နက်ထဲမှာ တယ်ဝင်း ကျွန်တော်ကြားဖူးတယ်....၊ အခုရယ်လိုက်တဲ့လူဟာ အဲဒီလိုသိုင်းပညာရှင်မျိုး ဖြစ်လိမ့်မယ်ထင်တယ်၊ သူက ဘယ်သူပဲဖြစ်ဖြစ် ဒီနေရာမျိုးမှာ သိုင်းပညာရှင်တစ်ယောက်နဲ့ တွေ့ရမယ်ဆိုရင် သိပ်ကောင်းမှာပဲ၊ တောင်တွေပေါ်မှာ စာမြုပ်နေတဲ့ သိုင်းပညာရှင်ဟာ ထွေးတောင်ကြားကိုသိမှာ သေချာတယ်'

အဝေးကို ရောက်သွားသကဲ့သို့ရှိသော ရယ်သံ တစ်ဖြည်းဖြည်း ပြန်နီးလာ၏၊ ဆီယူဟန်တို့တတွေ ရယ်သံကိုနားထောင် ၍ တောင်မြောက်လေးပါးသို့ကြည့်နေစဉ် လင်းဆွဲတစ်ကောင် ပျံသန်းသည့်ပမာ ဝါနီပြာအရောင်အသွေးစုံနေသော လူရိပ် တစ်ရိပ် သူတို့ရှေ့ကိုရောက်လာ၏။

ဆီယူဟန်တို့ရှေ့တွင်ရပ်လိုက်သူမှာ အရပ်လေးပေခန့်သာရှိ



သော လူပုလေးတစ်ယောက်ဖြစ်၏၊ သူသည် ဝါနီပြာအရောင် သုံးမျိုးပါသော ဝတ်စုံကို ဝတ်ထားသည်၊ သူ၏ဦးခေါင်း ထက်၌ သစ်ရွက်ပုံသဏ္ဌာန် ဦးထုပ်စိမ်းတစ်လုံးကိုဆောင်းထား သည်။

'ဟားဟား.... မင်းတို့က ခွေးထဲမှာလက်မှတ်ကူးချင်လို့ ဒီ နေရာကို ကျူးကျော်လာတာလား၊ ဒီနေရာကို ဘယ်မုဆိုးမှ မလာကူး၊ မင်းတို့က ဒီနေရာကို ခက်ခက်ခဲခဲနဲ့လာကြတာ၊ မုဆိုးလိုဝက်သားပေမယ့် မုဆိုးမ ဘာသင်ရှားတယ်၊ မင်း တို့ ဘာကိစ္စနဲ့ ဒီနေရာကိုလာကြတာလဲ ပြောစမ်း'

လူပုလေး၏ နှုတ်မှ ထင်းမာခက်ထန်သောစကားသံပေါ် လာသည်။

လူပုလေး၏အသွင်က ရယ်စရာဖြစ်နေသော်လည်း ဆီယူဟန် တို့ မရယ်ရဲ၊ ရယ်ရန်မဆိုထားနှင့်၊ ပြုံးပင်မပြုံးရဲ၊ သူတို့ရှေ့ရှိ လူပုလေးသည် ကြောက်စရာကောင်းလှသူဖြစ်ကြောင်း သိ လိုက်ကြသည်။

'ဟိတ်....မင်းတို့ ဘာဖြစ်လို့ငြိမ်ပြီးရပ်နေကြတာလဲ၊ ငါမေး တာကို ဖြေလေ'

လူပုလေးအသံ ပို၍ခက်ထန်လာ၏၊ အတွင်းအားကိုဖြင့်ပြီး ပြောလိုက်သဖြင့် သူ၏အသံကြောင့် သူတို့နားထဲတွင် တအုံး အုံးနှင့် မြည်သွားသည်။

ဆ ိယူဟန်သည် လူပုလေးအား လက်နှစ်ဘက်ဆုပ်ပြီး ဂါရဝပြုလိုက်သည်၊ ပြီးနောက် တည်ငြိမ်သောအမူအယာနှင့်....

ကျွန်တော်တို့ လူတစ်ယောက်ကိုလိုက်ရှာကြတာပါ၊ သူက ထိုက်စန်းတောင်ပေါ်မှာနေတယ်ဆိုတာ သိပေမယ့် ဘယ်နေရာမှာနေမှန်းမသိလို့ လိုက်ရှာရင်းနဲ့ ဒီနေရာကိုရောက်လာတာပါ'

'ဒီနေရာက သီးသန့်နေရာတစ်ခုပဲ၊ အပြင်လူတွေလာလို့မရဘူး၊ မင်းတို့ ဒီနေရာကထွက်သွား....၊ ငါ လူမသတ်ချင်လို့ စကားပြောနေတာ၊ မင်းတို့ထွက်မသွားရင်တော့ လူမသတ်ဘူးလို့ ဆုံးဖြတ်ထားတဲ့ ငါ့အဆုံးအဖြတ်ကို ပြင်ရလိမ့်မယ်'

'ဒီကနေထွက်သွားဆိုရင် ကျွန်တော်တို့ထွက်သွားပါမယ်၊ တတ်နိုင်ရင် ကျွန်တော်တို့ကို တစ်ခုတော့ကူညီပါ၊ ကျွန်တော်တို့ ကိစ္စတစ်ခုဆောင်ရွက်ဖို့အတွက် လူတစ်ယောက်ကိုရှာနေပါတယ်၊ ဆရာကြီးဟာ ထိုက်စန်းတောင်မှာ အခြေချနေတဲ့လူဆိုတော့ သူ့ကို သိချင်သိမယ်'

လူပုလေး မျက်ခုံးကြုတ်သွားသည်၊ သူက ဆ ိယူဟန်တို့အား မယုံသင်္ကာနိုင်သောအကြည့်ဖြင့် ကြည့်၏။

'မင်းတို့ ဘယ်သူ့ကိုရှာတာလဲ'၊

'သွေးတောင်ကြားက ပျောက်စေသမားတော်ကြီးပါ'

လူပုလေး ပုံပြီး မျက်မှောင်ကြုံ့သွားသည်၊ တခဏအကြာတွင် သူရယ်လိုက်၏။



'မင်းတို့က ရောဂါကုချင်လို့ သမားတော်ကြီးကိုရှာနေတာလား'

'ရောဂါကုချင်တာလဲ ကစ်ပိုင်းပါပါတယ်၊ အဓိကက သူ့ကိုတွေ့ရင် သူနဲ့ ပတ်သက်တဲ့လူတစ်ယောက်ကို တွေ့ရမို့ရှာနေတာပါ'

'မင်းတို့ကိစ္စက နည်းနည်းတော့ရှုပ်လာပြီ၊ ပျောက်စေသမားတော်ဟာ ထိုက်စန်းတောင်မှာရှိတာ အမှန်ပဲ၊ ဒါပေမယ့် သူ့ကိုရှာရင် သေဒဏ်သင့်မယ်ဆိုတာ မင်းတို့မသိဘူးလား'

'သမားတော်ကြီးကိုရှာတာနဲ့ သေဒဏ်သင့်မယ်ဆိုတာမဖြစ်နိုင်ဘူးထင်တယ်၊ ဒီအမိန့်ကို သမားတော်ကြီးကထုတ်ထားတယ်ဆိုရင်တော့ အံ့ဩစရာပဲ၊ သမားတော်ဆိုတာ လူ့အသက်ကိုပဲကယ်တယ်၊ လူမသတ်ဘူး၊ ကျွန်တော်တို့တော့ အပြစ်မရှိတဲ့ လူတစ်ယောက်ရဲ့အသက်ကို ကယ်ချင်တဲ့အတွက် အသတ်ခံချင်လဲ ခံရပါစေ၊ သမားတော်ကြီးကိုရှာမှာပဲ'

'မင်းတို့က ဘယ်သူ့အသက်ကိုကယ်ချင်တာလဲ....၊ မင်းတို့ဆွေမျိုးသားချင်းရဲ့အသက်လား'

'မဟုတ်ပါဘူး ဝေဒနာရှင်က ကျွန်တော်တို့နဲ့ ဘယ်လိုမှ မတော်စပ်ပါဘူး၊ သမားတော်ကြီးရဲ့ မိတ်ဆွေနဲ့တော့ ပတ်သက်တယ်၊ ဒါကြောင့် ကျွန်တော်တို့သမားတော်ကြီးနဲ့ သူ့မိတ်ဆွေ ထင်းလုံကို အပူတပြင်းရှာနေပါတယ်'

လှုပုလေး ရယ်လိုက်ပြန်သည်၊ ရယ်ရင်း သူ့က လက်တဘက်ကိုဝေ ယမ်းယမ်းလိုက်၏၊ လေထဲတွင်မွှေးပျံ့သော ရနံ့တစ်မျိုး ပျံ့လွင့်သွားပြီး ဆီယန်ဟန်နှင့်ရှောင်ပင်းတို့မှာမူး ဝေကာ မြေပြင်ပေါ်လဲကျသွားကြလေ၏။

၉

အခန်း (၁၁)

## ရန်သူပစ်မှတ်

ဆီယူဟန်တို့ ပြန်လည်သတိရလာချိန်တွင် ကျောက်သားဖြင့် ဆောက်တည်ထားသော အိမ်တစ်အိမ်သို့ ရောက်ရှိနေကြောင်းသိလိုက်ရ၏။

ဆီယူဟန်သည် ကာကိုရလျှင်ရခြင်း နေရာမှထထိုင်လိုက်သည်၊ သူသည်စူးစမ်းသောမျက်လုံးအစုံဖြင့် အေးဘီဝန်ကျင်ကိုကြည့်၏၊ ထိုသို့ကြည့်စဉ် သူ့ရှေ့ တည့်တည့်တွင် ထိုင်နေသောခရမ်းရောင်ဝတ် စုံရှင်ကို တွေ့လိုက်ရ၏။

'ဟင်....ညီမလေး ယင်းလို'

ယောကျ်ားပီသ ခန့်ညားသော ရုပ်ရည်သွင်ပြင် ရှိသည့် ခမ်းရောင်ဝတ်စုံရှည်က အသားအရေ ဖြူးဖြူ နေရာမှထသည်၊ သူသည် ဆီယူဟန်က အနီးသို့ လျှောက်လာပြီး....

'အစ်ကိုကြီး ဒီကိုရောက်လာလိမ့်မယ်လို့ ကျွန်တော်လုံးလုံး မထင်ဘူး၊ ကျွန်တော်ဒီနေရာမှာရှိနေတယ်ဆိုတာ အစ်ကိုကြီး ဘယ်လိုလုပ်သိတာလဲ'

ဆီယူဟန်သည် ထင်းလုံအား တွေ့ရသဖြင့် စိတ်ပေါ့ ပါးသွားဟန် ရယ်လိုက်သည်။

'ညီလေး ဒီနေရာမှာရှိလိမ့်မယ်ဆိုတာ အစ်ကိုကြီးမသိပါ ဘူး၊ တစ်ခါတုန်းက ညီလေးဟာ ပျောက်စေသမားတော် ကြီးကို ရှင်းနိုးတယ်၊ သူနဲ့ဝေးဝေးမှာနေလို့မှရဘူးလို့ အစ်ကို ကြီးပြောဘူးတယ်၊ ပြီးတော့သမားတော်ကြီးဟာ ဟိုက်စမ်း တောင်၊ ရွှေးဆောင်ကြားမှာနေတဲ့အကြောင်းလဲ ပြောဖူး တယ်၊ အဲဒါတွေကိုမှတ်မိနေတဲ့အတွက် သမားတော်ကြီးရှိ ရင် မင်းနဲ့တွေ့မှာပဲဆိုပြီး ဒီကိုအရဲစွန့်လာကြတာ တောင်ပေါ် မှာလူပုလေးတစ်ယောက်နဲ့တွေ့ပြီး မေ့ဆေးငွေ့နဲ့ လုပ်ကြံခံရ တယ်၊ အဲ့ဒီကနေဒီကို ဘယ်လိုလုပ်'

ထင်းလုံကလက်ကာပြသဖြင့် ဆီယူဟန် စကားဖြတ်သွား သည်၊ သူ့မျက်နှာပေါ်မှ အံ့သြဟန်ကမူ ပျောက်မသွား၊ ထင်းလုံအား မျက်လုံးအဝိုင်းသားနှင့် ကြည့်နေ၏။

'အစ်ကိုကြီး ပြောတဲ့ လူဟာ ပျောက်စေ သမားတော် ကြီးပဲ'

'ဟင်....သူ....သူကသမားတော်ကြီးဟုတ်လား'



ထင်းလုံခေါင်းညိတ်ပြသည်။

'ဟုတ်တယ် ကျွန်တော် ဝေဒနာတစ်ခုကို ခံစားနေရလို့ သူ့ဆီမှာဆေးကုနေတယ်၊ ကျွန်တော့်ဝေဒနာက သယ်နှစ် တိတိဆေးကုမှ ပျောက်တဲ့ဝေဒနာမို့ သူနဲ့ကျွန်တော်ခွဲလို့မရ ဘူးဆိုပြီးပြောခဲ့တာ'

'ဩော်....အဲဒီဝေဒနာကြောင့် ညီလေးဟာ မုယုံချင်းတို့ ကိုစွန့်ပစ်ခဲ့တာလား'

ထင်းလုံမျက်နှာပျက်သွားသည်၊ သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'ဒါကြောင့်သက်သက်မဟုတ်ပါဘူး တခြားအကြောင်း တွေရှိပါတယ်၊ နောက်တော့ ဒီအကြောင်းတွေကိုအစ်ကိုကြီး တို့သိလာပါလိမ့်မယ်၊ ကျွန်တော် မုယုံချင်းတို့အကြောင်း မနေ့ကမှ စာပို့ခိုနဲ့ရောက်လာတဲ့စာကိုရပြီးသိတယ်၊ စာထဲမှာ သိပ်မပြည့်စုံလို့ အဖြစ်အပျက်ကို သေသေချာချာပြောပြပါ ဦး အစ်ကိုကြီး'

ဆီယန့်ဟန်က မုယုံချင်း ထူးဆန်းသောဝေဒနာ တစ်ခု ရနေကြောင်း၊ ထိုဝေဒနာကိုကုစားရန် သမားတော်ပင့်သည့် အခါ သမားတော် အသတ်ခံရသည့်အကြောင်းများပြောပြ လိုက်သည်၊ ထင်းလုံက ဆီယန့်ဟန်၏ စကားဆုံးသည်ထိ စိတ်ပါလက်ပါနှင့်နားထောင်သည်။

'ဒီအတိုင်းဆိုရင် သူ့ကို ဝေဒနာရအောင်လုပ်ထားတဲ့လူ က သမားတော်ပင့်တိုင်း သမားတော်ကို သတ်လိုက်တာဖြစ် မယ်'

'ဟုတ်ပါတယ် အဲ့ဒီလျှို့ဝှက်လုပ်ကြံတဲ့လူက မုယုံမိသားစု အနေနဲ့ သမားတော်မပင့်ရဘူး ပင့်ရင်သတ်ပစ်မယ်လို့ အတိ အလင်းခြိမ်းခြောက်ထားတယ်'

'ဟား....ဟား....ဟား သမားတော်ကို သတ်ပစ်မယ်ဆို တာ ဘယ်ကောင်လဲ ငါ့ကိုလာသတ်ဖို့ ခုသွားပြောစမ်း'

ခြောက်ကပ်သောရယ်သံနှင့် စကားဖြေသံကို ကြားရ သည်၊ တစ်ဆက်တည်းပင် အခန်းထဲသို့ ဝင်လာသော လူပု လေးအားတွေ့ရ၏၊ လူပုလေးက ထင်းလုံအား မျက်နှာထား တည်တည်နှင့်တစ်ချက်ကြည့်ပြီး....

'မင်းတို့အခုပြောနေတာ မုယုံချင်းအကြောင်း မဟုတ် လား'

'ဟုတ်ပါတယ်....ဦး၊ မနေ့က စာပို့ခိုနဲ့စာရောက်လာတာ၊ မုယုံချင်းကို ရန်သူတစ်ယောက်က အဆိပ်နဲ့လုပ်ကြံသွားတဲ့ အကြောင်း၊ ရန်သူက မုယုံချင်းရဲ့မိဘတွေနဲ့ ဆယ်မိုင်ကျော် သမားတော်ကြီးကို သတ်ပစ်တဲ့အကြောင်း ရေးထားတယ်၊ ခုတစ်ခါ အစ်ကိုကြီးဆီယူဟန် ပြောပြလို့ အဖြစ်အပျက် အသေးစိတ်ကိုသိရတယ်၊ ရန်သူက မုယုံချင်းကိုကုမယ့် ဘယ် သမားတော်ကိုမဆို သတ်ပစ်မယ်လို့ ခြိမ်းခြောက်ထားတယ်'

'သမားတော်ကြီးတွေကို သတ်ပစ်တယ် ဟုတ်လား၊ အဲဒီ လူယုတ်မာက မုယုံချင်းကို ဘာဖြစ်လို့သတ်မပစ်တာလဲ'

'သူမသေသင့်သေးပါဘူး....ဦး၊ သူ့ဘဝဟာ လျှောက်လုံး ဟာ သေလူတစ်ယောက်လိုဖြစ်နေခဲ့ပြီး ခုတစ်ခါ အသက်ရှင် မယ်ဆိုတော့'



ပျောက်စေသမားတော်ကြီး မျက်နှာပျက်သွားလေသည်၊ သူက ထင်းလုံအားတစ်လှည့်၊ ဆီယူဟန်အားတစ်လှည့် ကြည့် သည်။

'ဟုတ်တယ်...မင်းပြောတာမှန်တယ်၊ တကယ်တော့ မုယုံ ချင်းမှာ ဘာအပြစ်မှမရှိဘူး၊ အပြစ်ရှိတာက မင်းပဲ၊ မင်းက ယောကျ်ားပီသတယ်၊ ရုပ်ချောတယ်၊ ပြီးတော့ သိုင်းပညာ တော်တယ်၊ အဲဒီတော့ မင်းကို ယုန်မလေးက ကြိုက်သွားတယ် ပေါ့လဲ....'

'ဒါတွေကိုမပြောပါနဲ့တော့....ဦး၊ အခုဆိုရင် ကျွန်တော် ကတိပေးထားတဲ့ သေဟ်ငါးနှစ်ပြည့်ဖို့မကဘူး၊ ဆယ့်ငါးနှစ် တောင်ကျော်သွားပါပြီ၊ ဦးအနေနဲ့ ကျွန်တော့်ကို ပြန်ပထွက် ခွင့်ပေးပါ၊ ခွင့်မပေးရင် ဘာမှမဖြစ်ပါဘူး....' ဦးဟာ ကတိ မတည်တဲ့လူတစ်ယောက်ဖြစ်ယုံသာရှိလိမ့်မယ်'

ထင်းလုံ၏စကားက ပျောက်စေသမားတော်အား မခံရပ် နိုင်ဖြစ်သွားစေသည်၊ ပျောက်စေသမားတော်သည် ထင်းလုံ ကို မျက်လုံးကြီးပြူးပြူးကြည့်၏။

'မင်း....မင်းက ငါ့ကို ကတိမတည်တဲ့လူလို့ပြောတာ ဟုတ် လား'

'ကျွန်တော် ဦးကို အဲသလိုမပြောရဲပါဘူး....၊ ဖြစ်သွားနိုင် တယ်လို့ သတိပေးတာပါ'

'ခွေးမျိုး....စကားပြောတာ သိပ်လည်တယ်၊ မင်းထွက် သွားမယ်ဆိုတော့ ယုန်မလေးကို ဘယ်လိုလုပ်မလဲ'

'သူက ကျွန်တော့်ဇနီးပဲ၊ သူ့ကို ကျွန်တော်ခေါ်သွားမှာ

ပေါ့....၊ သူက သမီးတော်ကစ်ယောက်လဲဖြစ်နေတဲ့အတွက် မုယုံချင်းရဲ့ရောဂါကိုပါ ကုပေးလိမ့်မယ်'

ပျောက်စေသမားတော်ကြီး တွေခနဲဖြစ်သွား၏၊ သူက ထင်းလုံအား တွေတွေဝေဝေနှင့်ကြည့်၏၊ ပြီးနောက် အားရပါးရ ရယ်လိုက်သည်။

'ကောင်းပြီ.... မင်းတို့ကို ငါသွားခွင့်ပြုမယ်....၊ မှင်းဟာ ယောကျ်ားပီသတဲ့လူတစ်ယောက်ဖြစ်လို့ မင်းရဲ့ဇနီးကို ပေးစပ်ယ်မှာမဟုတ်ဘူး ငါယုံကြည်တယ်၊ တစ်ခုတော့ မင်းကိုငါကြိုပြောမယ်၊ ငါ့သမီးက သဘောမတူရင် မင်းမုယုံချင်းအနားကို မကပ်ရဘူး၊ မင်းသစ္စာဖောက်ခဲ့ရင် သိုင်းလောကတစ်ခုလုံး ကြမ္မာဆိုးဝင်အောင် ငါလုပ်ပစ်မယ်'

'ဒီအတွက်မပူပါနဲ့....ဦး၊ ယုံန်ကလေးက သဘောတူရင်တောင် ကျွန်တော် မုယုံချင်းအနားကို မကပ်ပါဘူး'

'ဟေ....အဲဒါတော့မရဘူး၊ သူသဘောတူရင် မင်း မုယုံချင်းအနားကပ်ရမယ် ဟားဟား.... ကဲ.... မင်းတို့နှစ်ယောက် စလုံး လာခဲ့၊ မုယုံကြီးရဲ့ဘပည့် အဆိပ်ငွေ့ရှူမိတာ နည်းနည်းများသွားလို့ ဆေးပြန်ဘိုက်ထားရတယ်၊ သူ့ကိုသွားကြည့်ကြမယ်'

ရှောင်ပင်းမှာ ကုတင်ပေါ်တွင်ခြေဆင်းထိုင်ပြီး ချောမောလှပသော အမျိုးသမီးတစ်ယောက်နှင့် စကားသက်ဆုံကျကာ ရယ်မောနေသည်။

သူသည် အခန်းထဲသို့ ဝင်လာသော ဆီယူဟာန်တို့အား တွေ့သည်နှင့် အရယ်ရပ်ကာ မျက်နှာထားပြင်လိုက်သည်။

'ဟတ်.... ကောင်လေး၊ ငါက မင်းမှာ အဆိပ်ငွေ့တွေ မစင်သေးဘူးဆိုပြီး စိတ်ပူနေတယ်၊ မင်းကတော့ ဒီမှာ ရယ်လို့မောလို့ပါလား၊ ယုန်ကလေး.... သူ့အခြေအနေက ဘယ်လိုလဲ'

'ကောင်းပါတယ် ဖေဖေ၊ အဆိပ်ဖြေဆေးတိုက်လိုက်တာနဲ့ သူထထိုင်တာပဲ၊ သမီးနဲ့ရယ်မောပြီး စကားပြောနေတာပဲ ကြည့်ပေါ့'

'သူ နေလို့ကောင်းသွားပြီဆိုတော့ ငါ ပြောစရာရှိတာ ပြောမယ်၊ မေးစရာရှိတာမေးမယ်၊ မင်းတို့နှစ်ယောက် ဒီမှာ လာထိုင်၊ မင်းက မုယုံချင်း ဝေဒနာခံစားနေရတဲ့အကြောင်း သေသေချာချာပြောပြပါ၊ သူ ဘယ်အချိန်မျိုးမှ ဝေဒနာခံရသလဲ၊ သူ ဘာဖြစ်နေ တာသလဲ'

ပျောက်စေသမားတော်ကြီးက ထင်းလုံတို့အား သူ့ရှေ့သို့ခေါ်သည်၊ ပြီး ဆီယူဟာန်အား လှမ်းကြည့်ကာမေး၏၊ ဆီယူဟာန်က သူကြားသိထားရသမျှ မုယုံချင်းအကြောင်းကိုပြောပြသည်၊ ပျောက်စေသမားတော်က ဆီယူဟာန်ပြောသမျှကို ဂရုစိုက်နားထောင်သည်၊ စကားဆုံးသည့်အခါ သူက

စဉ်းစားဟန်ဖြင့် ငေးနေခဲ့ဖြစ်သွားသည်၊ တခဏ အကြာတွင် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး....

'သူ ဘယ်လိုအဆိပ်မျိုး မိထားသလဲဆိုတာ ငါသိပြီ... တကယ်ဆိုရင် သူရှူးသွမ်းသွားရမှာ....အခုတော့ မရူးဘဲ တစ်ခါတစ်ခါမှာ ပင်ကိုယ်စိတ်ပျောက်သွားတတ်တာ နဲနဲတော့ ဆန်းတယ်'

ပျောက်စေသမားတော်ကြီးက ညည်းညူဟန်ဖြင့် ရေရွတ်ပြောဆိုသည်၊ ပြီးနေရာမှထကာ အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်၏၊ တစ်ခဏအကြာတွင် ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်ရာမှ ရပ်လိုက်ပြီး....

'ဟုတ်ပြီ....ဒီအတိုင်းဖြစ်ရမယ်၊ ဒါကိုငါဘာဖြစ်လို့ မစဉ်းစားမိတာလဲ အခြေအနေသိသိချင်း ငါဒီအကြောင်းကို စဉ်းစားမိရမှာ ငါတော်တော် ညံ့တာပဲ.... ငါ့လောက်ညံ့တဲ့လူ ဒီလောကမှာ ရှိမယ်တောင်မထင်ဘူး'

ပျောက်စေသမားတော်သည် အနားတွင် လူတွေရှိနေမှန်း မေ့လျော့သွားပုံရသည်၊ သူကနှုတ်မှတတွတ်တွတ် ရေရွတ်ရင်း တုန့်ဆိုင်းခြင်း၊ ရပ်နားခြင်းမရှိဘဲ ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်သည်။

အဲဒီလူဟန်တို့မှာ ပျောက်စေသမားတော်အား ကြည့်ရင်း ခေါင်းထဲတွင် မူးနောက်လာသည်။

'ဟား ဟား ရောဂါသိရင်ဆေးရှိပါတယ်၊ ငါအခုမုယုချင်းရဲ့ရောဂါကိုသိလိုက်ပြီ၊ ဒီရောဂါကို ကုဖို့ဆေးလဲငါမှာရှိတယ်၊ ဒီကိုလာစမ်း သမီး....မုယုချင်းရဲ့ ဝေဒနာ သက်သာ



ပျောက်ကင်းအောင် ဘယ်လိုကုရမလဲဆိုတာ ဖေဖေပြောပြမယ်၊ မုယုချင်းရဲ့ရောဂါဝေဒနာပျောက်ကင်းအောင် သမီးပဲသွားကုပေးရမှာဆိုတော့ ဖေဖေပြောပြတာကို သေသေချာချာနားထောင်သွားပါ'

ပျောက်စေသမားတော်က ရောဂါဝေဒနာ အကြောင်း၊ ဆေးအကြောင်းတို့ကိုသူ့သမီးအားပြောပြသည်၊ ယုန်ကလေးဟုအမည်တွင်နေသော သမားတော်ကြီး၏ သမီးက စိတ်ပါဝင်စားစွာနားထောင်သည်၊ စကားအဆုံးတွင် သမားတော်ကြီးက ထင်းလုံတို့ဘက်တွေဆီ မျက်လုံးဝေ့ကြည့်ပြီး....

'ငါမေးစရာရှိတာ မေးပြီးပြီ အခု ပြောစရာရှိတာပြောတော့မယ်၊ မင်းတို့တတွေ စုကျိုးမြို့ကိုသွားကြမယ်၊ မုယုချင်းရဲ့ဝေဒနာပျောက်ကင်းအောင်ကုပါ၊ ငါ့ကိုယ်စားယုန်ကလေးက လိုက်ပါလိမ့်မယ်....ငါကတော့လိုက်လို့မဖြစ်ဘူး'

ပျောက်စေသမားတော်သည် စကားပြောရင်း ထင်းလုံတို့အား ဖျပ်ခနဲလှမ်းကြည့်သည်။

'ငါက မုယုချင်းကို လုပ်ကြံတဲ့လူနဲ့ ထိပ်တိုက်တွေ့ချင်တယ်၊ ဒါပေမယ့် သေွးတောင်ကြားကနေ ပြင်ပကိုမထွက်ဘူးလို့ဆုံးဖြတ်ထားတဲ့အတွက် အဲဒီဆုံးဖြတ်ချက်ကို မဖြင်ချင်တော့ဘူး၊ သမီးကဖေဖေ့ကိုယ်စား မုယုချင်းကို ဆေးကုပေးပါ၊ မုယုချင်းကိုဆေးကုပေးတဲ့လူဟာ သေလူလို့ရန်သူကသက်မှတ်ထားတယ်၊ ငါက အခါခါသေဘူးတဲ့လူဆိုတော့ ထပ်ပြီးသေရမှာကိုမကြောက်ဘူး'

ပျောက်စေသမားတော်ကြီးသည် စိတ်လိုက်မာန်ပါနှင့်

ပြောရင်း သက်ပြင်းချလိုက်သည်။

'ဒီအကြောင်းတွေ စဉ်းစားရင်း ငါ့စိတ်ကို ငါမနိုင်ချင်တော့ဘူး၊ ဟုတ်ပြီ....ဟုတ်ပြီ ငါသိပြီ၊ သမားတော်တွေကို သတ်မယ်ဆိုကာ ငါ့ကိုအမြင်ထွက်အောင်လုပ်တာပဲ၊ ငါက သူတို့ဆင်ထားတဲ့ ထောင်ချောက်ထဲကို ဝင်မတိုးဘူး၊ ငါ့ကို အမြင်ထွက်လာအောင် လုပ်တာဘယ်သူဖြစ်မလဲ.... ဒီလူဟာ တစ်ချိန်က ငါ့ရဲ့ နံဘေးထဲက ဖြစ်ရမယ်နဲ့တူတယ်၊ ခုချိန်ထိ အောင် ငါ့အပေါ် ရန်ငြိုးမပြေနိုင်သေးတဲ့ လူတစ်ယောက်ပဲ ဖြစ်မယ်'

ပျောက်စေသမားတော်သည် နှုတ်မှတတွတ်တွတ် ရေရွတ်ရင်း အခန်းထဲတွင် ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်သည်၊ ပုတက်တက်နိုင်သော သမားတော်ကြီး၏ လှုပ်ရှားမှုသည် ရယ်စရာ ဖြစ်သော်လည်း ဆင်ယူဟန်တို့မှ ရယ်မကြ၊ သမားတော်ကြီး၏အမူအယာကိုကြည့်ရင်း သူတို့ရင်ထဲတွင် စိုးထိတ်တုန်လှုပ်လာကြသည်။

သမားတော်ကြီးက မုယုံချင်းအား လုပ်ကြံသူသည် သူ့ ရန်သူဖြစ်ရမည်ဟု သေချာပေါက်တွေးတော တွက်ဆသည်၊ ဆင်ယူဟန်တို့ကိုယ်တိုင် သမားတော်ကြီး၏ စကားကို ဟုတ်နိုးနိုးထင်လာသည်။

'ရန်သူဟာ ငါ့စိတ်ကို သိပုံရတယ်၊ သမားတော်တွေကို စော်ကားရင် ငါမနေနိုင်မှာ ဟုတ်ဘူး၊ ဇာတ်မြှုပ်ပြီးနေနေတဲ့ နေရာကထွက်လာမယ်လို့ တွက်ထားပုံရတယ်၊ ငါ့ဘာဖြစ်လို့ ရန်သူရဲ့ ဆင်ကွက်ထဲကို ဝင်ရမှာလဲ၊ ဟား ဟား....ငါ



ဘယ်တော့မှအမြင်ကို မထွက်ဘူး အမြင်မထွက်ဘဲနဲ့မုယုံချင်း ရဲ့ဝေဒနာ ပျောက်အောင်ကုမယ်၊ ရန်သူရဲ့ အကြံအစည်ကို သွေးတောင်ကြွားကနေ ဖျက်ဆီးမယ်'

သမားတော်ကြီးသည် မတိုးမကျယ်ပြောပြီး အားရဝမ်းရ ရယ်၏၊ သူ့ရယ်သံကြောင့် ခန်းမကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွားတော့မည့်နှယ်ရှိ၏၊ သူသည် အားရဝမ်းရ ရယ်မောပြီး ထိုင်ခုံတစ်လုံး၌ဝင်ထိုင်လိုက်၏။

'မင်းတို့တတွေ ငါ့ကို ရူးနေတယ်လို့ထင်ကြမှာဘဲ....ငါ မရူးဘူး၊ တယ်သူမှ သံသယမဖြစ်တဲ့ကိစ္စကို ငါတွေးမိလိုက်တာ၊ မုယုံခြံဂင်းမှာ ဖြစ်သွားတဲ့ကိစ္စဟာ တကယ်တော့ ရန်သူက ငါ့ကိုစိန်ခေါ်လိုက်တဲ့ကိစ္စပဲ၊ မုယုံမိသားစုဟာ ငါ့ အတွက်နဲ့ ဒေါသခံဖြစ်သွားရရှာတယ်....ငါကကျောက်ရုပ်လဲ မဟုတ်၊ သစ်ငုတ်တိုလဲမဟုတ်တဲ့အတွက် ရန်သူကိုလက်တုန့် ပြန်မယ်၊ ဒါပေမယ့် ရန်သူဖြစ်ဓစချင်သလို မြင်ပကိုမထွက် ဘူး ဒီတောင်ကြွားကနေတိုက်မယ်....မနက်ဖြန် မင်းတို့ ခရီး ထွက်ကြ၊ မုယုံခြံဝင်းကို ရောက်အောင်သွားကြ၊ ဆေးကုသ ပေးလိုက်ရင် မုယုံချင်းရဲ့ဝေဒနာ ပျောက်သွားလိမ့်မယ်... အဲဒီအခါ ရန်သူဟာ နောက်တစ်မျိုးဘာကြံမလဲဆိုတာစောင့် ကြည့်ကြတာပေါ့....'

ထင်းလုံ မင်းအရွနနဲ့ သွေးတောင်ကြွားကမခွာဘဲနေပါ့ မယ်ဆိုတဲ့ကတိကို စောင့်ထိန်းဖို့မလိုတော့ဘူး၊ မင်းသွားချင် ရာကို လွတ်လွတ်လပ်လပ်သွား....လုပ်ချင်ရာကို လွတ်လွတ် လပ်လပ်လုပ်နိုင်ပြီ၊ သမီးကိုချစ်တဲ့စိတ်နဲ့ ငါမှာခဲ့တာတွေ

အများကြီးရှိတယ်....ဒီနေ့ကစပြီး အဲ့ဒီအမှားတွေကိုမြင်တော့မယ်....အခုညစာစားချိန်ရောက်နေပြီ သွားစားကြပေတော့၊ ငါစာဖတ်ခန်းထဲဝင်လိုက်ဦးမယ်'

ပျောက်စေသမားတော်ကြီးသည် စကားကို ရှည်လျားစွာ ပြောဆိုပြီးနောက် အခန်းထဲမှ ထွက်သွားသည်၊ ထင်းလုံ အိမ်ရှင်ပီပီ အားလုံးကိုဦးဆောင်ပြီး ထမင်းစားခန်းသို့ဝင်၏ ဆီယူဟာန်တို့မှာ ထင်းလုံ၏နောက်မှ လိုက်ခဲ့ကြလေတော့သည်။

* * *

အခန်း (၁၂)

အန္တရာယ်ဒေဝီ

လူလေး ယောက်သည် အနောက်ဘက်စူးစူးသို့ ဦးတည်ကာ လျင်မြန်စွာပြေးလွှားနေ ၏၊ ထိုလူလေးယောက်မှာ သွေးတောင်ကြားမှ ထွက်ခွာသော ဆီယူဟာန်တို့လူစုပင်ဖြစ်၏၊ သူတို့သည် သွေးတောင်ကြားမှ ထွက်ခွာခဲ့ပြီးနောက် အနီးဆုံးမြို့သို့ရောက်အောင် ခရီးနှင်နေ၏။

ဆီယူဟာန်သည် ရှေ့ဆုံးမှဦးဆောင်ပြီး ပြေးနေလေသည်၊ ထင်းလုံနှင့်ယုန်လေးတို့က အလယ်မှလိုက်ပြီး ချောင်ပဲင်းသည် နောက်ဆုံးမှလိုက်၏။

ရှောင်ပင်းသည် နောက်ဆုံးမှလိုက်ခဲ့ရင်း ထင်းလုံတို့ဇနီး မောင်နှံအား ကြည့်၍ အတွေးတွေ ကျိုးချင်သိုင်းပျံ့နေ၏၊ သူက ထင်းလုံ ယုန်ကလေးနှင့် မုယိုချင်းတို့သုံးယောက်အကြောင်း စဉ်းစားလာ၏၊ ထင်းလုံက မုယုချင်းအားသနားခဲ့ပြီး ယုန်ကလေးနှင့်ပေါင်းဖော်သော သေးတောင်ကြား၌ ဇာတ်မြုပ်နေခြင်းသည် ထူးခြားသော အကြောင်းအရာတစ်ခု ရှိလိမ့်မည်ဟု သူတွေး၏၊ သို့သော် ထိုအကြောင်းအရာမှာ မည်သို့သောအကြောင်းအရာဟု ဝေဘန်ပိုင်းခြားနိုင်ခြင်းမရှိချေ။

ထင်းလုံသည် ယုန်ကလေးအား ဖြတ်နိုးတွယ်တာသလို မုယုချင်းကိုလည်း မမေ့နိုင်ပုံမရချေ၊ ယခု မုယုချင်းခြဝင်းသို့သွားရာခရီး၌ သူသည် စိတ်အားအတက်ကြွဆုံးဖြစ်နေ၏၊ ယုန်ကလေးမှာ အပြစ်ကင်းစင်ကာ ရိုးသားသောမိန်းကလေးတစ်ယောက်ဟု မြင်မြင်ခြင်းမှာပင် ရှောင်ပင်းကသိလိုက်လေသည်။

ဆီယူဟန်သည် လှမ်းဟူ၍ မယ်မယ်ရရမရှိသော တောင်ပေါ်မဆင်းပြီး ခရီးခရီးသွား လမ်းမကြီးပေါ်သို့တက်လိုက်သည်၊ သူတို့ သစ်းမပေါ်သို့အရောက်မှာပင် အပြင်းခေါင်းနှင်လာသော မြင်းလှည်းတစ်စီး သူတို့ကို ဖြတ်ကျော်သွား၏၊ ထိုမြင်းလှည်းကိုမြင်သည်နှင့် ဆီယူဟန်တို့ ကစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။

'ဒီမြင်းလှည်းက တော်တော်ရမ်းကားပါလား၊ လမ်းမှာ အသဲတွေတွေ တိုက်သွားမယ့်ပုံပဲ'

ဆီယူဟန်က တရွေ့ရွေ့ဝေးသွားသော မြင်းလှည်းကို



ကြည့်ရင်း မ[illegible]နှပ်နှင့် ရေရွတ်ပြောဆိုလိုက်လေသည်၊ ဆီယူဟန်၏ စကားအဆုံးတွင် ရှောင်ပင်းက တစ်ချက်ရယ်လိုက်၏။

'မင်း ဘာဖြစ်လို့ရယ်တာလဲ ရှောင်ပင်း၊ ကျုပ်ပြောတဲ့ စကားထဲမှာ ရယ်စရာပါလို့လား'

ဆီယူဟန်၏ မကျေမနပ်ပြောလိုက်သံကြောင့် ရှောင်ပင်း ပြုံး၏၊

'ကျွန်တော်က ဦးကိုလှောင်ပြီး ရယ်တာမဟုတ်ပါဘူး.... လမ်းမပေါ်ကိုမရောက်သေးဘူး တားသီးမယ့်လူနဲ့ ခုနေပြီလို့ တွေးမိလို့ပါ'

'ဘာမောင်ဘာ ကိုပြောတာလဲ....ခုနစောက ဖြတ်သွားတဲ့ မြင်းလှည်းက ဘယ်သူ့မြင်းလှည်းဆိုတာသိလို့လား'

ရှောင်ပင်း ခေါင်းညိတ်ပြသည်။

'သိပါတယ်၊ အခုဖြတ်သွားတဲ့ မြင်းလှည်းဟာ ဒေဝီဂိုဏ်းရဲ့ မြင်းလှည်းပါ'

ဆီသူယန်မျက်မှောင်ကြုတ်လိုက်သည်။

'ဒေဝီဂိုဏ်းဟုတ်လား၊ ကျုပ်တို့နဲ့ ဒေဝီဂိုဏ်းနဲ့ကြားမှာ ဘာရန်ငြိုးရန်စမှမရှိပါဘူး၊ မင်းက သူတို့ကို ဘာဖြစ်လို့ ရန်သူလို့ ပြောရတာလဲ'

ရှောင်ပင်း သက်ပြင်းချလိုက်သည်၊

'ခုတစ်လောမှာ သိုင်းလောကရဲ့ အခြေအနေ ပြောင်းလဲနေပြီလေ၊ ဒေဝီဂိုဏ်း ဟာ ရန်ငြိုးရန်စရှိပဲ ကျွန်တော်တို့ကို ရန်ပြုမယ်ဆိုရင်၊ မြင်းလှည်းမောင်းတဲ့ မိန်းကလေးက ကျွန်တော်တို့

ကို ရန်လိုတဲ့အကြည့်နဲ့ကြည့်သွားမယ်၊ ကျွန်တော်တို့အနား ကဖြတ်တော့ သူက လှည်းအိမ်ကိုဖွင့်ခါ ကြပြီး သတိပေးတာ ကျွန်တော်တွေ့တယ်၊ ဒေစီဂိုဏ်းဟာ သွေးဂိုဏ်းနဲ့ပေါင်းလိုက် ပြီဆိုတဲ့သတင်းကို ကျွန်တော်ကြားထားတယ်၊ ဒီအကြောင်း အရာတွေအားလုံး ဆက်စပ်တဲ့အခါကျတော့ ဒေစီဂိုဏ်းဟာ ကျွန်တော်တို့ကို ရန်ပြုတော့မယ်လို့ သိရတယ်'

'မင်းဆက်စပ်စဉ်းစားတဲ့အတိုင်းမှန်ရင်တော့ အခြေအနေ က တော်တော်ဆိုးမှာပဲ၊ ရန်သူတွေပါတို့ကို လမ်းကနေဆီး ကြိုတိုက်ခိုက်မှာ သေချာသလောက်ရှိနေပြီ'

သူတို့သည် စကားပြောရင်း လမ်းမကြီးအတိုင်း မနေး ဧမြန်လျှောက်သည်၊ လမ်းကွေ့တစ်ခုကို ရောက်သည့်အခါ စောစောကတွေ့ခဲ့ရသော မြင်းလှည်း လမ်းလည်ခေါင်တွင် ကန့်လန့်ဖြတ်ရပ်ထားလျက်သား တွေ့ရ၏၊

'ချောင်ပင်းတွေးတာ မှန်နေပြီ'

'သူတို့က မိန်းကလေးတွေဆိုတော့ နည်းနည်းသက်သာ ပါ၊ ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော်တစ်ယောက်ထဲ ဒီပြဿနာကို ရှင်းမယ်'

ချောင်ပင်းက မတိုးမကျယ်ပြောရင်း ရှေ့ကိုပြေးတက် သည်။

မြင်းလှည်းအနီးသို့ သူရောက်တွင် မြင်းလှည်းပေါ်မှ မိန်းကလေးသုံးယောက် ခုန်ပျံဆင်းသက်လာကြ၏။

'ရပ်လိုက်ပါ.... ရှင်တို့ကို ဒီနယ်မြေတာဝန်ခံတွေအနေနဲ့ စစ်ဆေးစရာရှိတယ်'



ချောင်ပင်းက မိန်းကလေးသုံးယောက်၏ ရှေ့တည့်တည့် တွင်ရပ်လိုက်သည်။

'မင်းတို့ဘယ်သူတွေလဲ ဘာဖြစ်လို့ငါတို့သွားမယ့်လမ်းကို ပိတ်ဆို့ထားရတာလဲ'

'ရှင်တို့ဟာ ဘယ်သူဘယ်ဝါလဲ၊ ဘယ်ကလာပြီး ဘယ်ကို သွားမှာလဲဆိုတာ ကျွန်မတို့စစ်ဆေးရမယ်၊ ဒါကြောင့်လမ်း ပိတ်ထားတာ ကိစ္စမြန်မြန်ပြီးချင်ရင် ရှင်တို့ ဘယ်သူဘယ်ဝါ ဆိုတာမြန်မြန်ပြောပါ၊ လိမ်ဖို့ညာဖို့တော့မစဉ်းစားနဲ့၊ ကျွန်မ တို့မှာ ရှင်တို့ကိုဘယ်သူဘယ်ဝါဆိုတာ စစ်ဆေးပေးမယ့်လူရှိ တယ်'

'စစ်ဆေးပေးမယ့်လူရှိရဲ့သားနဲ့ မင်းတို့က လေကုန်ခံပြီး မေးနေရသေးတယ်၊ ငါတို့ကဘယ်သူတွေလဲ ဘယ်ကလာသလဲ ဆိုတာ မင်းတို့လူကိုစစ်ဆေးခိုင်းလိုက်ပါလား'

မိန်းကလေးသုံးယောက်မှာ အဖြူအနီအဝါ ဝတ်စုံများကို တစ်ယောက်တစ်ရောင်စီ ဝတ်ဆင်ထားသည်၊ အနီရောင်ဝတ် ဆင်ထားသည့်မိန်းကလေးသည် သူတို့သုံးယောက်အနက် ခေါင်း ဆောင်ဖြစ်ပုံရ၏၊ သူက ရှေ့ကိုခြေတစ်လှမ်းတိုးလိုက်ပြီး....

'အခုလိုပြောကတည်းက ရှင်တို့မရိုးသားဘူးဆိုတာပေါ် လွင်နေတယ်၊ ရှင်းသိအောင်ပြောရရင် ဒီနယ်မြေဟာ ဒေစီ ဂိုဏ်းရဲ့နယ်မြေ ဒီနယ်မြေကိုဖြတ်သွားတဲ့လူတိုင်း ကျွန်မတို့က စစ်ဆေးရင် အစစ်ဆေးခံရမယ်၊ ဒါဟာဒီနယ်မြေရဲ့စည်းကမ်း ချက်ပဲ၊ ကျွန်မနောက်ဆုံးတစ်ခွန်းပဲမေးမယ်၊ ရှင်တို့ ဘယ်သူ ဘယ်ဝါဆိုတာကို ကိုယ့်ဘာသာကိုယ်ပြောမလား'

အနီရောင်ဝတ် မိန်းကလေး၏ စကားကို အကြားတွင် ရှေ့က်မင်းရပ်လိုက်သည် သူရယ်ပုံမှာ စိတ်အေးခမ်းမြန်းနေသော မိန်းကလေးအားလှောင်ပြောင်သည့်နှယ်ရှိသည်။

'ဒေဝီဂိုဏ်းဆိုတာ အကောင်ပိုင်တွေမဟုတ်ပါဘူး၊ ကျုပ်တို့အနေနဲ့ မင်းကိုတွားတာကို ခံစရာမလိုသလို၊ မင်းတို့မေးတာကိုလဲ ဖြေစရာမလိုပါဘူး'

'ရှင်က ဒီအဖွဲ့မှာခေါင်းဆောင်လား'

'ကျုပ်ဘာယ်သူဘာယ်ပါဆိုတာ မင်းစစ်ဆေးခွင့်မရှိပါဘူး၊ မင်းလုပ်ရမယ့်အလုပ်က ကျုပ်တို့သွားမယ့်လမ်းကို ရှင်းပေးဖို့ပဲ၊ ဒါဆိုရင် ကျုပ်ကမင်းတို့ကို အနှောင့်အယှက်မပေးဘဲ ခွင့်လွှတ်လိုက်မယ်'

ရှောင်ပင်း၏စကားကြောင့် အနီရောင်ဝတ် မိန်းကလေး မျက်နှာသာအေးသွားသည်၊ သူကရှေ့ကို ရိုင်းနဲ့ ခုန်ထွက်လိုက်ပြီး ရှောင်ပင်းအား လက်ဝါးဖြင့်ရိုက်သည်၊ ရှောင်ပင်းက အနီရောင်မင်းကလေး၏ ရိုက်ချက်ကို နောက်ဆုတ်ရှောင်တိမ်းလိုက်သည်၊ အနီရောင်ဝတ်မိန်းကလေးက၊ ဒုတိယလက်ဝါးရိုက်ချက်ကို ရိုက်ထုတ်၏၊ သူ၏ လက်ဝါးရိုက်ချက်မှာ ရှောင်ပင်းထံသို့မရောက်ဘဲ ယုန်ကလေးတစ်ဦးတည်းဝင်ရောက်သွားသည်။

'ဟော့....ဒါဘာလုပ်တာလဲ'

ထင်းလုံက အော်ဟစ်ပြီး အရိပ်ဖြာဘာ ထိုးဝင်လာသော လက်ဝါးရိုက်ချက်ကို ညာဘက်မှ မြှောက်ကာခံလိုက်သည်၊ လက်ဝါးခြင်းသိသံတိုးတိုးပေါ်လာသည်၊ အနီရောင်ဝတ်



မိန်းကလေးမှာ ကြီးမားသောအင်အားတရပ်က တွန်းထုတ်သဖြင့် နောက်သို့လွင့်ထွက်သွား၏။

အပြာနှင့် အဝါရောင်မိန်းကလေး နှစ်ယောက်က လွင့်ထွက်သွားသည့်သူတို့အဖော်ကို ချက်ချင်းလိုက်ဖမ်းပြီး မြင်းလှည်းပေါ်သို့တင်လိုက်သည်၊ သူတို့နှစ်ယောက်က ချက်ချင်းပင် မြင်းလှည်းပေါ်မှဆင်းပြီး သမ်းထိုဒိတ်ဆို့မြဲဖိက်ဆို့ထားသည်၊ ရှေ့ကိုတိုးလာခြင်း၊ ရှောင်ပင်းတို့အား မေးမြန်းခြင်း၊ စကားပြောဆိုခြင်းမပြု ဘာစိုဘာခဲသ ကာ၏ အမိန့်ကို စောင့်ဟန်ဖြင့်ရပ်နေကြသည်။

'ဝက်ပ ဆယ်ကြ'

မြင်းလှည်းပေါ်မှ မတိုးမကျယ် ပြောဆိုလိုက်သံပေါ်လာသည် အပြာနှင့်အဝါ မိန်းကလေးနှစ်ယောက်ကို လျင်မြန်စွာဆုတ်သွား၏၊ မြင်းလှည်းရပ်နေရာ၏ ဘေးတစ်ဘက်တစ်ချက်၌ တောတန်းအတွင်းမှ အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးဆယ့်ငါးယောက်ခန့် ထွက်လာသည်၊ သူတို့သည် ဟိုတစ်ယောက် သည်တစ်ယောက် ရပ်သည့်ပုံစံဖြင့် ရပ်သည်၊ အမှတ်မဲ့ကြည့်လျှင် သူတို့ရပ်နေပုံမှာ ဖြစ်သလိုရပ်နေပုံမျိုးဖြစ်၊ သို့သော် ထင်းလုံတို့က မိန်းကလေးများ၏ ရပ်နေပုံမှာ စုပေါင်းတိုက်ကွက်ထက်ကွက်အဘွဲ့ နေရာပြင်ဆင်လိုက်ကြောင်းသိကြသည်။

'သေးကြောဖြတ်လက်ဝါးရိုက်ချက်ကို အားအပြည့်မသုံးဘဲရိုက်လိုက်တဲ့အတွက် ဆရာကြီးထင်းလုံကို ကျေးဇူးတင်ပါတယ်၊ ရှင်တို့ဟာ အားပြိုင်တိုက်ခိုက်ရမယ့် လူတွေမဟုတ်

တဲ့အတွက် ကျွန်မတို့ နောက်ဆုတ်သွားပါမယ်၊ ဒီကနေသုံးမိုင်လောက်မှာ မြို့စာဝ်မြို့ရှိတယ် အဲဒီမြို့ကိုရောက်ရင် ခရီးသည်စားသောက်ဆိုင်ကိုဝင်ခဲ့ပါရှင်’

မြင်းလှည်းပေါ်မှ သာယာချိုလွင်သောအသံ ပေါ်လာသည်၊ တစ်ဆက်တည်းပင် အချက်ပေးသံတစ်သံ ကြားရပြီး တိုက်ပွဲဝင်မည့် မိန်းကလေးများ နောက်ပြန်ဆုတ်သွား၏၊ ရပ်နေသည့် မြင်းလှည်း နေရာမှထွက်ခွာသွားသည်။

* * *



‘မြင်းလှည်းပေါ်က မိန်းကလေးဟာ အစ်ကိုကြီးရဲ့ သိုင်းကွက်ကိုမြင်တာနဲ့ တယ်သူဘယ်ဝါလို့ တန်းခနဲပြောနိုင်တာ ချီးကျူးစရာပဲ ကျွန်တော့်စိတ်အထင် မြင်းလှည်းပေါ်က မိန်းကလေးဟာဒေဝီသုံးဖော်ထဲက တစ်ယောက်ဖြစ်လိမ့်မယ်’

‘သူက သိုင်းကွက်ကြည့်ပြီး လူကိုခန့်မှန်းတာမဟုတ်ဘူး၊ ဒဏ်ရာကိုကြည့်ပြီး ခန့်မှန်းတာ သူက ရန်ပြုတိုက်ခိုက်မယ့် အစီအစဉ်ကို ချက်ချင်းရပ်သိမ်းပြီး နောက်ပြန်ဆုတ်သွားတာဟာ ဘာအကြောင်းကြောင့်လို့ ညီလေးထင်သလဲ’

ရှောင်ပင်းက ထင်းလုံ၏အမေးကို ရုတ်တရက်မဖြေ စဉ်းစားဟန်ဖြင့် တစ်ခဏမျှ ငြိမ်သွားသည်၊ ပြီးမှ....

‘သူတို့က မယှဉ်နိုင်မှန်းသိလို့ နောက်ဆုတ်သွားတာဖြစ်နိုင်သလို ထိုးမယ့်ဆင်နောက်ကို ခြေတစ်လှမ်းဆုတ်ဆိုဂလို အရှိန်ယူတဲ့သဘောနဲ့ နောက်ဆုတ်သွားတာလဲ ဖြစ်ချင်ဖြစ်မတ်၊ ဒေဝီဂိုဏ်းဟာ သိုင်းပညာဆက်မြက်သလောက် ရက်စက်တဲ့ ဂိုဏ်းတစ်ဂိုဏ်းပဲ’

‘ဒေဝီသုံးဖော်နဲ့ပတ်သက်လို့ကော မင်းဘာသိထားသလဲ’

‘ဒေဝီသုံးဖော်က တစ်ယောက်တစ်မျိုးစီထူးချွန်ကြတယ်၊ ဒေဝီကြီးချူးဖုန့်ကအဆိပ်ပညာ ဒေဝီလတ်ချူးရွဲ့ကရုပ်ပြောင်းရုပ်လွှဲပညာ ဒေဝီလေးချူးရင်က ဆေးပညာမှာ ထူးချွန်ကြတယ်၊ သိုင်းပညာမှာတော့ သုံးယောက်စလုံး တစ်ယောက်နဲ့တစ်ယောက် မကွာကြပါဘူး၊ ပထမအဆင့် စာရင်းဝင်တွေပဲ’

‘ညီလေးက အစ်ကိုကြီးတို့ ထင်ထားတာထက် ပိုပြီး ဗဟု

သူဝါးစုံတယ်'

'အစ်ကိုကြီးကလဲ သွေးတောင်ကြွားကနေ မထွက်မေ့မယ့် သိုင်းလောကနဲ့ အဆက်ပြတ်ပုံ မရပါဘူး'

'သိုင်းလောကရဲ့ သတင်းမှန်သမျှရအောင် အစ်ကိုကြီး စီစဉ်ထားတယ်၊ ဒါကြောင့်လဲ သိုင်းလောက အခြေအနေကို မျက်ခြေမပြတ်တာပေါ့'

စကားတပြောပြောနှင့် လျှောက်ခဲ့ကြသော ရှောင်ပင်းတို့သည် တောအုပ်တစ်ခုကို လွန်သည်နှင့် စည်ကားသော မြို့တစ်မြို့ကို လှမ်းမြင်ရသည်။

မြို့မှာမြို့ငယ်လေးဖြစ်သည်၊ ငယ်ဖင်ငယ်ညားသော်လည်း မြို့အင်္ဂါရပ်နှင့် ညီညွတ်ပြည့်စုံ၏၊ ရှောင်ပင်းတို့ မြို့လယ်လမ်းအတိုင်းလျှောက်ခဲ့စဉ် ခရီးသည်စားသောက်ဆိုင်ကိုတွေ့ရသည်။ ထိုစားသောက်ဆိုင်မှာ တည်းခိုခန်းနှင့်တွဲ ထားသော ဆိုင်တစ်ဆိုင်ဖြစ်သည်။

'ခရီးသည်စားသောက်ဆိုင်တော့တွေ့ပြီ'

'ဒေဗီဂိုဏ်းနဲ့ပတ်သက်ပြီး တိတိကျကျသိရအောင် စားသောက်ဆိုင်ထဲ ဝင်ကြတာပေါ့'

ရှောင်ပင်းသည် ရှေ့ဦးဆောင်ပြီး စားသောက်ဆိုင်ထဲသို့ ဝင်သည်၊ ဆိုင်ထဲသို့ရောက်လျှင်ရောက်ခြင်း စားပွဲထိုးက ပျာပျာသလဲကြိုဆိုလာသည်။

'ဆရာတို့အတွက် သီးသန့်ခန်းပြင်ထားပါတယ်၊ ဒီဘက်ကိုကြွပါ'

စားပွဲထိုးက ဆိုင်အတွင်းဘက်ကျကျရှိ သီးသန့်ခန်းသို့ခေါ်သွားသည်၊ သီးသန့်ခန်းမှာ ကျယ်ဝန်းသော အခန်းတစ်ခန်းဖြစ်ပြီး အခန်းထဲ၌စားပွဲကျယ်ကြီးတစ်လုံးရှိသည်၊ စားပွဲပေါ်တွင် အလျှံပါယ်သော စားသောက်ဖွယ်ရာများ တည်ခင်းပြင်ဆင်ထားသည်။

ဒေဝီသုံးဖော်ထဲမှ တစ်ယောက်ကို စားသောက်ဆိုင်တွင် တွေ့ရလိမ့်မယ်ဟု ရှောင်ပင်းတို့ မျှော်လင့်ထားသည်၊ သို့သော် ယခု အခန်းထဲသို့ အရောက်တွင် ဒေဝီသုံးဖော်သားမတွေ့ရ၊ ဒေဗီဂိုဏ်းသားများကိုလည်း မတွေ့ရ၊ အခန်း ထဲ၌ လူတစ်ယောက်မှမရှိဘဲ ရှင်းလင်းနေသည်။

'ဆရာတို့ ဒီမှာဆိုင်းကြပါ၊ စားစရာတွေကိုလဲ စားသောက်ကြပါ၊ ဒေဝီသခင်မလေး အခုပဲရောက်လာပါလိမ့်မယ်'

စားပွဲထိုးက ရှောင်ပင်းတို့အား နေရာချပေးသည်၊ ရှောင်ပင်းတို့စားပွဲတွင်ထိုင်လိုက်ကြသည်၊ သို့သော် စားပွဲပေါ်ရှိ စားသောက်ဖွယ်ရာများကို မတို့ထိကြ၊ ရေနွေးကြမ်းကိုမှ မသောက်ပဲနေသည်။

'ဖိတ်တုန်းကဖိတ်ပြီး ဧည့်သည်တွေလာတဲ့အခါကျတော့ အိမ်ရှင်မရှိဘူး၊ သူက ကျုပ်တို့ကို ဧည့်ခံစရာမလိုဘူးလို့ ယူဆတယ်နဲ့တူတယ်'

ရှောင်ပင်း၏ မကျေမနပ်ပြောလိုက်သံအဆုံးတွင် လှင်သာသော ငယ်သံပေါ်လာသည်၊ ရယ်သံနှင့်အတူ အလှအောင်ဝတ်စုံရင် မိန်းကလေးတစ်ယောက် အခန်းထဲသို့ဝင်လာသည်။

မိန်းကလေးမှာ တောင်တင်းစိုပြည်သော ကိုယ်နေဟန်ထားနှင့် ချောမောလှပသူဖြစ်၏၊ သူ၏မျက်ဝန်းညိုညိုမှာ ထူး

ထူးခြားခြား ရှုန်းလဲ နေသည်၊ အခန်းထဲသို့ သူဝင်လာပုံသည် လမ်းလျှောက်လာသည်နှင့်မတူဘဲ လွင့်မြောလာသည်နှင့် တူနေ၏။

'ကျွန်မချူရင် အစ်ကိုကြီးတို့၊ အစ်မကြီးတို့၊ ဦးလေးတို့ကို ဂါရဝပြုပါတယ်၊ အစ်မတွေကိုဝင်တွေ့နေရလို့ ကျွန်မနောက်ကျသွားတာကို ခွင့်လွှတ်ပါရှင်၊ ကျွန်မ အစ်ကိုကြီးတို့ကို ဖိတ်ခေါ်လိုက်တာဟာ ဂါရဝပြုချင်လို့၊ ညှိခံကျွေးမွေးချင်လို့ပါ၊ ကျွန်မ အခုဒီကိုလာတာ နောက်လိုက်တစ်ယောက်မှ မပါပါဘူး၊ အဖော်တစ်ယောက်မှ ခေါ်မလာပါဘူး'

ချူရင်က စားပွဲထိပ်တွင် ရပ်လိုက်သည်၊ သူကစားသောက်ဖွယ်ရာများကို မတို့မထိဘဲ ရပ်မနေသော ရှောင်ပင်းတို့အား ကြည့်ပြီး....

'ကျွန်မမှာထားတဲ့ အစားအသောက်တွေက သန့်ရှင်းပါတယ်၊ ဒီအထဲမှာ ဘာအဆိပ်မှမပါပါဘူး၊ စိတ်ချသက်ချသုံးဆောင်ကြပါ၊ အစ်ကိုကြီးတို့စိတ်ကျေနပ်အောင် ကျွန်မကိုယ်တိုင် အရင်စားပြပါမယ်'

ချူရင်က စားပွဲပေါ်ရှိ စားသောက်ဖွယ်ရာများကို တစ်မျိုး နည်းနည်းစီစားပြသည်၊ အစားအသောက် တစ်မျိုးပြီးတစ်မျိုး စားပြီးနောက် အန္တရာယ်မရှိပါဘူးဆိုသည့်သဘောနှင့် ရှောင်ပင်းတို့အား ပြုံးလျက်ကြည့်သည်။

ရှောင်ပင်းက ခေါင်းညိတ်ပြီး ရေနွေးကြမ်းတစ်ခွက်ငှဲ့လိုက်သည်။

'မသောက်နဲ့'



ချူရင်သည် ရုတ်တရက် ဆူးရှရှနိုင်သောအသံဖြင့် အော်ဟစ်တားဆီးလိုက်၏၊ ရုတ်တရက် ပြောင်းလဲသွားသော ချူရင်၏ အပြောင်းအလဲကြောင့် ရှောင်ပင်းတို့မှာ အံ့အားသင့်သွား၏။

'အဆိပ်....အဆိပ်....အစားအသောက်တွေထဲမှာ အဆိပ်ပါတယ်၊ မစားကြ မသောက်ကြပါနဲ့'

ချူရင်က ခပ်တိုးတိုးပြောပြီး အိတ်ထဲမှ ဆေးဘူးတစ်ဘူးကိုထုတ်ယူကာ ဆေးတစ်လုံးယူသောက်၏၊ ပြီး ထိုင်ခုံပေါ်တွင် ထိုင်ပျဉ်ခွေပြီး ငြိမ်သက်စွာထိုင်လိုက်၏။

ရှောင်ပင်းတို့သည် မျက်လုံးအစုံချေးမှိတ်ပြီး အတွင်းအားလေ့ကျင့်နေသော ချူရင်ကို အံ့အားသင့်စွာနှင့်ကြည့်သည်၊ တခဏအတွင်း သူမ၏နဖူးပြင်ပေါ်၌ ချွေးသီးလေးများ သီးစို့လာသည်ကို တွေ့ရ၏။

ချူရင်သည် တကယ်ပင်အဆိပ်မိနေပြီဖြစ်ကြောင်း ရှောင်ပင်းတို့ သိလိုက်၏၊ ယုန်ကလေးက သူ့အိတ်ထဲမှ ငွေအပ်တစ်ချောင်းထုတ်ပြီး စားသောက်ဖွယ်ရာတစ်ခုစီတွင်ထိုးစိုက်ကြည့်သည်၊ ဟင်းချိုပန်းကန်တွင် ထိုးစိုက်ကြည့်သည့်အခါ ငွေအပ်မည်းသွားသည်ကို တွေ့ရ၏။

ချူရင်ထံမှ သက်ပြင်းချသံပေါ်လာ၏၊ ပြီးနောက် သူက မျက်လုံးအစုံကိုဖွင့်လိုက်၏၊ သူက ငွေအပ်ဖြင့် စားသောက်ဖွယ်ရာများကို စစ်ဆေးနေသော ယုန်ကလေးအား ထစ်ချက်ကြည့်၏၊ ပြီး....

'အဆိပ်က ဟင်းချိုထဲမှာပဲရှိတယ်၊ ဟုတ်တယ်မဟုတ်လား

အစ်မကြီး’

‘ဟုတ်ပါတယ်.... ဒီအထဲမှာပဲ အဆိပ်ရှိတယ်...၊ ကျွန်တို့ အစားအသောက်တွေမှာ အဆိပ်မပါဘူး’

‘ကျွန်တို့အစားအသောက်တွေကို စားသောက်ကြပါရှင်၊ အခုလို စိတ်အနှောင့်အယှက်ဖြစ်စရာ ပေါ်လာတဲ့အတွက် ကျွန်မ တောင်းပန်ပါတယ်၊ အခုဧည့်ခံတာ ဘာအနှောင့် အဖွဲ့မှ မပါတဲ့အတွက် လွတ်လွတ်လပ်လပ်စားသောက်ကြပါ ရှင်’

* * *



သိုင်းပညာကို လေးစားတာနဲ့ ကျွန်မဂိုဏ်းတာဝန်ကိုပျက်စီး မခံနိုင်ပါဘူး’

ချူရင်၏စကားကိုနားထောင်ရင်းနှင့် ရှောင်ပင်းမှာ ချူရင် အား သဘောပေါက်နားလည်လာသလိုရှိ၏၊ ချူရင်သည် မိတ်ဆွေထက် စိတ်ချရသော ရန်သူဟု သူသဘောပေါက်မိ ၏။

‘ကောင်းပါပြီ....သီမပြောတာကို အစ်ကိုသဘောပေါက် ပါတယ်....အခု ဘာပြောစရာရှိသေးသလဲ၊ အားမနာတမ်း ပြောပါ’

ချူရင်က ခေါင်းကိုညင်သာစွာညိတ်၏။

‘အစ်ကိုကြီးတို့အနေနဲ့ တာဝန်ရှိတဲ့အလုပ်ကို လုပ်ကြမယ် လို့ ကျွန်မယုံကြည်ပါတယ်....အစ်ကိုကြီးတို့ ဘာရည်ရွယ်ချက် နဲ့ လာကြတယ်၊ ဘယ်ကိုသွားကြမယ်ဆိုတာလဲ ကျွန်မတို့သိ ပါတယ်....ဂိုဏ်းချုပ်က အစ်ကိုကြီးတို့ကို စကားလက်ဆောင် ပါးလိုက်တာက ကြံစည်ထားတာတွေကို စွန့်လွှတ်ဖို့ပါ.... အစ်ကိုကြီးတို့ ဒီကနေခရီးဆက်တာနဲ့ ကျွန်မတို့တားရမယ်၊ ကျွန်မတို့တားဆီးတာကို ကျော်လွှားနိုင်ခဲ့ရင်လဲ လမ်းတစ် လျှောက်မှာ နောက်ထပ်အတားအဆီးအမျိုးမျိုးကို တွေ့ရမှာ သေချာတယ်’

ချူရင်၏ စကားအကြားတွင် ထင်းလုံက ပြုံးလိုက်လေ သည်၊

‘သီမအခုလိုပြောတာကို ကျေးဇူးတင်ပါတယ်....အစ်ကို ကြီးတို့ကလဲ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပဲပြောပါမယ်၊

အစ်ကိုကြီးတို့ဟာ ဘယ်လိုအတားအဆီးနဲ့ပဲတွေ့တွေ့ ဘယ်လို အန္တရာယ်မျိုးနဲ့ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ နောက်ဆုတ်ဖို့မစဉ်းစားဘူး၊ လုပ်စရာရှိတာကို နောက်မဟန့်ဘဲ လုပ်ကြမယ်....တာဝန်ယူစရာရှိတာကို ပြတ်ပြတ်သားသားပဲ တာဝန်ယူကြမယ်

မလေးရဲ့အစ်မကြီးကို ပြန်ပြောပြလိုက်ပါ၊ အစ်ကိုကြီးတို့ဟာ ဘယ်လိုခြိမ်းခြောက်မှုမျိုးကိုမှ မမှုဘူး အတားအဆီးမှန်သမျှ ကျော်လွှားမယ်'

ချူရင်က သက်ပြင်းချလိုက်သည်။

'အဲ့ဒါဆိုရင် အစ်ကိုကြီးတို့ သိပ်မှားသွားလိမ့်မယ်ထင်တယ်'

'ဘာဖြစ်လို့မှားမှာလဲ ညီမလေး'

'အစ်ကိုကြီးတို့ လေးယောက်နဲ့ အတားအဆီးတွေကို ကျော်လွှားဖို့ဆိုတာ မလွယ်ဘူး....အင်အားခြင်းက မိုးနဲ့မြေလို ကွာတယ်'

'ညီမတို့ဒေဝီဂိုဏ်းက အင်အားကောင်းတယ်လို့ပြောတာလား'

ချူရင်ကပြုံးပြီး ခေါင်းခါပြသည်။

'ကျွန်မတို့အင်အားက မပြောပလောက်ပါဘူး....ကျွန်မတို့ကို အစ်ကိုကြီးတို့က အသာလေး ကျော်လွှားသွားနိုင်ပါ... ဒါပေမယ့် ရှေ့ကနေစောင့်နေမယ် စွန်မင်းဂိုဏ်း၊ ကျားဂိုဏ်းနဲ့ ရေနဂါးဂိုဏ်းကို ကျော်လွှားဖို့မလွယ်ပါဘူး'

ချူရင်၏စကားကိုနားထောင်ရင်း ထင်းသိုက မျက်မှောင်ကြုတ်လိုက်သည်။



'ဒီဂိုဏ်းတွေက အစ်ကိုကြီးတို့နဲ့ ရန်ငြိုးမရှိပါဘူး၊ သူတို့က ဘာဖြစ်လို့ အခုလိုရန်ပြုချင်ရတာလဲ'

ချူရင်ထံမှ အဖြေစကားမကြားရ၊ ရှောင်ပင်းကတစ်ချက်ရယ်လိုက်ပြီး....

'အစ်ကိုကြီးက ဒါကိုမတွေးမိဘူးလား....ဒီဂိုဏ်းတွေအားလုံးဟာ အမိန့်တစ်ခုတည်းနဲ့ လှုပ်ရှားနေကြတာ....သူတို့ဟာ သွေးဂိုဏ်းချုပ်ရဲ့အမိန့်တစ်ခုတည်းကိုဘဲ ဦးထိပ်ပန်ဆင်ထားကြတယ်'

ထင်းလုံ၏မျက်နှာတွင် အံ့အားသင့်ဟန်တွေ ပေါ်လာသည်၊ ပြီးနောက် သူက ခေါင်းကို ညင်သာစွာခါယမ်းလိုက်၏၊ သူ၏အတွေးတွင် ကြီးမားသောအန္တရာယ်ကို တွေးမြင်မိဟန် အကြည့်တွေညှိုးမှိန်ဖျော့တော့ကုန်သည်။

* * *

'လက်စသတ်တော့ ညီမတို့ဒေဝီကိုဏ်းက သွေးကိုဏ်းရဲ့လက်အောက်ခံ ဖြစ်သွားပြီကိုး၊ သိုင်းလောကထဲမှာ ဒေဝီကိုဏ်းဆိုတာ အထင်ကရရှိနေတဲ့ကိုဏ်းတစ်ကိုဏ်းပါ၊ ကိုယ့်စည်းကမ်းနဲ့ကိုယ်နေ၊ ကိုယ့်ပညာနဲ့ ကိုယ်ရပ်တည်တဲ့ ကိုဏ်းတစ်ကိုဏ်းက တခြားကိုဏ်းတစ်ကိုဏ်းရဲ့ လက်အောက်ခံဘဝကို ရောက်ရတာ သိပ်ရှက်စရာကောင်းတဲ့ကိစ္စပဲ'

ညည်းညူဟန်ဖြင့်ပြောလိုက်သော ထင်းလုံး၏စကားအဆုံးတွင် ချူးရင်မျက်နှာပျက်သွားသည်၊ သူက မျက်လွှာကိုချပြီး ပင့်သက်တစ်ချက် မသိမသာရှိုက်လိုက်၏။

'လူတိုင်းဟာ ကိုယ့်အကြောင်းနဲ့ကိုယ် လှုပ်ရှားနေကြတာပါအစ်ကိုကြီး၊ ကျွန်မတို့မှာလဲ အကြောင်းရှိမယ်ဆိုတာ စဉ်းစားမိကောင်းပါတယ်၊ ကျွန်မ အခုပြောနေတာတွေဟာ အစ်ကိုကြီးတို့ကို မနစ်နာစေချင်လို့ပါ၊ ပင်လက်လှိုင်းတံပိုးကို ပိန်းကြာရွက်နဲ့တားလို့မရပါဘူး၊ ဒါကိုတော့အစ်ကိုကြီးတို့ သဘောပေါက်သင့်ပါတယ်'

ထင်းလုံး၏မျက်လုံးအစုံမှာ မာန်အရောင်များဖြင့်အရောင်လက်လာ၏၊ သူကတစ်ချက်ရယ်လိုက်ပြီး....

'သွေးကိုဏ်းက လှိုင်းတံပိုးမဟုတ်သလို ကျုပ်တို့ကလဲပိန်းကြာရွက်မဟုတ်ပါဘူး၊ ညီမလေးတို့က ကိုယ့်အကြောင်းနဲ့ကိုယ်လုပ်သင့်တာကိုလုပ်ကြမယ်၊ အခုအချိန်ကစပြီး အစ်ကိုကြီးတို့ရဲ့ မိတ်ဆွေဘဝကုန်ဆုံးသွားပါပြီ ညီမလေး ပြန်ပါ၊ ပြီး တော့တာဝန်ရှိတဲ့အလျှောက် ကျုပ်တို့ကိုအစွမ်းကုန်တားဆီးပါ၊ ကျုပ်တို့အနေနဲ့ညီမလေးအပေါ် ဘယ်လိုမှသဘော



မထားပါဘူး'

ထင်းလုံး၏စကားက ချူရင်အား စိတ်ထိခိုက်သွားစေပါသည်၊ သူသည် သက်ပြင်းတစ်ချက်ချပြီးနေရာမှထလိုက်သည်၊ ပြီးမျက်လုံးညိုကြီးများတစ်ချက်ဝင့်ကာ ရှောင်ပင်းကို ကြည့်သည်၊ ချူရင်၏ထိုအကြည့်သည် ရှောင်ပင်းရင်မှာလှိုက်ဖိုတုန်ယင်သော ခံစားမှုကိုပေါ်လာစေ၏၊ သူကမျက်နှာလွှဲလိုက်ချင်သော်လည်း မလွှဲဖြစ်ဘဲ ချူရင်ကို စူးစိုက်စွာကြည့်နေသည်။

'အစ်ကိုကြီးတို့ ကျွန်မကိုနားလည်တာ၊ ကျွန်မအပေါ် ယုံကြည်တာကို ဘယ်တော့မှမမေ့ပါဘူး၊ ရန်သူအဖြစ်နဲ့တွေ့ကြပေမယ့် ကျွန်မက အစ်ကိုကြီးတို့ကို မမုန်းတီးဘူးဆိုတာယုံကြည်ပါရှင်'

ထင်းလုံက တုန့်ပြန်စကားမပြောဘဲ ချူရင်အားတည်ငြိမ်စွာ ကြည့်နေသည်၊ ရှောင်ပင်းအားကြည့်နေသော ချူရင်၏ မျက်နှာမှာ အပြုံးရိပ်တွေဖျပ်ခနဲပေါ်လာသည်၊ ပြီး သူက နေရာမှ ချာခနဲလှည့်ထွက်သွားလေ၏။

* * *

## အခန်း (၁၄)

## နိုင်သူရှုံးသူ

ချူရင်ထွက်ခွာသွားသည်နှင့် ထင်းလုံတို့တတွေ ချက်ချင်းပင်ခရီးဆက်သည်၊ သူတို့က မြင်းလှည်းတစ်စီးကိုရှာဖွေ ငှားရမ်းလိုက်၏၊ မြင်းလှည်းသမားမှာ ချိနဲ့သောအဘိုးအို တစ်ယောက်ဖြစ်ပြီး သူ့ကိုယ်မှ ချဉ်စူးသော အရက်နံ့ ထောင်းထောင်းထနေသည်။

မြင်းလှည်းကို ရှာဖွေငှားရမ်းလာသူမှာ ရှောင်ပင်းဖြစ်သည်၊ သူကိုယ်တိုင်ကမြင်းလှည်းသမား၏ အနံ့ကိုမခံနိုင်ဟန်ဖြင့် လှည်းအမိုးပေါ်မှမလိုက်ဘဲ ထင်းလုံတို့နှင့်အတူ မြင်းလှည်းထဲမှလိုက်သည်။



'ရှင်က ဘယ့်လိုမြင်းလှည်းမျိုးကို ငှားလာတာလဲ၊ သူ့ကိုယ်ကထွက်နေတဲ့အရက်နံ့ မြင်းလှည်းထဲထိအောင် ရောက်နေတယ်'

ထင်းလုံနှင့် ဆီယူဟန်က တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုသော်လည်း ယုန်ကလေးသည် နှာခေါင်းတရှုံ့ရှုံ့နှင့် ရှောင်ပင်းအား အပြစ်တင်စကား ပြောသည်၊ ရှောင်ပင်းက ရယ်လိုက်ပြီး....

'အငှားလိုက်မယ့်မြင်းလှည်းက ဒီတစ်စီးထဲရှိတယ်၊ အဲဒါကြောင့် ကျွန်တော်ကိုယ်တိုင် အနံ့မခံနိုင်တဲ့ကြားကငှားလာတာ သူ့ကိုယ်နံ့တာမနံတာထက် ခရီးရောက်ဖို့ကအရေးကြီးပါတယ်၊ မမလေးက အနံ့မခံနိုင်ဘူးဆိုရင်လဲ မြင်းလှည်းထဲမှာ အမွှေးနံ့သာတွေ ပက်ဖျန်းထားပေးပါ့မယ်'

ရှောင်ပင်က ဘောင်းပန်ဟန်ဖြင့်ပြောသည်၊ ယုန်ကလေး အသာအယာပြုံးပြီး....

'အခုမှတော့ နှာခေါင်းယဉ်အောင် ကြိုးစားရမှာပေါ့၊ ရှင်ပြောတာလဲ ဟုတ်ပါတယ်၊ အနံ့ကအရေးမကြီးပါဘူး၊ ခရီးတွင်ဖို့က အရေးကြီးတာပါ'

မြို့မှထွက်ခဲ့ပြီး တစ်မိုင်ခန့်တွင် လမ်းဆိုးလာသည်၊ လမ်းမှာမြေလမ်းဖြစ်ပြီး ကျင်းတွေချိုင့်တွေထူပြောလှ၏။

မြင်းလှည်းသမားကြီးသည် အရက်အိတ်ထဲမှ အရက်ကို

မော့မော့သောက်ရင်းမှ မြင်းလှည်းကိုကျွမ်းကျင်စွာ မောင်းနှင်နေသည်၊ ကျင်းတွေချိုင့်တွေကို ကျော်လွှားဖြတ်သန်းနေရသည့်တိုင် မြင်းလှည်းတစ်ချက်မှ မဆောင့်၊ မြင်းလှည်းအတွင်းမှာ လိုက်ပါလာသောထင်းလုံးတို့မှာသက်တောင့်သက်သာရှိနေ၏။

ဆီယူဟန်သည် မြင်းလှည်းပြတင်းမှတစ်ဆင့်အပြင် ကိုကြည့်သည်။

သူသည် လမ်းဘေးတစ်ဘက်ကို အာရုံပြုနေရာမှ လမ်းကိုသတိပြုမိသွား၏၊ လမ်းဆိုးတွင် မြ းလှည်းကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနှင်နေသော မြင်းလှည်းသမားအား စိတ်ထဲမှ ကြိတ်ပြီး ချီးကျူးမိသည်။

'လမ်းက တော်တော်ဆိုးတာပဲ၊ တစ်လမ်းလုံး ကျင်းတွေ ချိုင့်တွေနဲ့ပြည့်နေတယ်'

အပြင်ကို ကြည့်ရင်းမှ ပြောလိုက်သည်၊ ဆီယူဟန်၏စကားကြောင့် တင်းလုံတို့မျက်မှောင်ကြုတ်သွားကြသည်။

'လမ်းဆိုးတယ် ဟုတ်လား'

'ဟုတ်တယ်ညီလေး၊ လမ်းကတော်တော်ဆိုးတယ်၊ မြင်းမောင်းတဲ့လူက သိပ်ကျွမ်းကျင်လို့ လမ်းဆိုးမှန်းမသိတာ'



ယုန်ကလေးက မယုံကြည်ဟန်ဖြင့် အပြင်ဘက်သို့ ခေါင်းပြူပြီး ကြည့်သည်၊ ထိုအခါ ဆီယူဟန်ပြောသည့်အတိုင်း လမ်းဆိုးလှကြောင်း သိလိုက်ရ၏။

'ဟုတ်တယ်အစ်ကို လမ်းကတော်တော်ဆိုးတယ်၊ ဒီလိုဆိုတော့လဲ အနေက်သမားကြီးက အသုံးဝင်သားပဲ၊ တစ်ခြား မြင်းလှည်းသမားဆိုရင် အခုလို မြင်းလှည်းကိုညင်ညင်သာသာ မောင်းနိုင်မှာ မဟုတ်ဘူး'

ယုန်ကလေးနှုတ်ထွက်စကားကို ကြားသည်နှင့် ရှောင်ပင်က ချောင်းတစ်ချက်ဟန့်သည်၊ သူက ရယ်မောပြုံးရွှင်ရိပ်မရှိသော မျက်နှာထားနှင့်....

'ဒါကြောင့် ကျွန်တော်လူရွေး းၾ းလာ ာပေါ့၊ အရက်စော်နံတာလောက်ကအရေးကြောင်း မဟုတ်ပါဘူး၊ မြင်းလှည်းသမားဆိုတာ ကျွမ်းကျင်ဖို့ လိုတာပါ၊ ဒီလိုလူမျိုးကို ရှာတတ်တာလဲ အရည်အချင်းတစ်ခုပဲ'

ရှောင်ပင်၏စကားကြောင့် တင်းလုံတို့ရယ်လိုက်ကြသည်၊ ဆီယူဟန်က...

'ဒါဆိုရင် မင်းအပေါ်ကိုတက်ပေတော့ အနံ့ကအရေးမကြီးပါဘူး မခံနိုင်ရင် အသက်ရှူမအောင့်ထားမပေါ့'

ရှောင်ပင် တွေခနဲဖြစ်သွားသည်၊ ပြီး ခေါင်းတစ်ချက်ညိတ်ကာ မြင်းလှည်းပြတင်းပေါက်မှတစ်ဆင့် အမိုးပေါ်သို့တက်သွားသည့် ရှောင်ပိန်အားကြည့်၍....

'ငါက မင်းကို စတာပါရှောင်ပင်း'
'ကိစ္စမရှိဘူး ဦး၊ ဒီမှာအဆင်ပြေပါတယ်'

ရှောင်ပင့်သည် အောက်သို့တစ်ချက်ငုံ့ကြည့်ပြီး ပြောသည်။ ဆီယူဟန် စကားမဆက်တော့၊ သူပြုနေကျအတိုင်း မြင်းလှည်း ပြတင်းပေါက်မှနေ၍ အပြင်ဘက်သို့ကြည့်သည်။

နေ့ခက်ခန့်ခရီးပေါက်ခဲ့သည့်တိုင့် လမ်းခရီးကွင်အန္တရာယ်၏ အရိပ်အယောင်ကိုမျှ မတွေ့ရ၊ သို့သော် ဆီယူဟန်တို့မှာ သတိလက်လွတ်မနေတဲ ပတ်ဝန်းကျင်အခြေအနေကို စေ့စေ့ စပ်စပ် ကြည့်မြဲကြည့်သည်။

'အခုလို ငြိမ်နေတာထောက်ရင် ၊ ရှေ့မှာတွေ့ရမယ့်အတား အဆီးက ၊ တော်တော်ကြီးမားတဲ့ အတား အဆီးမျိုးဖြစ်လိမ့် မယ်'

'ဟုတ်တယ် ကျွန်တော်လဲ ဒီလိုပဲထင်တယ်'

'ချူးရင်က တားဆီမယ်ဆိုတာ တိတိလင်းလင်း ပြော သွားတာပဲ၊ တားမှာတော့ သေချာတယ်၊ ဒေဝီစိုက်းချုပ်က အဆိုင်ကျွမ်းကျင်တယ်ဆိုတော့ အစ်ကိုတို့အားလုံး အဆိပ် ဖြေဆေးသောက်ထားဖို့ လိုလိမ့်မယ်'

ယုန်ဏလေးက စကားပြောရင်း အိတ်ထဲမှ ဆေးဘူးကို ထုတ်သည်၊ ဘူးထဲမှဆေးလုံးအညိုများကိုယူပြီး သူက ထင်းလုံ့



ဆီယူဟန်တို့အား တိုက်၏၊ ပြီး မြင်းလှည်းအမိုးပေါ်တွင်ရှိ နေသော ရှောင်ပင်နှင့် မြင်းလှည်းသမားကိုပါ တိုက်သည်။

မြင်းလှည်းသမားသည် အဆိပ်ဖြေဆေးသောက်လိုပုံမရ၊ သို့သော် ရှောင်မင်းက အတင်းတိုက်သဖြင့် သောက်လိုက်ပြီး မြင်းလှည်းကို ဂရုတစ်စိုက်မောင်းနှင်နေသည်။

✱ ✱ ✱

မနေးမမြန်ပြေးနေသောမြင်းလှည်း တုန့်ခနဲရပ်သွားသည်၊ ဆီယူဟန်တို့ မြင်းလှည်းပြတင်းပေါက်မှနေ၍ အပြင်ကိုခေါင်းပြူကြည့်ကြ၏၊ ထိုအခါ မြင်းလှည်းရှေ့တွင် မီးခိုးရောင်ဝတ်စုံဝတ်ဆင်ထားသူတစ်ယောက် ရပ်နေသည်ကိုတွေ့လိုက်ရ၏။

'ရပ်လိုက်'

မီးခိုးရောင်ဝတ်စုံနှင့်လူက အသံကျယ်လောင်စွာပေါ်လာသည်၊ မြင်းလှည်းသမားကြီးသည် မြင်းမှည်းရပ်လျှင်ရပ်ခြင်း အမိုးပေါ်မှ တုန်တုန်ယင်ယင်နှင့် ဆင်းမည်ပြုသည်။

'အဘိုးကြီး ဘာလုပ်မလို့လဲ သူတို့မြင်းလှည်းပေါ်ကဆင်းတာနဲ့ မြင်းလှည်းကို လွတ်ရာမောင်းယူသွား၊ ကျုပ်တို့မျက်စိနောက်အောင်တော့ မလုပ်နဲ့'

မီးခိုးရောင်ဝတ်စုံနှင့်လူ၏ သံကျယ်လောင်စွာထွက်ပေါ်သည်၊ မြင်းလှည်းသမားသည် တုန်တုန်ယင်ယင်နှင့်....

'ဟုတ်ကဲ့....ဟုတ်ကဲ့၊ ကျုပ်ဘာမှမလုပ်ပါဘူး၊ ကျုပ်က မြင်းလှည်းသမားပါ၊ အခကြေးငွေရလို့လိုက်လာတာ'

'စကားမများနဲ့၊ ကျုပ်တို့အားလုံးသိတယ်၊ ခင်ဗျားဘာသာခင်ဗျား လွတ်ကင်းရာမှာနေ၊ လှည်းပေါ်ကသူရဲကောင်းကြီးတွေ အောက်ကိုဆင်းပြီး ကျုပ်တို့နဲ့ရင်ဆိုင်ပါ'

မီးခိုးရောင်ဝတ်စုံနှင့်လူ၏ စကားအဆုံးတွင် ရှောင်ပင်းမြင်းလှည်းအမိုးပေါ်မှ ခုန်ဆင်းလိုက်သည်၊ သူနှင့် မရှေးမနှောင်း လှည်းအိမ်ထဲမှ ထင်းလိုလည်း အောက်သို့ဆင်းလာသည်၊ ဆီယူဟန်သည် မီးခိုးရောင်ဝတ်စုံနှင့်လူကို လှောင်ပြောင်ဟန်နှင့်ကြည့်ပြီး....



'ခင်ဗျားကဘယ်သူလဲ၊ ဒေဝီဂိုဏ်းက အထိန်းတော်ကြီးလား'

'တိတ်စမ်း....ဒေဝီဂိုဏ်းဆိုတာ မိန်းကလေးတွေချည်းပဲရှိတယ်၊ ကျုပ်က သူတို့ကိုအမိန့်ပေးဖို့ရောက်လာတဲ့ လက်ခဲရဲ'

'လက်ခဲရဲ ဟုတ်လား၊ ဘယ်သူ့လက်ခဲရဲလဲ'

ထိုလူက ဝင့်ကြွားဟန်နှင့် တစ်ချက်ရယ်လိုက်သည်၊

'မတ်ထား၊ ကျုပ်က သွေးဂိုဏ်းချုပ်ရဲ့ လက်ခဲရဲ ဟုတ်စိမ်းပဲ'

'ဟုတ်စိမ်း....ရေမြွေဟုတ်စိမ်း မဟုတ်လား'

'ခင်ဗျားက ကျုပ်ရဲ့ဂုဏ်ပုဒ်ကိုသိသားပဲ'

'ဂုဏ်ပုဒ်တင်မကဘူး၊ ခင်ဗျားအကြောင်းကိုပါ တော်တော်ကောင်းသိတယ်၊ သွေးဂိုဏ်းချုပ်က ခင်ဗျားလိုမုဒိမ်းကောင်ကို ဘယ်လိုလုပ်ပြီး နေရာကောင်းပေးထားတာလဲ'

ဆီယူဟန်၏စကားက ဟုတ်စိမ်းအား မျက်နှာပျက်သွားစေသည်၊ ဟုတ်စိမ်းက တောက်တစ်ချက်ခေါက်လိုက်ပြီး....

'ဟေ့....ထွက်ခဲ့ကြစမ်း'

သစ်ပင်တွေကြားမှ အစိမ်းရောင်ဝတ်ဆင်ထားသောမိန်းကလေးများ ထွက်လာသည်၊ ရှောင်ပင်းသည် ရှေ့သို့ထွက်ပြီး ဟုတ်စိမ်းနှင့်မျက်နှာချင်းဆိုင်မှာရပ်ကာ....

'မင်းကို မုဒိမ်းကောင်လို့ခေါ်တာ မကြိုက်ဘူးလား၊ အဲဒါလဲ မင်းရဲ့ဂုဏ်ပုဒ်တစ်ခုပဲမဟုတ်လား'

ဟုတ်စိမ်း၏မီးလျှံအကြည့်က ရှောင်ပင်းထံသို့ရောက်လာသည်၊

'မင်း သေပေတော့'

ခက်ထန်စွာပြောပြီး ဟုတ်စိမ်း လှုပ်ရှားရန်ပြင်သည်၊ သူ မလှုပ်ရှားခင် ရှောင်ပင်းက ဓားကိုလျှပ်တစ်ပြက်ဆွဲထုတ်ပြီး ခုတ်ချလိုက်သည်။

ဟုတ်စိမ်းက ရှောင်ပင်း၏တိုက်ခိုက်မှုသည်မျှလျင်မြန်လိမ့်မည်ဟု ထင်ထားပုံမရ၊ ဓားချက်ကျအလာတွင် ကပျာကယာ ရှောင်တိမ်းသော်လည်း မလွတ်တော့၊ သူဝတ်ထားသည့် မီးခိုးရောင်ဝတ်စုံမှာ အထက်မှအောက်သို့ ဆွဲချတ်သကဲ့သို့ ကွဲပြတ်သွားသည်၊ သူက အင်္ကျီကိုချွတ်ပစ်ပြီး ရှောင်ပင်းအား အင်္ကျီဖြင့်ပစ်ပေါက်သည်၊ တစ်ဆက်တည်းတွင် သူ့ခါးတွင် ပတ်ထားသော ဓားပျော့ကို ဆွဲဖြုတ်ကာ ဝှေ့ယမ်းတိုက်ခိုက်သည်။

လက်နက်ချင်းထိသံ ကျယ်လောင်စွာ ပေါ်လာသည်၊ ရှောင်ပင်းသည် တစ်နေရာတွင် ငြိမ်မနေဘဲ မျောက်တစ်ကောင်ပမာ ဟိုခုန်သည်ခုန်နှင့် ခုန်ပျံကျော်လွှားပြီး ဟုတ်စိမ်းအား တိုက်ခိုက်သည်၊ ဟုတ်စိမ်းသည် ဓားပျော့နှင့် အသေအလဲခုခံကာကွယ်နေရသည်။

ရှောင်ပင်းနှင့် ဟုတ်စိမ်းတို့တိုက်ခိုက်နေစဉ် အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးများသည် စုပေါင်းတိုက်ကွက်ဖြင့် ထင်းလုံတို့အား တိုက်ခိုက်သည်၊ သိုင်းပညာချင်းကွာသော်လည်း စုပေါင်းတိုက်ကွက်မှာ ဟာကွက်မရှိ၊ ပြင်းထန်လှသဖြင့် ထင်းလုံတို့မှာ အသေအလဲ ခုခံကာကွယ်နေရသည်။



ထင်းလုံသည် မိန်းကလေးများ၏ စုပေါင်းတိုက်ကွက်ကို ကာကွယ်ရင်း ထိုတိုက်ကွက်၏ဟာကွက်ကိုရှာသည်၊ သိုင်းကွက်ပေါင်းသုံးဆယ်ခန့် တိုက်ခိုက်မိသည့်တိုင် ဟာကွက်ကိုရှာမရသေးဘဲရှိသည်။

'ဥမင်ကျော်သိုင်းပညာရှင်တစ်ယောက်ဖြစ်ပြီး ဒါလောက်တောင်ညံ့ရသလား၊ ဟာကွက်က တတိယမိန်းကလေးမှာ ရှိတယ်'

မည်သည့်နေရာမှလွင့်လာမှန်းမသိသော လျှို့ဝှက်အသံကိုကြားရသည်၊ ထင်းလုံက စုပေါင်းတိုက်ခိုက်မှုကိုခုခံရင်း တတိယမိန်းကလေးအား ဂရုတစိုက်ကြည့်သည်၊ ထိုအခါ သိုင်းကွက်တစ်ကွက်ကိုစုပေါင်းကစားပြီး တတိယသိုင်းကွက်ကို အပြောင်းတွင် တတိယမိန်းကလေးထံမှ ဟာကွက်ပေါ်သွားသည်ကို သတိပြုမိသည်၊ သူက နောက်တစ်ကြိမ် ဟာကွက်ပေါ်လာမှာကိုစောင့်သည်၊ ဟာကွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ဘယ်ဘက်လက်ညှိုးဖြင့် တတိယမိန်းကလေးအား ထိုးချလိုက်သည်၊ နှုတ်မှ အားခနဲအော်သံနှင့်အတူ တတိယမိန်းကလေး ခွေခနဲလဲကျသွားသည်၊ အစိမ်းရောင်ဝတ် မိန်းကလေးတို့၏ စုပေါင်းတိုက်ကွက်မှာလည်း အလိုလိုပျက်သွားသည်။

ထင်းလုံသည် နေရာမှ ရိပ်ခနဲခုန်ထွက်ပြီး မိန်းကလေးများကို တစ်ယောက်ပြီးတစ်ယောက် သွေးကြောပိတ်သည်၊ မိန်းကလေးအချို့မှာ သူက သွေးကြောမပိတ်ရသေးခင် လဲကျသွားတာတွေ့ရ၏၊ ထင်းလုံက အံ့ဩစိတ်နှင့် ထိုမိန်းကလေး

တို့အား ကြည့်သည်၊ ထိုအခါ အလိုအလျောက်လဲကျသွားသော မိန်းကလေးတွေမှာ သွေးကြောပိတ်ခံထားရကြောင်း သိလိုက်ရ၏။

ထင်းလုံက ရှောင်ပင်းနှင့် ဟုတ်စိမ်းတို့၏တိုက်ပွဲကိုကြည့်သည်။

တစ်ယောက်နှင့်တစ်ယောက် အပြင်းအထန် တိုက်ခိုက်နေရင်း ဟုတ်စိမ်း ခွေခနဲလဲကျသွားသည်၊ သူလဲကျသွားချိန်မှာပင် ရှောင်ပင်း၏ဓားက စိုက်ကျသွားပြီး ဟုတ်စိမ်း၏ပခုံးကို ထိုးဖောက်၏။

ဟုတ်စိမ်း၏နှုတ်မှ နာကျင်စွာ အော်ဟစ်သံ ပေါ်လာသည်။

ရှောင်ပင်းသည် ဟုတ်စိမ်းအား ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ နောက်ဆုတ်လိုက်လေသည်၊ ထိုအချိန်မှာပင် အဖြူရောင်အရိပ်တစ်ရိပ် သူတို့နှင့်မနီးမဝေးတွင် ပေါ်လာသည်။

ရှောင်ပင်းက အဖြူရောင်အရိပ်ကို ချူရင်ဟု ထင်လိုက်သည်။

အသေအချာကြည့်သည့်အခါ ချူရင်မဟုတ်ဘဲ သူနှင့် ရုပ်ခြင်းဆင်ဆင်တူသော မိန်းကလေးတစ်ယောက်ဖြစ်နေသည်ကို တွေ့ရ၏။

'ပထမအတားအဆီးကို ရှင်တို့ကျော်လွှားနိုင်ပါပြီ၊ ဒေဝီဂိုဏ်းက မိန်းကလေးတွေအပေါ် ညှာတာတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒုတိယအတားအဆီးကျရင် ကျွန်မတို့ ဒီထက်



အင်အားနှစ်ဆသုံးမယ်၊ ဒီထက်နှစ်ဆ ပြင်းပြင်းထန်ထန်တိုက်ခိုက်မယ်'

ထင်းလုံက အဖြူရောင်ဝတ်အမျိုးသမီးအား လှမ်းကြည့်ပြီး ခေါင်းညိတ်ပြ၏။

'ကောင်းပါပြီ... မင်းက ချူရင်ရဲ့ အစ်မတစ်ယောက်ဖြစ်မယ်ထင်တယ်၊ ကျုပ်တို့ ထပ်ပြီးတွေ့ကြတာပေါ့'

'ကျွန်မချူးမူ....အစ်ကိုကြီးဘိုကို နှုတ်ဆက်ပါတယ်ရှင်'

သူမက စကားပြောရင်း နောက်ဆုတ်သွားသည်၊ ထင်းလုံသည် ယုန်ကလေးနှင့်အတူ မြင်းလှည်းရပ်ထားရာသို့လျှောက်ခဲ့သည်၊ သူတို့မြင်းလှည်းပေါ်သို့အရောက်တွင် ရှောင်ပင်းနှင့် ဆံယူဟန်တို့ပါ ရောက်လာပြီး မြင်းလှည်းပေါ်သို့တက်၏၊ လူစုံမြင်းလှည်းပေါ်သို့အရောက်တွင် ကြောက်ရွံ့ပြီးတုန်နေသော မြင်းလှည်းသမားကြီးက မြင်းလှည်းကိုမောင်းထွက်သည်။

မြင်းလှည်းသည် ကျင်းချိုင့်ထူသော လမ်းအတိုင်း လျင်မြန်စွာ ပြေးထွက်ခဲ့လေသည်။

* * *

## အခန်း (၁၇)

## လျှို့ဝှက်မိတ်ဆွေ

'ကျွန်တော်တို့ကို လျှို့ဝှက်မိတ်ဆွေတစ်ယောက်က ကူညီနေတာကို အစ်ကိုကြီးသိသလား'

မြည်းလှည်းမောင်းထွက်ခဲ့ပြီးအတော်ကြာကြာတွင် လှည်းအမိုးပေါ်မှ မောက်သို့ဆင်းလာသော ရှောင်ပင်းက ထင်းလုံးအားမေးသည်။

ထင်းလုံးဟ ခေါင်းညိတ်ပြပြီး....

'ဟုတ်တယ် ညီလေး၊ အဲဒီမိတ်ဆွေက မိန်းကလေးတွေရဲ့ တိုက်ကွက်က ဟာကွက်ကို လျှို့ဝှက်အသံနဲ့ပြောပြတယ်၊ ပြီး



တော့ မိန်းကလေးတွေကို သွေးကြောပိတ်ယုံ တိုက်ခိုက်တဲ့အခါ သူက တစ်ချို့ မိန်းကလေးတွေကို သွေးကြောပိတ်လိုက်တယ်'

'ဟုတ်စိမ်းကိုလဲ အဲဒီမိတ်ဆွေက သွေးကြောလှမ်းပိတ်လိုက်လို့ ကျွန်တော့် ဓားချက်ခံသွားတာ၊ ဓားချက်လွန်သွားပြီးမှ ဟုတ်စိမ်းသွေးကြောပိတ်နေတာကိုသိပြီး ကျွန်တော် နောက်ထပ် ဆက်မတိုက်တော့ပဲနေလိုက်တာ'

'မင်းရဲ့ယောကျ်ားပီသတဲ့စိတ်ဓာတ်ကို အစ်ကိုကြီးချီးကျူးပါတယ်၊ ကိုယ့်ကိုခံတောင်မကြည့်နိုင်တော့တဲ့လူကို အနိုင်ယူတာ ယောကျ်ားကောင်းတွေရဲ့ အလုပ်မဟုတ်ပါဘူး၊ အခုတိုက်ပွဲမှာ အစ်ကိုကြီးထင်ထားတာ တစ်ခုရှိတယ်'

'ဘာလဲအစ်ကိုကြီး....ဘာထင်ထားတာလဲ'

'လျှို့ဝှက်ကူညီတဲ့ မိတ်ဆွေအကြောင်းပါ....၊ အဲဒီလူဟာ ဘယ်သူဖြစ်မယ်လို့ ညီလေးထင်သလဲ'

'ကျွန်တော် စိတ်ထဲမှာ အဲ့ဒီကူညီတဲ့လူဟာ ချူရင်လို့ထင်တယ်၊ သူမို့ မိန်းကလေးတွေကို သွေးကြောပိတ်ယုံ ပိတ်တာပေါ့'

'ဒီနေရာမှာ ညီလေးနဲ့အစ်ကိုကြီး အတွေးခြင်းတူနေပြီ၊ အစ်ကိုကြီးလဲ အဲသလိုပဲထင်တယ်၊ တိုက်ပြီးတော့ ချူရင်ရောက်မလာပဲ ချူရဲ့ရောက်လာတာတွေတော့ ပိုပြီးသေချာသွားတယ်၊ ချူချင် အစ်ကိုတို့ကို အခုလိုကူညီတာဟာ သူ့အတွက် သိပ်အန္တရာယ်များဘယ်၊ တကယ်လို့များ သူကူညီ

ကာကို သွေးဂိုဏ်းကရိပ်မိသွားရင် သူဘင်မ ကာဘူး၊ ဒေဝီဂိုဏ်း တစ်ခုလုံး ဒုက္ခရောက်သွားမှာ သေချာတယ်'

ရှောင်ပင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

'သူက ဒါလောက်မအုပ်ပါဘူး။ သူ့အန္တရာယ်ကိုသူသိမှာ ပါ၊ နောက်တစ်ခါကူညီရင်တော့ သူ့ကို သတိပေးရမယ်'

ရှောင်ပင်းက စိုးရိမ်မကင်းဟန်ဖြင့်ပြော၍၊ ထင်းလုံသည် ရှောင်ပင်း၏မျက်နှာကို စေ့စေ့ကြည့်သည်၊ ပြီး သူ့ဘေး တွင်ထိုင်နေသော ယုန်ကလေးအား ကြည့်လိုက်သည်၊ ယုန် ကလေးက ထင်းလုံ၏အကြည့်ကို သဘောပေါက်ဟန် အသာ အယာ ပြုံးပြ၏၊

'ညီမ ဘယ်လိုထင်သလဲ'

'ထင်စရာမလိုပါဘူး အစ်ကို၊ သိသာနေတာပဲ'

'အစ်ကိုနဲ့ညီမ အတွေးခြင်းတူသွားပြီ'

ထင်းလုံနှင့် ယုန်ကလေးတို့ အဖြစ်အမှန်စကားပြောရင်း ရယ်လိုက်ကြ၏၊ ရှောင်ပင်းမှာ ထင်းလုံတို့အားနားမလည်ဟန် ဖြင့် ကြည့်သည်။

'အစ်ကိုကြီးတို့ ဘာကိုအဓော့ကျလို့ ရယ်နေတာလဲ'

ငြိမ်နေသော ဆီယူဟန်က ချောင်းတစ်ချက်ဟန့်လိုက် သည်။

'သူတို့ ဘာဖြစ်လို့ရယ်သလဲဆိုတာ မင်း တကယ်ပဲမသိဘူး လား'

ရှောင်ပင်းက ဆီယူဟန်အားခေါင်းခါပြ၏၊ ဆီယူဟန် ပြုံးလိုက်ပြီး....



'ချူရင်က အခုပိုကူညီတာ မင်းကို သံယောဇဉ်ရှိလို့ဆိုပြီး ပြောနေကြတာ'

'ဟာ....မဟုတ်တာပဲ'

'မင်းကလဲ ချူရင်ကို သံယောဇဉ်ရှိပြီး စိတ်ပူနေတယ်.... မဟုတ်လား'

'ဟို....ဟို....ကျွန်တော်....'

ရှက်ကိုးရှက်ကန်းဖြစ်သွားသော ရှောင်ပင်းအား ကြည့် ပြီး ထင်းလုံတို့တတွေရယ်လိုက်ကြ၏၊ ယုန်ကလေးက အရယ် ရပ်လိုက်ပြီးနောက်....

'ချူရင်က မိန်းမချောင်းတောင်ငေးကြည့် ရအောင် လှတာ၊ ရှင် စိတ်ကူးမလွဲနဲ့နော်'

ရှက်ရိပ်မပြေသေးသော ရှောင်ပင်း သက်ပြင်းတစ်ချက်ချ လိုက်၏။

'သူက ကျွန်တော်တို့ရဲ့ရန်သူပါ၊ သူ့အပေါ် သံယောဇဉ် ပိုမိရင် ကျွန်တော်မှားသွားမှာပေါ့'

'ရန်သူကို ကိုယ်ကသံယောဇဉ်ထား၊ ရန်သူကလဲ ကိုယ့်ကို သံယောဇဉ်ထားပြီး အရင်းနှီးဆုံးမိတ်ဆွေတွေ ဖြစ်သွားနိုင် တာပဲ'

ရှောင်ပင်းခေါင်းခါ၏၊ သူ၏မျက်နှာတွင် လေးနက်တည် ကြည်ဟန်များပေါ်လာပြီး....

'အခုဒီခြေအနေမျိုးမှာ ကျွန်တော့်စိတ်ကို ကျွန်တော်နိုင် အောင်ထိန်းရမယ်၊ အဲဒါကလွဲပြီး ကျွန်တော် ဘာမှမစဉ်း စားပါဘူးဗျာ'

လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည့် ရှောင်ပင်း၏ စကားကြောင့် ထင်းလုံးတို့မှာ ဆက်ပြီး နောက်ပြောင်ခြင်း မပြုကြတော့ချေ၊ သူတို့နှုတ်ပိတ်သွားကြစဉ် ရှောင်ပင်းသည် မြင်းလှည်းပြတင်းမှတစ်ဆင့် အမိုးပေါ်သို့ တက်သွား၏၊ ထိုအချိန်မှာပင် မြင်းလှည်းရပ်တန့်သွားသည်။



မြင်းလှည်းရပ်လျှင်ရပ်ခြင်း ထင်းလုံးတို့က မြင်းလှည်းပေါ်ဆင်းကြ၏၊ သူတို့ မြေပြင်ပေါ်ခြေချမိစဉ် ပတ်ပတ်လည်တွင် ဝိုင်းရံထားသော ဒေဝီဂိုဏ်းမှ မိန်းကလေးများကိုတွေ့ရလေသည်။

'ဟား....ဟား ဒါ ဒုတိယအတားအဆီးနဲ့တူတယ်'

'ဟုတ်တယ်....ဒါနောက်ဆုံးအတားအဆီးပဲ'

သစ်ပင်တစ်ပင်အောက်မှ ချိုလွင်စွာပြောလိုက်သံ ပေါ်ထွက်လာသည်၊ အသံပေါ်ထွက်လာရာ သစ်ပင်အောက်တွင် အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်ရပ်နေသည်ကို တွေ့ရ၏။ ထိုမိန်းကလေးမှာလည်း ချူရှင်နှင့်ရုပ်ချင်းဆင်တူနေသဖြင့် ဒေဝီသုံးဖော်အနက် အကြီးဆုံးဖြစ်သူ ချူပုန်ဖြစ်ရမည်ဟု ခန့်မှန်းမိကြ၏။

'မင်းတို့က ဒီအတားအဆီးပြီးတဲ့နောက် ထပ်ပြီးမတားတော့ဘူးပေါ့ ဟုတ်လား'

ထင်းလုံး၏စကားအဆုံး၌ ချူပုန်ကရယ်လိုက်၏။

'ရှင်တို့ ဒီအတားအဆီးကို ကျော်နိုင်မှာမဟုတ်လို့ နောက်ဆုံး တားအဆီးလို့ ပြောနေတာပါ....ရှင်တို့အချိန်ရှိတုန်း နောက်ကြောင်းပြန်လှည့်မယ်ဆိုရင် ကျွန်မတို့ ရန်မပြုဘဲနေလိုက်မယ်'

'ငါတို့က နောက်မကြောင်းပြန်လှည့်တတ်တဲ့လူတွေ မဟုတ်ဘူး၊ မင်းတို့တိုက်မယ်ဆိုရင် တိုက်ကြတော့'

ချူပုန်က သစ်ပင်အောက်မှနေ၍ အပြင်သို့ထွက်လာ၏၊ သူ့လက်ထဲတွင် ကြယ်ပုံပါသော နှင်တံတစ်ခုကိုင်ထား၏၊ သူက ထင်းလုံးတို့အားလှမ်းကြည့်လိုက်ပြီး နှင်တံကိုဝှေ့ယမ်းလိုက်၏။

ထင်းလုံးတို့အား စိုင်းရံထားသည့် မိန်းကလေးများသည် အရှည်တစ်တောင်ခန့်ရှိ သံပြောင်းများကို ထုတ်လိုက်၏၊ ပြီး တို့သံပြောင်းများကို ညင်သာစွာဝှေ့ယမ်းသည်၊ သံပြောင်းမှ လေတိုးသံတရှဲရှဲ ပေါ်လာပြီး တစ်ခဏအကြာတွင် ပတ်ဝန်းကျင်တစ်ခုလုံး အဖြူရောင်အခိုးအငွေ့တွေ ဖုံးလွှမ်းသွားသည်။

'နောက်ကြောင်း ပြန်မလှည့်တဲ့အတွက် ရှင်တို့အားလုံး နောင်တရကြလိမ့်မယ်....အခုအချိန်ကျမှ နောက်ဆုတ်မယ်ဆိုရင်တော့ မမီတော့ဘူး သိပ်နောက်ကျသွားပြီ'

ချူပုန်က စကားပြောရင်းရယ်လိုက်သည်၊ သူ့ရယ်သံသည် တောတန်းတစ်ခုလုံးသို့ ပျံ့လွင့်သွား၏။

အဖြူရောင်အခိုးအငွေ့များကြားတွင် လှုပ်ရှားသံများကို ကြားရ၏၊ အိုးခနဲ အင့်ခနဲမြည်သွားသံ၊ ညည်းညူသံတို့ပေါ်



လာ၏၊ တခဏအကြာ၌ ထိုအခိုးအငွေ့များ တဖြည်းဖြည်း ကျဲပါးသွားကာ ပတ်ဝန်းကျင်ကို မြင်သာထင်သာ ရှိလာသည်။

အခိုးအငွေ့စဲသွားသည့်အခါ မြေပြင်ပေါ်တွင် မားမား မတ်မတ်ရပ်နေသော ထင်းလုံးတို့ကိုတွေ့ရ၏၊ အစိမ်းရောင်ဝတ် ဒေဝီဂိုဏ်းသူတို့မှာ မြေပြင်ပေါ်တွင် လဲကျနေကြ၏၊ ဟန်မပျက်ရပ်နေသူဆို၍ ချူပုန်တစ်ယောက်တည်းသာ ရှိလေသည်။

'မင်းရဲ့မိန်းကလေးတွေ တိုက်ကွက် မဆင်နိုင်တော့ဘူး ချူပုန်၊ ဒီတစ်ကြိမ်လဲ မင်းရှုံးနိမ့်သွားပြီ'

ချူပုန်သည် အရောင်တဖျပ်ဖျပ်လက်နေသော မျက်လုံးအစုံဖြင့် ထင်းလုံးကိုကြည့်၏။

'ဟုတ်တယ် ကျွန်မရှုံးသွားပြီ'

'မင်းရှုံးသွားတဲ့အတွက် ကျုပ်တို့ သွားကြတော့မယ်.... မကျေနပ်လို့ ဆက်ပြီးတားချင်ရဲတားပါ'

ချူပုန်ထံမှ တုန့်ပြန်သံပေါ်မလာ။

ထင်းလုံးသည် ရှောင်ပင်းတို့အား မျက်ရိပ်ပြပြီး မြင်းလှည်းပေါ်သို့တက်၏၊ ကျန်လူတွေအားလုံး ထင်းလုံးနှင့်အတူ မြင်းလှည်းပေါ်သို့လိုက်တက်၏၊ မြင်းလှည်းသမားက လှည်းပေါ် လူစုံရောက်သည်နှင့် လှည်းကိုမောင်းထွက်သည်။

ချူပုန်သည် ကျောက်ရုပ်တစ်ရုပ်ပမာ နေရာဘွင်ရပ်ပြီး ထင်းလုံတို့မြင်းလှည်းကိုကြည့်၏၊ မြင်းလှည်းကတဖြည်းဖြည်း သူနှင့်ဝေးခဲ့၏၊ ထင်းလုံက တဖြည်းဖြည်း ဝေးဝေးကျန်ရစ်ခဲ့သော ချူပုန်ကိုကြည့်ပြီး သက်ပြင်းချလိုက်သည်၊

'ဒေဝီသုံးဖော်ထဲမှာ သူက ကြောက်စရာအကောင်းဆုံးတဲ့...'

'ဟုတ်တယ်....သူသုံးလိုက်တဲ့ အဆိပ်ငွေ့က သိပ်ပြင်းထန်တယ်....မြေဆေး ကြိုပြီးသောက်မထားရင် အစ်ကိုတို့ အတုံးအရုံးဖြစ်ဟုန်ပြီ'

'ဒီတစ်ခါကျတော့ လျှို့ဝှက်မိတ်ဆွေက ဝင်ပြီးမကူညီပါလား....အဆိပ်ငွေ့ဖုံးနေတုန်းမှာ အစ်ကိုတို့ဘာသာ အစ်ကိုတို့ပဲရန်သူကို သေးကြောဝင်ပိတ်ရတယ်'

ထင်းလုံနှင့်အတူ အနေကက်တက်သို့ကြည့်နေ သော ဆံယူဟန်က ဝင်ပြောသည်၊ ထင်းလုံကပြုံးပြုံး....

'အစ်ကိုကြီးမသိလိုက်လို့ပါ၊ အဆိပ်ငွေ့ဖုံးနေတဲ့ကြားက မိန်းကလေးတွေကို သွေးကြောဝင်ပိတ်တဲ့အထဲမှာ ကျွန်တော်တို့မိတ်ဆွေပါတယ်၊ သူဟာ ကျွန်တော်တို့အားလုံးထက်သိုင်းပညာထက်မြက်တာ သေချာတယ်၊ မိန်းကလေးထက်ဝက်ကျော်လောက်ဟာ သူ့လက်ချက်နဲ့ လဲကျသွားကြတာ'

'ညီလေး....အမြင်သိပ်စူးရှတာကိုအစ်ကိုဒါကိုသတိမထားမိဘူး၊ အဲဒီမိတ်ဆွေရဲ့ပုံသဏ္ဌာန်ကိုရော ညီလေးတွေ့လိုက်ရဲ့လား'

ထင်းလုံက ခေါင်းခါပြသည်။



'သေသေချာချာကွဲကွဲပြားပြား မမြင်ရဘူး၊ လူရိပ်တွေ့တယ်၊ လူရိပ်ဆိုတော့ အစ်ကိုကြီးလဲဖြစ်နိုင်တယ်၊ ချောင်ပင်းလဲဖြစ်နိုင်တယ်'

'အစ်ကိုတော့ ဒီမိတ်ဆွေကို ကျေးဇူးတင်သထက်တင်လာပြီ...သူက အရေးကြုံရင် ရောက်လာပြီး ကူညီတာ၊ တန်ဖိုးမဖြတ်နိုင်ဘူး၊ ရှေ့ဆက်အခုလိုပဲ ကူညီဦးမလားဆိုတာ စောင့်ကြည့်ကြတာပေါ့'

သူတို့စကားပြောနေစဉ် မြင်းလှည်းမှာ မှန်မှန်ကြီး ခရီးနှင်နေ၏၊ တဖြည်းဖြည်းနှင့် သူတို့တစေ့ခရီးရောက်သည်ထက်ရောက်လာလေသည်။

* *

အခန်း (၁၆)

## သူ့လူလား ကိုယ့်လူလား

ထင်းလုံတို့ နောက်ဆုံးတိုက်ပွဲ ဆင်နွှဲခဲ့မည့် တောအုပ် အတွင်းမှ ဒေဝီဂိုဏ်းဝင်များအား ချူဖုန်သွေးကြောပြန်ဖွင့် ပေးသည်၊ ပြီး သူ့လက်အောက် ဂိုဏ်းဝင်များကို ခေါ်ပြီး တောအုပ်ကိုဖြတ်ကျော်သည်။

တောအုပ်၏တစ်ဘက်တွင် အဆောက်အဦးပျက်ကြီးတစ်ခုရှိသည်၊ ဒေဝီဂိုဏ်းဝင်များသည် ထိုအဆောက်အဦးပျက် အတွင်းသို့ တစ်ယောက်ပြီး တစ်ယောက် ဝင်သွားကြကာ ချူဖုန်က အားလုံး၏နောက်မှလိုက်ဝင်သည်။



အဆောက်အဦးပျက်အတွင်းပိုင်းသည် ပြုပြင်ထားသဖြင့် ကန့်ရှင်းသပ်ရပ်နေသည်၊ အခန်းကကျယ်ကျယ်ဝန်းဝန်း ရှိပြီး အခန်းထဲ၌ချူရှင်နှင့် ချူပင်တို့ရှိနေကြ၏။ သူတို့က ညိုးငယ်သောမျက်နှာနှင့် အခန်းထဲသို့ ဝင်လာသောမိန်းကလေးများ အားကြည့်၏၊ မိန်းကလေးများနောက်မှ လိုက်လာသော ချူဖုန်ကိုတွေ့ရသည့်အခါ နှစ်ယောက်စလုံးရပ်လိုက်ကြသည်။

'အစ်မကြီး အရေးနိမ့်ခဲ့ပြီလား'

ချူဖုန်ခေါင်းညိတ်ပြသည်။

'ငါတို့အစွမ်းကုန်တားဆီးခဲ့တယ်၊ ဒါပေမယ့် သူတို့ရဲ့သိုင်း ပညာက သိပ်ထက်မြက်တော့ တားလို့မရဘူး၊ အခုဆိုရင် သူတို့ဟာ ငါတို့နယ်မြေအပြင်ကို ရောက်သွားပြီ ငါတို့အနေနဲ့ ဘာမှဆက်လုပ်စရာမလိုတော့ဘူး'

'တာဝန်မကျေတဲ့အတွက် အစ်မကြီးဘယ်လိုလုပ်ရင်းမလဲ'

'ငါပြောပြီးပြီပဲ သိုင်းပညာအဆင့်ချင်းမတူဘူး၊ နောက် ထပ်ဆယ်ကြိမ်တား ဆယ်ကြိမ်ရှုံးမှာပဲ၊ သူတို့က အဆိပ်ငွေ့ ကိုတောင်မကြောက်တာ ဘာလုပ်လို့ရမှာလဲ၊ ယောကျ်ားပီပီ သသနဲ့ ငါတို့မိန်းကလေးတွေကို သတ်မသွားဘဲသွေးကြော ပိတ်သွားတဲ့အတွက် ကျေးဇူးတောင်တင်ရဦးမယ်'

ချူဖုန်၏စကားကိုကြားသည်တွင် ဘာမှဝင်မပြောဘဲထိုင် နေသော ချူရှင်ခေါင်းညိတ်လိုက်ပြီး....

'အဲဒါတော့ ညီမလဲသဘောကျတယ်၊ သူတို့ဟာရက်စက် တဲ့လူတွေမဟုတ်ဘူး၊ သိုင်းသမားခေါင်းပီသတဲ့ လူတွေဆိုတာ ထင်ရှားပါတယ်၊ ညီမတို့ရှုံးနိမ့်ခဲ့ပေမယ့် အခုလိုရှုံးနိမ့်တဲ့

အတွက် ဝမ်းမနဲပါဘူး၊ ရန်ကုန်ကထဲမှာ အခုလိုအဖိုးတန်တဲ့ရန်သူတွေရှိသေးတယ်လို့သိရတာ ရှုံးရကျိုးနပ်ပါတယ်'

ချူရင်အားကြည့်ရင်း ချူဖုန်နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

'နင်က တော်တော်မိုက်တွင်းနက်တဲ့မိန်းကလေးပါလား၊ ဒီစကားမျိုးပြောရင်အန္တရာယ်ရှိတယ်ဆိုတာ နင်မသိဘူးလား'

ချူရင်မျက်နှာပျက်သွားသည်။

'သိပါတယ်မမ....ဒါပေမယ့်အခုကိစ္စမျိုးမှာ မချိုးကျိုးဘဲမနေနိုင်လို့ပြောလိုက်မိတာပါ'

'နောက်ကို ဒါမျိုးမပြောမိစေနဲ့ စကားပြောတဲ့အခါသတိထားပါ အန္တရာယ်ဆိုတာ နေရာတကာမှာရှိတယ် ညီမလေးရဲ့'

ချူရင်ခေါင်းငုံ့လိုက်၏၊ သူ၏မျက်လုံးအစုံတွင်ချက်ချင်းပင် မျက်ရည်များ ရစ်ဝိုင်းလာသည်၊ ချူဖုန်က ညီမလေးအကြောင်းသိသွားပုံပေါ်၊ အနားသို့ကပ်သွားပြီး....

'ညီမလေး'

ချူရင်က မော်မကြည့်၊ သူ့ပခုံးလေးတစ်ချက် လှုပ်သွားသည်၊ ချူဖုန်သည် ညီမဖြစ်သူ၏ ပခုံးကိုညင်သာစွာ ဆုပ်ကိုင်လိုက်ပြီ....

'ညီမလေးကို မမက ဆူတာမဟုတ်ပါဘူး သတိပေးတာပါ၊ ညီမလေးမှာ အန္တရာယ်ရှိလာရင် မမတို့နေလို့ရမယ်ထင်သလား'

'မဟုတ်ပါဘူး ညီမက အခုလိုဖြစ်တာကို စိတ်မကောင်းလို့ပါ'



ဘေးတွင်ရပ်နေသော ချူရဲက တစ်ချက်ရယ်လိုက်၏။

'သူနဲ့ ဘက်တဖက်စီဖြစ်နေတာကို စိတ်မကောင်းဖြစ်တာလား ညီမ'

ချူရင် ဆတ်ခနဲဖြစ်သွား၏၊ သူကချူရဲအား မျက်လုံးအဝိုင်းသားနှင့်ကြည့်သည်။

'မမလေး ဘာကိုပြောတာလဲ'

'မမပြောတာကို ညီမသိပါတယ်၊ ဘာဖြစ်လို့ဟန်ဆောင်နေရတာလဲ'

ချူရင်၏မျက်နှာတွင် ရှက်သွေးရိပ်များထင်သွားသည်၊ သူ၏ပါးပြင်ဖက်ရဲရဲနီသွား၏၊

'ညီမ....ညီမ'

'ခစ် ခစ်....ညီမလေးက ရှက်နေပြန်ပြီ...မမကြီး အားလုံးမသိပေမယ့် မမကတော့ ညီမဘာလုပ်သလဲဆိုတာ သိတယ်'

'ဟင်....ညီမဘာလုပ်လို့လဲ'

'ကိုယ့်ဂိုဏ်းဝင်တွေကို ကိုယ့်ဘာသာကိုယ်သွေးကြောပိတ်လိုက်တာလေ'

'ရှင်....'

ချူရင်အံ့အားသင့်မဆုံးရှိနေ၏၊ ချူရဲကပြုံးပြီး....

'ပထမတစ်ခါ မမဦးဆောင်ပြီးတားတုန်းက ညီမ သူတို့ကို တိတ်တိတ်လေးကူပြီး ဒေဝီဂိုဏ်းဝင်တွေကို သွေးကြော

ပိတ်လိုက်တယ်၊ ခု မမကြီးကတားတော့လဲ ညီမဝင်လုပ်ပြန်တယ်'

ချူရဲ၏စကားကိုအကြားတွင် ချူဖုန် မျက်နှာထား တည်သွားသည်။

'ဒါအမှန်ပဲလား ညီမလေး'

ချူဖုန်၏အသံက မာကြောစွာပေါ်လာ၏၊ ချူရင်အဖြေမပေး၊ မျက်နှာချထားပြီး ခေါင်းခါသည်၊ ချူဖုန်က သက်ပြင်းချလိုက်ပြီး....

'ညီမလေး သိပ်မိုက်တယ်၊ နောက်တစ်ခါ အားလုံးဒုက္ခရောက်အောင်မလုပ်ပါနဲ့'

'ညီ...ညီမ မလုပ်ပါဘူး'

'ညီမလေး မမပြောမယ် သေသေချာချာ နားထောင်နော်...မမတို့ဟာ ဒေဝီဂိုဏ်းဝင်တွေ အခြေအနေအရ မမတို့မှာ မဟာမိတ်အဖွဲ့ရဲ့အမိန့်ကို နာခံနေရတယ်၊ ဒါဟာဖြစ်လို့လဲ ဂိုဏ်းဝင်တွေအားလုံးဒုက္ခမဖြစ်စေချင်လို့ပေါ့၊ ညီမကလူတစ်ယောက်အတွက်နဲ့ မင်းရဲ့လက်အောက် မိန်းကလေးတွေအားလုံးကို သတ်ပစ်မလို့လား'

ချူရင် နားနှစ်ဖက်ကို လက်ဖြင့်ပိတ်လိုက်သည်။

'အို....မဟုတ်ဘူး မဟုတ်ဘူး'

'ရှေ့ဆက်ပြီး အခုလို မဟုတ်ဘူးဆိုတာ မှန်ကို ကတိပေးပါညီမ'

'ညီမ... ညီမ'

'ညီမ ကတိပေးတယ်မဟုတ်လား'



ချူရင် ခေါင်းညိတ်လိုက်သည်၊ ချူဖုန်က သူ့ညီမ၏ပခုံးကို ဖျစ်ညှစ်လိုက်ပြီး၊ ပြီး ချူရဲ့ဘက်သို့လှည့်ပြီး....

'ညီမလတ် အခုလို လျှို့ဝှက်ချက်တွေကိုမမတို့သုံးယောက်တည်းရှိမှပြောပါ၊ နားပေါင်းတစ်ထောင်က မမတို့အနားမှာရှိနေလော့ စကားတစ်ခွန်းနဲ့ ညီမလေး ဒုက္ခရောက်သွားနိုင်တယ်'

ချူရဲ့ မျက်နှာပျက်သွားပြီး ခေါင်းညိတ်ပြသည်၊ ချူဖုန်က ညီမနှစ်ယောက်ကိုခေါ်ပြီး ဂိုဏ်းဝင်များရှေ့ရှိ ထိုင်ခုံတွင် ဝင်ထိုင်သည်၊ ထိုအချိန်မှာပင် အပြင်ဘက်မှ လူရိပ်တစ်ရိပ် ပြေးဝင်လာသည်ကို တွေ့လိုက်ရ၏။

* * *

လူရှိမှာ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်၊ အရပ်အမောင်းကောင်းပြီး မျက်နှာတစ်ပြင်လုံးမှာကြည့်မကောင်းအောင် အဖုတွေသီးနေ၏။

ချူဖုန်တို့သည် ထိုသူဝင်လာသည်နှင့် နေရာမှထရပ်လိုက်ကြသည်၊ ပြီး ထိုသူထိုင်သာအောင် သူတို့ထိုင်နေသည့်နေရာမှ ရှေ့ဖယ်ပေးသည်။

'ဒေဝီသုံးဖော် ရှုံးသွားပြီမဟုတ်လား'

ဝတ်စုံနက်က ကွဲရှရှနိုင်သောအသံဖြင့်မေးသည်၊ ချူဖုန်မျက်နှာပျက်သွားပြီး....

'သူတို့ရဲ့ သိုင်းပညာက အဆင့်မြင့်လွန်းတယ်၊ အဆင်ပြေ သုံးတာတောင်မရဘူး လက်ျာရံကြီး'

'သေးဂိုဏ်းချုပ်က ဆင်ခြေကိုမကြိုက်ဘူး၊ ရှုံးတာကိုလဲ မကြိုက်ဘူး ပိုဆိုးတာက လက်ဝဲရံပါ ဒဏ်ရာရသွားတာပဲ'

ချူဖုန် ခေါင်းငုံ့ချလိုက်သည်။

'ကျွန်မ ဆင်ခြေပေးတာမဟုတ်ပါဘူး၊ လက်ဝဲရံတောင် ဘာမှမတတ်နိုင်တာ ကျွန်မတို့လဲ အစွမ်းကုန်ကြိုးစားရင်း ရှုံးသွားကြတာပဲ'

'ကျင်သိပါတယ် ကျုပ်က မင်းတို့ကို အပြစ်တင်နေတာ မဟုတ်ဘူး၊ သတိပေးနေတာ ဒီလူတွေ ဘယ်လောက်စွမ်းရှမ်း ရှေ့မှာတွေ့ရမယ့် အတားအဆီးကို ကျော်လွှားနိုင်မှာ မဟုတ်ပါဘူး၊ ကျုပ်က မင်းတို့ကို သေးဂိုဏ်းချုပ်အပြစ်မြင်မှာ စိုးရိမ်လို့ သတိပေးဖို့ရောက်လာတာ'



'ဟုတ်...ဟုတ်ကဲ့ အစ်ကိုကြီးရဲ့ စေတနာကို ကျွန်မသိ သိပါတယ်'

ချူဖုန်သည် လက်ျာရံအား မနှစ်မြို့သော်လည်း အလိုက်သင့်ပြောလိုက်ရ၏၊ လက်ျာရံက ရယ်မောလိုက်ပြီး....

'အစ်ကိုကြီးက မင်းတို့ကို စေတနာထားတယ်ဆိုတာ မင်းတို့ မယုံချင်ကြဘူးထင်တယ်'

'ယုံပါတယ်အစ်ကိုကြီး'

'အခု ကိစ္စနဲ့ပတ်သက်ပြီး ငါဂိုဏ်းချုပ်ကြီးကို အဆင်ပြေသလို ပြောလိုက်ပါမယ်၊ မင်းတို့သစ္စာရှိရှိနဲ့ နေကြပါ၊ သေးဂိုဏ်းဟာ မကြာခင် တစ်ပြည်လုံးကို လွှမ်းမိုးတော့မှာ အဲဒီအချိန်ကျရင် ရေမြင့်ရင် ကြာတင့်သလို မင်းတို့ညီအစ်မတွေလဲ ကောင်းစားမှာပေါ့၊ ငါက မင်းတို့ကောင်းစားမဲ့အရေးကို အမြဲတွေးပါတယ်'

ချူရင်နှင့် ချူရဲ့တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်၊ ချူဖုန်က ရယ်လျက်....

'အစ်ကိုကြီးကိုပဲ ညီမတို့ အားကိုးနေတာ၊ ဂိုဏ်းချုပ်ကြီး စိတ်မဆိုးအောင် ပြောပေးပါနော်'

'စိတ်ချပါ မင်းတို့ ဘာအန္တရာယ်မှမရှိအောင် ငါကာကွယ်ပါ့မယ်၊ မင်းတို့ ငါ့ခင်တွယ်သလို ခင်တွယ်ကြဖို့ပဲလိုတယ်'

'ညီမတို့ကလဲ ခင်တွယ်ပါတယ်ရှင်'

လကျ်ာရဲ့၏မျက်နှာတစ်ပြင်လုံး အပြုံးတွေဝေသွားသည်၊ သူက ချုဖုန်အနားသို့ကပ်ပြီး တစ်စုံတစ်ရာ ပြောမည်ပြုသည်၊ ထိုအချိန်မှာပင် သူ့တစ်ကိုယ်လုံး တွန့်သွားပြီး....

'အား....'

လကျ်ာရဲ့၏နှုတ်မှ အော်ဟစ်လိုက်သံ ကျယ်လောင်စွာပေါ်လာလေသည်။

တက္ကသိုလ်ဝင်းကြွယ်

ပထမပိုင်းပြီး၏

( ဒုတိယပိုင်းကို ဆက်လက်ဖတ်ရှုပါရန် )

# တက္ကသိုလ်ဝင်းကြွယ်

သိုင်းသိုင်းချင်း

ဒုတိယပိုင်း

( နှစ်အုပ်တွဲ ပေါင်းချုပ်ထားသည် )